# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာ ဆီမိုင်းသရီဖိတပ် ၎င်း၏သံအမတ် ခန့်အပ်လွှာ ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စစ် ဆူဖတ်သရာ ဆီမိုင်းသရီဖိတပ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညွှဲ့ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

### ထူးခြားသည့် နေ့အပူချိန်များ

၁၀-၅-၂၀၁၉

| | |
|---|---|
| ဘော်လခဲမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | |
|---|---|---|
| ပင်လည်ဘူးမြို့ | ၀ ဒသမ ၉၄ | လက်မ |
| မိုးကောင်းမြို့ | ၀ ဒသမ ၈၇ | လက်မ |
| မင်းကင်းမြို့ | ၀ ဒသမ ၇၁ | လက်မ |
| ရမ်ကလောင်း | ၀ ဒသမ ၆၇ | လက်မ |
| တမူးမြို့ | ၀ ဒသမ ၄၇ | လက်မ |
| မတူပီမြို့ | ၀ ဒသမ ၄၃ | လက်မ |




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံ မြန်မာနိုင်ငံ ပန်းချီ ပန်းပုအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးတင်နွယ် (ဆြာနွယ်) က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကားကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး (ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ မိတ်ဆုံညစာစားပွဲ ကျင်းပ

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို) တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ မိတ်ဆုံညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

မိတ်ဆုံညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မိတ်ဆုံညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့သည် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒




မြန်မာ့အလင်း

# ပြည်သူ့ဝန်ဆောင်မှုနှင့် အဂတိ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူမှုသည် ထူးထူးခြားခြား ယခုရက်သတ္တတစ်ပတ်ခန့်အတွင်း နှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ မေ ၃ ရက်နေ့က အမှုဖွင့်လှစ်မှုတွင် နိုင်ငံ့ဝန်ထမ်းများအား နစ်နာစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှု ကျူးလွန်သည်ဟု မမှန်မကန် တိုင်ကြားသူနှင့် အားပေးကူညီခဲ့သူများကို အမှုဖွင့်ခဲ့ခြင်းဖြစ်ပြီး မေ ၁၀ ရက်နေ့ အမှုဖွင့်လှစ်မှုတွင်မူ ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငွေကျပ်သန်းပေါင်းများစွာကို အဂတိလိုက်စားမှု ကျူးလွန်သူ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ပုဂ္ဂိုလ်များအား အမှုဖွင့်လှစ်ခဲ့ခြင်းပင် ဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး ပြင်ဆင်ချက်အားဖြင့် လေးကြိမ် ပြင်ဆင်ခဲ့ပြီး ဖြစ်သည်။ ပြင်ဆင်ချက်များအရ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်က ကျယ်ပြန့်လာသည်။ လာဘ်ပေးလာဘ်ယူမှုတွင် ပေးသူကလည်း တာဝန်ရှိသည့်အလျောက် ပုဂ္ဂလိကအဖွဲ့အစည်းများသည်လည်း ကျင့်ဝတ်နှင့် ညီညွတ်စေရန် ထုတ်ပြန်လာနိုင်သည်။ ထို့ပြင် ကျော်စောသတင်းသည်လည်း အရေးယူနိုင်သည့်အခြေအနေသို့ ရောက်လာသည်။ ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်တာကာလအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားစာ ၉၆၈ စောင်ရောက်ပြီး နောက်တစ်နှစ် ၂၀၁၅ ခုနှစ်တွင် ၉၈၃ စောင်၊ ၂၀၁၆ ခုနှစ်တွင် စောင်ရေ ၇၁၀ နှင့် ၂၀၁၇ ခုနှစ်တွင် ၂၀၁၄ စောင်ရောက်ရှိခဲ့သည်။ ထူးထူးခြားခြား ၂၀၁၈ ခုနှစ်တွင် ၁၀၅၄၃ စောင်ရောက်ရှိခဲ့ရာ ယခင်နှစ်ထက် ငါးဆခန့်ပို၍ တိုင်ကြားခဲ့ကြခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံပြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေခြင်း ဖြစ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်များဖြစ်သော- လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဆိုသည့်အချက်များ အကောင်အထည်ဖော် ဖြစ်ထွန်းလာရေးအတွက် တာဝန်များကို ကျင့်ဝတ်များနှင့်အညီ ထမ်းဆောင်နေကြခြင်းဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ သတင်းပေးတိုင်ကြားကြရာတွင် ပုဂ္ဂိုလ်ရေးအကြောင်းအရာက အများဆုံးဖြစ်ပြီး လယ်ယာမြေကိစ္စများ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများ၊ တရားစီရင်ရေးကိစ္စများစသည်တို့က နောက်မှအစဉ်လိုက် ရပ်တည်နေကြသည်။ "အဂတိလိုက်စားမှုအခြေအနေများ လျော့ကျသင့်သလောက် လျော့ကျခြင်းမရှိသေးဘဲ ယခင်အတိုင်းပင် ရှိနေသည်ဟု အများစုက ရှုမြင်နေကြကြောင်း" ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်စာတွင် ပြည်သူများထံတင်ပြခဲ့ရာ ဆင်ခြင်သုံးသပ်ဖွယ်ရာပင်ဖြစ်သည်။ အထူးသဖြင့် အများပြည်သူနှင့် ဆက်စပ်ပတ်သက်နေသည့် လုပ်ငန်းဌာနများမှ အောက်ခြေအဆင့် တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်ကွပ်ကဲကြပ်မတ်ဖို့ လိုအပ်နေသည်ကို ပြဆိုနေခြင်း ဖြစ်သည်ဟု ယူဆမိသည်။

အများပြည်သူဝန်ဆောင်မှု ဆောင်ရွက်နေကြရသည့် ဌာနများတွင် ဝန်ထမ်းများ၏ ပြည်သူကိုအလေးမမူသော ပြုမူဆက်ဆံမှုများ၊ တာဝန်မကျေပွန်မှု၊ ကြန့်ကြာမှု၊ အချိန်ဆွဲမှုများ၊ လုပ်ထုံးလုပ်နည်းများကို အကြောင်းပြကာ ငွေညှစ်သကဲ့သို့ ပြုမူနေမှုများ ရှိနေသေးပါသလား ဆိုသည်ကို သက်ဆိုင်ရာဌာနအသီးသီးတို့မှ တာဝန်ရှိသူ အဆင့်ဆင့်တို့က ပြန်လည်စစ်ဆေးစေ့ငုကြဖို့ပင်ဖြစ်သည်။ အကျင့်ပျက်ဝန်ထမ်းအချို့၊ ရေသာခိုအချောင်လိုက်ကာ တာဝန်မကျေသည့် ဝန်ထမ်းဆိုး၊ ဝန်ထမ်းညစ်အချို့ကြောင့် အဂတိလိုက်စားမှုများ ရှိနေဆဲဖြစ်သည်ဟု အများပြည်သူက ရှုမြင်နေကြသည်ဟု ယူဆမိသည့်အလျောက် ပြည်သူနှင့် ထိတွေ့ဆက်ဆံနေရသည့်အဆင့်များတွင်လည်း ဝိုင်းဝန်းပြုပြင်ပြောင်းလဲတည့်မတ်ပေးနိုင်ကြပါစေကြောင်း။ ။

## အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်(မူကြမ်း)အပေါ် ကျွမ်းကျင်ပညာရှင်များမှ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၀**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း)အပေါ် ကျွမ်းကျင်ပညာရှင်များမှ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Shwe San Eain Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့်အတူ မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ UNODC မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း)အပေါ် အုပ်စုဖွဲ့ဆွေးနွေးစဉ်။

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စီမံကိန်းဌာနမှ ဌာနမှူး ရဲမှူးကြီး အုပ်စိုးထွန်းက အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း) ပြုစုထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ကျွမ်းကျင်ပညာရှင်များက အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း)အပေါ် ကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ကာ ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒလမြစ်ကူးကြိုးတံတား၏ ရန်ကုန်ဘက်ခြမ်းချဉ်းကပ်တံတားသုံးစင်းပိုင်တိုင်များအတွက် တိုင်းတာမှတ်သားပြုလုပ်မှုပြီးစီး

**ရန်ကုန် မေ ၁၀**

ဒလမြစ်ကူးကြိုးတံတား၏ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားသုံးစင်း ပိုင်တိုင်များအတွက် နေရာတိုင်းတာ အမှတ်အသားများ ပြုလုပ်ခြင်းကို ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းညစျေးတန်းတစ်လျှောက်တို့တွင် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြင်တွေ့ရသည်။



ဒလမြစ်ကူးကြိုးတံတား၏ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတား ပိုင်တိုင်များအတွက် နေရာတိုင်းတာ အမှတ်အသားများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

ယာဉ်ကြောနှစ်ကြောပါ တံတားအတက် ပင်မချဉ်းကပ်တံတားအတွက် ပိုင်တိုင်များကို ဘုန်းကြီးလမ်းတစ်လျှောက် ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအတွင်း လမ်းလယ်တွင် နေရာတိုင်းတာ အမှတ်အသားများ ရေးဆွဲနေသည်ကို မေ ၉ ရက်က မြင်တွေ့ရပြီး ညနေပိုင်းအချိန် ကမ်းနားလမ်း ညစျေးတန်းတစ်လျှောက် ဘုန်းကြီးလမ်းမှ ၂၁ လမ်းထိပ် ဝန်းကျင်အထိ ဒလတံတားပေါ်မှ အဆင်းယာဉ်ကြော တစ်ကြောပါ ချဉ်းကပ်တံတား ပိုင်တိုင်များကို တိုင်းတာအမှတ်အသား ပြုလုပ်ခဲ့သည်ဟု လမ်းမတော်မြို့နယ်မှ စည်ပင်ဝန်ထမ်းတစ်ဦးက ပြောသည်။

မေ ၁၀ ရက် နံနက်ပိုင်းတွင် ဒလတံတားအတက် ချဉ်းကပ်လမ်း ယာဉ်ကြော တစ်ကြောပါ တံတားအတွက် ပိုင်တိုင်တိုင်းတာ အမှတ်အသား ရေးဆွဲခြင်းကို ကမ်းနားလမ်း ညစျေးတန်း တစ်လျှောက် ဘုန်းကြီးလမ်းမှ ၆ လမ်းထိပ်ဝန်းကျင်အတွင်း မြင်တွေ့ရသည်။

တံတား၏ ပင်မချဉ်းကပ်လမ်းနှင့် လမ်းသွယ်နှစ်လမ်းတို့၏ တံတားပိုင်တိုင်အားလုံး ရန်ကုန်ဘက်ခြမ်းတွင် တိုင်းတာ အမှတ်အသားပြုလုပ်ခြင်း ပြီးစီးသွားရာ ချဉ်းကပ်လမ်းများ ပြုလုပ်ဆောင်ရွက်ခြင်းကိုလည်း မကြာမီမြင်တွေ့နိုင်မည်။ ချဉ်းကပ်လမ်းသုံးသွယ် တစ်လျှောက် လမ်းကြောင်းများသည် လက်ရှိ မြေအောက်ရေပိုက်လိုင်း မြစ်ရေထွက်ပေါက် မိလ္လာပိုက်လိုင်းများနှင့် လွတ်ကင်းခြင်း ရှိ၊ မရှိ သိနိုင်ရန်သက်ဆိုင်ရာ စည်ပင်တာဝန်ရှိသူများပါ လိုက်ပါသည်ကို မြင်တွေ့ရသည်။ ကမ်းနားလမ်း ညစျေးတန်းဆိုင် အချို့နေရာတွင်ပါ ချဉ်းကပ်လမ်း တံတားပိုင်တိုင်အချို့ကျရောက်နေသည်ကို မြင်တွေ့ရသည်။

ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းဘေးအပြင် ကမ်းနားလမ်းဟောင်း ညစျေးတန်းအစပ် လမ်းတားတုံး အဝါတန်းအပြင်အထိ အချို့ပိုင်တိုင်အမှတ်အသားပြုလုပ်ထားသည်ကို မြင်တွေ့ရသည်။ မော်တင်လူကူးခုံးကျော်တံတားမှာမူ ချဉ်းကပ်လမ်းတံတားအောက်တွင် ရှိနေသည့်အတွက် ထိခိုက်မှုမရှိဟု သိရသည်။

မလွတ်ကင်းသော ကမ်းနားလမ်း ညစျေးတန်းဆိုင်အချို့အနေဖြင့် ချဉ်းကပ်လမ်းတံတားပိုင်တိုင်များ တည်ဆောက်ချိန်တွင် နေရာပြောင်းရွှေ့ဖွင့်လှစ်လာရလိမ့်မည်ဟု စျေးသည်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၁၀**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့) တိုင်းမွန်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ် ပိုကို မေ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို မေ ၁၇ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

**ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များ ပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ လာအိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဟွန်းဆန် ကမ်ဒါလာဗွန်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



## သံအမတ် ခန့်အပ်လွှာပေးအပ်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟွန်းဆန် ကမ်ဒါလာဗွန် ၎င်း၏သံအမတ် ခန့်အပ်လွှာ ပေးအပ်စဉ်။**

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး ပန္နက်တင်အခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၁၀**

နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး ပန္နက်တင် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြောကြားရာတွင် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး၏ ပန္နက်တင်အခမ်းအနား ကျင်းပခြင်းအတွက် အမေရိကန်သံအမတ်ကြီး Mr. Scot Marcielအား ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ယင်းမှာ အမေရိကန်သံရုံး နေပြည်တော်သို့ ပြောင်းရွှေ့မည့် လုပ်ငန်းစဉ်၏ အဓိကကျသော ပထမခြေလှမ်းတစ်ခုအဖြစ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ ယခုကဲ့သို့ ဆက်ဆံရေးရုံးဖွင့်လှစ်မည့် အစီအစဉ်မှာ နေပြည်တော်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုသည့် အမေရိကန်သံရုံး၏ ဆန္ဒကို ဖော်ပြနေကြောင်း၊ နိုင်ငံ၏မြို့တော်တွင် ဆက်ဆံရေးရုံး ရှိနေခြင်းအားဖြင့် သံရုံးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အရေးများ ပိုမိုရရှိလာပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် အခွင့်အလမ်းကောင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမြို့တော်သို့ ၎င်းတို့၏ရုံးများကို ပြောင်းရွှေ့နိုင်ရေး အလားတူဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်တွင် ဖွင့်လှစ်မည့် အမေရိကန်သံရုံးဆက်ဆံရေးရုံး ပန္နက်တင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အမေရိကန်သံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် နေပြည်တော်သံတမန်ဇုန်ရှိ မြေကွက် ၈၈ ကွက်အနက် သံရုံးစုစုပေါင်း ၁၆ ရုံးမှ မြေကွက် ၂၉ ကွက် ရွေးချယ်အဆိုပြုထားပြီးဖြစ်ကြောင်း၊ သံရုံးနှစ်ရုံးမှ မြေကွက်များ ငှားရမ်းစာချုပ် ချုပ်ဆိုထားပြီး သံရုံးသုံးရုံးအနေဖြင့် နှစ်နိုင်ငံသံတမန်မြေလဲလှယ်ရေး စာချုပ်များ ချုပ်ဆိုခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်လျက်ရှိကြောင်း၊ နေပြည်တော်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအနေဖြင့် ၎င်းတို့၏ ဆက်ဆံရေးရုံးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလကတည်းက ဖွင့်လှစ်ထားခဲ့ကြောင်းနှင့် ကုလသမဂ္ဂအေဂျင်စီ အများအပြားပါဝင်သည့် ကုလသမဂ္ဂရုံးကိုလည်း ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ မိတ်ဆုံညစာစားပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) တို့၏ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ယခုကဲ့သို့ နေပြည်တော်တွင် စုဝေးရောက်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လာရောက်တွေ့ဆုံကြခြင်းသည် အဖွဲ့အစည်းအလိုက် နိုင်ငံနှင့် လူမျိုး၊ ရိုးရာဓလေ့ထုံးစံ အမွေအနှစ်များနှင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များအတွက် တစ်ဖက်တစ်လမ်းက အားကြိုးမာန်တက် သယ်ပိုးဆောင်ရွက်လျက်ရှိကြသည့်အတိုင်း ယခုထက် ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ဆန္ဒရှိနေကြသည်ကို တင်ပြရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ဆောင်ရွက်မှုများ၊ ရည်မှန်းချက်များနှင့် ဆက်စပ်ပြီး ထပ်မံသိရှိလိုသည်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ပြန်လည်ရှင်းလင်း ဖြေကြားပေးနိုင်ရန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်မှာကြား လိုသည်များကို ဆောင်ရွက်သွားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း တင်ပြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ မိတ်ဆုံညစာစားပွဲ ကျင်းပစဉ်။ သတင်းစဉ်

**လက်ဆောင်အဖြစ် ပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးတင်နွယ် (ဆြာနွယ်) က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကားကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မိတ်ဆုံညစာစားပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်း သုံးခုမှ ပုဂ္ဂိုလ်များနှင့် ပြက္ခဒိန်ရေးဆွဲ တွက်ချက်ခြင်း၊ ပန်းချီပန်းပုဆိုင်ရာ၊ သဘင်ဆိုင်ရာနှင့် ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး မိတ်ဆုံညစာကို အတူတကွ သုံးဆောင်သည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံမှ ယန်း သန်း ၃၂၀၀ ကျော် အကူအညီပေးမည့် စာချွန်လွှာနှစ်စောင် လက်မှတ်ရေးထိုး

**နေပြည်တော် ဧပြီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှစ်စောင် လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သက်ဆိုင်ရာ ဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး **Mr. Ichiro Maruyama** တို့ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းစီမံချက်အတွက် ဂျပန် ယန်း ၄၄၄ သန်းနှင့် လေယာဉ်စောင့်ကြပ်ကြည့်ရှုစနစ် မြှင့်တင်ခြင်း စီမံချက်အတွက် ဂျပန်ယန်း ၂၈၂၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများကို လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းစီမံချက်အတွက် ဂျပန် ယန်း ၄၄၄ သန်းနှင့် လေယာဉ်စောင့်ကြပ်ကြည့်ရှုစနစ် မြှင့်တင်ခြင်း စီမံချက်အတွက် ဂျပန်ယန်း ၂၈၂၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာများပါ အကူအညီပေးမည့် စီမံချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဩစတြီးယားနိုင်ငံအခြေစိုက် FOUR PAWS International မှ Country Director အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား ဩစတြီးယားနိုင်ငံအခြေစိုက် FOUR PAWS International ၏ Country Director , Ms. Marina Ivanova၊ Senior Project Manager, Mr. Mahdi Quatrameez တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဆင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ရဲနွယ်ကြိုးဝိုင်းတောအတွင်း နိုင်ငံတကာအဆင့်မီ ဆင်စခန်းတည်ထောင်နိုင်ရေး အဆောက်အအုံ ဆောက်လုပ်မည့် လုပ်ငန်းများနှင့် စတင် ဆောင်ရွက်ရန် အစီအမံများ၊ ရန်ကုန်မြို့ မင်းဓမ္မကုန်းမြေရှိ ရတနာဆင်ဖြူတော်ဉယျာဉ်အဆင့်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများ၊ အမိမဲ့ဆင်ငယ်လေးများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဩစတြီးယားနိုင်ငံအခြေစိုက် FOUR PAWS International ၏ Country Director, Ms. Marina Ivanova ၊ Senior Project Manager , Mr. Mahdi Quatrameez တို့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် ရောက်ရှိ



**သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Tilak Marapana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Tilak Marapana ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်နွေစပါးနှင့် နွေသီးနှံ စုစုပေါင်းဧက ၁၉၀၀၀၀ ကျော် ရေပေးဝေနိုင်ရန် ကြိုးပမ်းလျက်ရှိ

**မန္တလေး မေ ၁၀**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဆည်ရေသောက်စနစ်အလိုက် စိုက်ဧကများ လျာထားချက်ပြည့်မီပြီး အောင်မြင်ဖြစ်ထွန်းသည်အထိ အကျိုးရှိစွာ ရေပေးဝေနိုင်ရေးအတွက် ဆည်အခွန်ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၉ ရက်က မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဦးက မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ် နွေစပါးနှင့် နွေသီးနှံစုစုပေါင်း ၁၉၈၆၀၇ ဧက ရေပေးဝေနိုင်ရန် လျာထားကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းသို့ ရေပေးဝေရာတွင် အဓိက ဆောင်ရွက်ကြမည့် ဆည် အခွန်ဝန်ထမ်းများအနေဖြင့် ကျေးလက်နေ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အစဉ်နှလုံးသွင်းရန်နှင့် စိုက်ပျိုးရေပေးဝေမည့် လျာထားဧကများကို ရေလုံလုံလောက်လောက်ရရှိပြီး အကျိုးရှိစွာ အသုံးချစေနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ အကျိုးစီးပွားအတွက် ကျရာနေရာမှ တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။ **မောင်မွှေး**



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံမည်

**ရန်ကုန် မေ ၁၀**

ဆွေးနွေးပွဲများ စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) သည် မေ ၁၁ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ အလွတ်သဘော တွေ့ဆုံကြမည်ဖြစ်သည်။

အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် KNU အဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး ပါဝင်ပြီး ပဒိုစောလှထွန်း (တွဲဖက်အတွင်းရေးမှူး-၂)၊ ပဒိုစောဆဲဂေ (ဗဟိုအမြဲတမ်းကော်မတီဝင်)၊ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များဖြစ်သော စောတာမလာသောနှင့် စောတာမူလာတို့ ပါဝင်တက်ရောက်သွားကြမည်ဟု KNU ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလွတ်သဘော တွေ့ဆုံဆွေးနွေးရာတွင် အစိုးရကိုယ်စားလှယ်အဖြစ် NRPC ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့ ပါဝင်မည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေထံမှ သိရသည်။

ဦးလှမောင်ရွှေက "KNU က ဆွေးနွေးမယ့် ကိုယ်စားလှယ်စာရင်း မနေ့ညနေပိုင်းကမှ လက်ခံရရှိတယ်။ ကိုယ်စားလှယ်စာရင်း လက်ခံရရှိပြီးမှ ဆွေးနွေးဖို့အတွက် အစိုးရကိုယ်စားလှယ်ကို ကျွန်တော်တို့က ပြန်ပြီး စုဖွဲ့ဆွေးနွေးခဲ့တာရှိတယ်။ NRPC အဖွဲ့ဝင် လူကြီးတွေ အဓိကပါပါမယ်။ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနဲ့ အချို့ပုဂ္ဂိုလ်တွေ ပါမယ်။ NRPC အဖွဲ့ဝင်ထဲမှာ တပ်မတော်က ဒုတိယဗိုလ်ချုပ်ကြီး နှစ်ဦးလည်းပါတော့ သူတို့လည်း တက်မှာပါ"ဟု ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး(KNU) သည် ၂၀၁၈ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးအပြီးတွင် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးများကို တက်ရောက်ရန်အတွက် ယာယီရပ်ဆိုင်းခဲ့သည်။

မေ ၁၁ ရက်တွင် အစိုးရနှင့်တွေ့ဆုံမည့် အလွတ်သဘောဆွေးနွေးမှု၌ KNU အနေဖြင့် တရားဝင်ဆွေးနွေးပွဲများတွင် ပါဝင်ခြင်းကို ယာယီရပ်ဆိုင်းထားရသည့် အခြေခံအကြောင်းတရားများအပြင် ရှေ့ဆက်လုပ်ဆောင်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို မည်သည့်ပုံစံဖြင့် သွားလိုသည်ဆိုသည့် သဘောထားများအား ချပြဆွေးနွေးသွားမည်ကြောင်း Karen National Union Headquarters ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဦးလှမောင်ရွှေက "ကျွန်တော်တို့ နှစ်ဖက်စလုံးအနေနဲ့ကတော့ NCA လက်မှတ်ရေးထိုး ထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးတဲ့အထဲမှာလည်း NCA ပြဋ္ဌာန်းချက်တွေကို အောင်မြင်တဲ့အထိ ဆောင်ရွက်ဖို့ ကတိပြုထားတာရှိတယ်။ အဲဒီမှာ နိုင်ငံရေးဆွေးနွေးပွဲတွေကနေပြီးတော့ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) ရအောင် ဆောင်ရွက်ဖို့ပါတဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောထားပါမှပဲ စုစည်းလို့ရမယ်။ အဲဒီမှာ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွေ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) အစည်းအဝေးတွေ ပြဋ္ဌာန်းတာပါတယ်။ ပြီးရင် ကျွန်တော်တို့ နှစ်ဖက် ညှိနှိုင်းဆွေးနွေးပြီးတော့ မပြေလည်ဘူးဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး( JICM ) လိုမျိုး ပြဋ္ဌာန်းတာတွေ ပါတယ်။ အခုတော့ ကျွန်တော်တို့ ဒီအရှည်အတိုင်းဆက်ပြီး ဆောင်ရွက်နိုင်ဖို့ဆိုရင် တရားဝင်ဆွေးနွေးပွဲတွေ ဖြစ်ဖို့လိုတယ်။ ဒါကြောင့် လိုအပ်တဲ့ဆွေးနွေးမှုတွေကို မနက်ဖြန်မှာ ဆောင်ရွက်မှာပါ။ ကျွန်တော်တို့ဘက်က အဓိကကတော့ တရားဝင်ဆွေးနွေးပွဲတွေမှာ ပါဝင်ပြီးတော့ NCA ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံရေးသဘောတူညီချက်တွေရအောင် ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်ဖို့ပါပဲ"ဟု ပြောသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU)ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး ဦးဆောင်သော တွေ့ဆုံဆွေးနွေးရေးအဖွဲ့သည် လက်ရှိမြေပြင်တွင် ဖြစ်ပွားနေသည့် တပ်ပိုင်းဆိုင်ရာ အငြင်းပွားမှုများ၏ အခြေခံအကြောင်းတရားများကို အဖြေရှာ၍ တပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်ရေးကို ရည်ရွယ်ကာ တပ်မတော်ဘက်မှ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့နှင့် မေ ၁၂ ရက်တွင် တွေ့ဆုံသွားရန် အဆိုပြုထားကြောင်း သိရသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ရဲခေါင်ညွန့်**

# မြန်မာ့သင်္ကြန်ပွဲတော်၏ အနှစ်သာရများ

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

**မြန်မာ့ဆယ့်နှစ်လ ရာသီပွဲတော်များအနက် ပထမဦးဆုံးနှင့် ရက်ကာလအကြာမြင့်ဆုံးကျင်းပသည့် ပွဲတော်မှာ သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။ ‘တန်ခူးရေကုန်၊ ကဆုန်ရေခန်း’ ဟု ဆိုသည့်အတိုင်း ပူပြင်းခြောက်သွေ့သောကာလဖြစ်သည့် သင်္ကြန်ကာလတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာတတ်သည်။ ယင်းမိုးကို ဖက်ဆွတ်မိုး၊ သင်္ကြန်မိုးဟုခေါ်ကြသည်။ ထိုမိုးကြောင့်ပင် ပိတောက်ပန်းများ ပွင့်လန်းလာခြင်းဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် နှစ်သစ်ကူး အထိမ်းအမှတ် ပွဲတော်သက်သက်မဟုတ်ပေ။ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ အကုသိုလ်အညစ်အကြေးများကို ဆေးကြောခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်၊ သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့ပေးခြင်း စသည့်အဓိပ္ပာယ်ရှိရှိနှင့် သတ်သတ်မှတ်မှတ် ကျင်းပသောပွဲတော်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ ကျင်းပသောပွဲတော်လည်းဖြစ်ပေသည်။ သင်္ကြန်ကာလရေပက်ခြင်း၏ အလေ့အထနှင့် ရည်ရွယ်ချက်သည်ပင် နှစ်ဟောင်းမှအညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကိုသန့်စင်ကြည်လင်ပြီး အေးမြစေရန်ဖြစ်သည်။**

### တစ်နှစ်မှာ တစ်ကြိမ်သာဆင်နွှဲသောပွဲ

နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည် မိမိတို့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များကျင်းပကြသည်။ နှစ်သစ်၊ နှစ်ဦးကိုဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသော ပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံ နိုင်ငံတစ်ဝန်းလုံး၌ နှစ်သစ်ကူးမဟာအတာသင်္ကြန်ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင် ကြည်နူးစွာ ဆင်နွှဲလေ့ရှိကြသည်။ နွေနေ၏အပူရှိန်အောက်တွင် အတာသင်္ကြန်မေတ္တာရေစင်ကြောင့် ပါဝင်ဆင်နွှဲကြသူတိုင်း လန်းဆန်းကြည်နူးကာ တစ်နှစ်တွင် တစ်ကြိမ်သာ ဆင်နွှဲရသော ရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားသည့် အလေ့အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်ဟုဆိုပါသည်။ ဒေဝဒဟနှင့်ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသော ရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများဆောက်လုပ်၍ ရေဖျန်းသဘင် ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာ့ဝင်ကျမ်းများတွင် ဖော်ပြထားသည်ကို လေ့လာ ဖတ်ရှုရပါသည်။ ‘သင်္ကြန်’ဟူသော ဝေါဟာရကို ပုဂံခေတ်၊ မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ် (ခရစ်နှစ် ၁၂၉၁) ခုနှစ်တွင် ရေးထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာ၌ ‘မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန် မပြယ်စိတ်လျှင်တည်၏’ ဟု ရေးထိုးထား၏။ ထိုကျောက်စာကပုဂံခေတ်ကတည်းက နှစ်သစ်ကူးပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း အထင်ရှားဆုံးသာဓကပင်ဖြစ်သည်။

မြန်မာဘုရင်များလက်ထက်တော်က နှစ်စဉ်သင်္ကြန်ပွဲတော်များကို နန်းတော်အတွင်း၌ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အခမ်းအနားအစီအစဉ်တွင် ဘုရားငါးဆူပူဇော်ခြင်း၊ အမိအဖများကို ရည်မှန်းကန်တော့ခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းနှင့် အတာပွဲတော်တည်ခြင်းများပါဝင်သည်။ နှစ်သစ်မင်္ဂလာအခါတွင် မင်္ဂလာရှိသော လုပ်ငန်းများကို အစအဦးပြု၍ လုပ်ဆောင်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် မင်္ဂလာအခါနှင့်ကိုက်ညီစေရန် ဆောင်ရွက်ကြသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေရန် မိမိကိုယ်၌ပင် စိတ်ရောလူရော ကြည်လင်သန့်ရှင်းနေရန်လိုသည်။

ထို့ကြောင့် စိတ်သန့်ရှင်းစေရန် သီလ၊ သမာဓိ ဆောက်တည်ကြရသည်။ ကိုယ်ခန္ဓာသန့်ရှင်းအောင်လည်း ခေါင်းလျှော်ရေချိုးပြီး အမွှေးနံ့သာတို့ဖြင့် သန့်ပြန့်အောင် ပြုပြင်ကြရသည်။ မင်္ဂလာရှိသော မဟာသင်္ကြန်အခါကာလ၌ မင်္ဂလာရှိရှိ ပါဝင်ဆင်နွှဲနိုင်ရန် အသန့်ရှင်းဆုံးရေ၊ အသန့်ရှင်းဆုံး ခေါင်းလျှော်ရေ၊ အသန့်ရှင်းဆုံးသော အမွှေးနံ့သာများ လိုအပ်ပေသည်။အသန့်ရှင်းဆုံး အတာရေရရှိရေးအတွက် ရှေးမင်းအဆက်ဆက်တို့က အစီအမံများ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အမရပူရခေတ် မှတ်တမ်းတစ်ခုတွင် ဘုန်းကျက်သရေတိုးပွား၍ ကောင်းကျိုး မင်္ဂလာအဖြာဖြာ ရရှိစေခြင်းအတွက် မင်္ဂလာ ၂၈ ပါး ပါဝင်သည့် သင်္ကြန်တော်ဆေးဟုခေါ်သော တော်ဝင်ဆေးတော်ကြီးကိုဖော်၍ မဟာသင်္ကြန်တော်ရက်၌ အသုံးပြုခဲ့ကြသည်။ သင်္ကြန် ဆေးတော်ကြီးကို ရေကြည်တော် ၁၂ ပါးနှင့် ရောစပ်၍ အတာရေပက်ဖျန်း မင်္ဂလာယူခဲ့ကြောင်း တွေ့ရသည်။

မင်္ဂလာတော် ၂၈ ပါး သင်္ကြန်တော်ဆေးဆိုသည်မှာ တရော်ခုနစ်မျိုး၊ နံ့သာငါးမျိုး၊ ကြာငါးမျိုးနှင့် ကင်ပွန်းရွက်၊ ဇလပ်ရွက်၊ မုရားရွက်၊ ဥသျှစ်ရွက်၊ လင်းလေရွက်၊ ပန်းဉ၊ မြေသျှိသျှား၊ ကြခတ်ရွက်၊ ခေါင်ရန်းရွက်၊ ဖန်ခါးရွက်၊ တလည်းရွက်တို့ကို ပေါင်းစပ်၍ ရွှေရည်၊ ငွေရည်၊ နဝရတ်ကိုးပါးရည်၊ ခရုသင်းရည်၊ အုန်းရည်၊ နှင်းရည်၊ ပရိတ်တော်ရေများဖြင့် ကြိတ်ရသည်။ ကြိတ်၍ရရှိသော အနှစ်များကို အတောင့်ပြု၍ နေလှန်းအခြောက်ခံရသည်။ ပြီးလျှင် ပရိတ်ကြီး၊ ရတနာရွှေချိုင့်၊ အောင်ခြင်းရှစ်ပါးဂါထာများဖြင့် ဆုပ်ရသည်။ သင်္ကြန်ရက်ရောက်လျှင် ဆေးတော်ကို အုန်းတစ်လုံးရေဖြင့် ဖျော်သည်။ ထိုအရည်ကို တရော်ကင်ပွန်းထည့်၍ ခေါင်းဆေးမင်္ဂလာပြုရသည်။ ထိုဆေးတော်ရည်ကို အတာအိုးတွင်ထည့်၍ ရေကောင်းရေသန့်များနှင့်စပ်ကာ သင်္ကြန်တော်ခေါ်ခြင်း၊ အတာကူးခြင်းအမှုကို ပြုကြသည်။ ရေပက်ကစားရာတွင်လည်း အဆိုပါ ဆေးတော်ကြီးပါဝင်သောရေဖြင့် ပက်ဖျန်းကြသည်။



**မြန်မာဘုရင်များလက်ထက်တော်က နှစ်စဉ်သင်္ကြန်ပွဲတော်များကို နန်းတော်အတွင်း၌ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အခမ်းအနားအစီအစဉ်တွင် ဘုရားငါးဆူပူဇော်ခြင်း၊ အမိအဖများကို ရည်မှန်းကန်တော့ခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းနှင့် အတာပွဲတော်တည်ခြင်းများပါဝင်သည်။ နှစ်သစ်မင်္ဂလာ အခါတွင် မင်္ဂလာရှိသောလုပ်ငန်းများကို အစအဦးပြု၍ လုပ်ဆောင်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် မင်္ဂလာအခါနှင့်ကိုက်ညီစေရန် ဆောင်ရွက်ကြသည်။**

### တန်ဖိုးထားရမည့် ယဉ်ကျေးမှုအမွေအနှစ်

သင်္ကြန်ရေ၏ ထူးခြားချက်များလည်း ရှိပေသေးသည်။ သင်္ကြန်ရေပက်သည့်အခါ ရေကောင်းရေသန့် ရေမွှေးများနှင့် ကျန်းမာချမ်းသာပါစေဟူသော စိတ်စေတနာဖြင့် ပက်ဖျန်းခြင်းဖြစ်၍ ကျန်းမာရွှင်လန်းစေသည်။ မည်မျှပင် ရေကြောက်သူများဖြစ်ပါစေ သင်္ကြန်ရေကို တစ်နှစ်တစ်ကြိမ် အပက်ခံကြသည်။ စေတနာသန့်သန့်ဖြင့် ပက်သည့်ရေဖြစ်၍ သင်္ကြန်ရေသည်၊ အပူရှပ်ခြင်း၊ ဖျားနာခြင်းမရှိ၊ ရွှင်ရွှင်လန်းလန်းနှင့် နှစ်သစ်ကို ဖြတ်သန်းနိုင်ကြသည်က သင်္ကြန်ရေ၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် ရေတွင်မင်္ဂလာ နိမိတ်သုံးပါးရှိသည်။ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစေနိုင်ခြင်း၊ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ထိုရေနိမိတ်သုံးပါးနှင့်အညီ တိုင်းမြန်ပြည် ငြိမ်းအေးစေရန် အတာရေသွန်းလောင်းခြင်းဖြစ်သည်။

သင်္ကြန်အတွက် ရှောင်ကြဉ်ရမည့် ရှေးက ပညတ်ချက် ၁၀ ပါးလည်းရှိသည်။ ယင်းတို့မှာ-(၁) ရုဒ- ငိုကြွေးခြင်း(၂) မေထုန-မေထုန်သံဝါသပြုခြင်း (၃) မံသ-အသားဟင်းလျာစားသောက်ခြင်း (၄) သုရာ-သေရည်သောက်စားမူးယစ်ခြင်း (၅) ကောဓ-အမျက်ထွက်ခြင်း (၆) ရုဓိရ- သွေးဖောက်၊ သွေးထုတ်ခြင်း (၇) တေလိက-ဆီလိမ်း၊ ဆေးလိမ်းခြင်း (၈) ရုက္ခစ္ဆေဒ-သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း (၉) ကိဏ - ဝယ်ယူခြင်း၊ ကျီသွင်းခြင်း (၁၀) ဝိက္ကိဏာ- ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည်တို့ဖြစ်သည်။ ထိုအချက် (၁၀) ချက်ကိုအထူးပြုရှောင်ကြဉ်နိုင်ပါက လောကီ၊ လောကုတ္တရာအကျိုးစီးပွားများကို ရရှိခံစားရမည်ဖြစ်သည်။ မြန်မာအများစုက ထိုအချက် (၁၀) ချက်ကို လိုက်နာကျင့်သုံးကြောင်း တွေ့ရသည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း ကုသိုလ်ကောင်းမှုများလည်း ပြုလုပ်ကြသည်။သင်္ကြန်ပွဲတော်၏ နှစ်သက်ကြည်နူးဖွယ်အကောင်းဆုံးမှာ သက်ကြီးပူဇော်ပွဲပင်ဖြစ်သည်။ လူငယ်များက သက်ကြီးရွယ်အိုများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ရေချိုးပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ သနပ်ခါးလိမ်းပေးခြင်းစသည့် ကုသိုလ်ကောင်းမှုများအပြင် ရိုသေမြတ်နိုးစွာ ကန်တော့ကြသည်မှာ ကမ္ဘာတွင်မရှိသော တန်ဖိုးထားရမည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပင်ဖြစ်သည်။ ဂါရဝေါစ နိဝါတောစ မင်္ဂလာ၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာတို့နှင့်လည်း ညီညွတ်ပေသည်။

သင်္ကြန်ပွဲတော်ရက်အတွင်း အချို့လူကြီး၊ လူငယ်များသည် တရားစခန်းများသို့ဝင်ရောက်၍ ဝိပဿနာတရားတော်များ ပွားများ အားထုတ်ကြသည်။ အချို့အမျိုးသားများသည် ရတောင့်ရခဲလှသော လူ့ဘဝတွင် ဒုလ္လဘရဟန်းများဝတ်၍လည်းကောင်း၊ အချို့အမျိုးသမီးများသည် သီလရှင်ဝတ်၍လည်းကောင်း သင်္ကြန်ရက်များကို ကုသိုလ်ကောင်းမှုများဖြင့် ကုန်လွန်စေသည်မှာ သင်္ကြန်ပွဲတော်နှင့် သင်္ကြန်ရုံးပိတ်ရက်ကို အကျိုးရှိရှိ အသုံးချလိုက်ခြင်းပင်ဖြစ်သည်။ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားဟောကြားတော်မူသော ပဗ္ဗဇိတဘာဝ ဒုလ္လဘတရားတော်ကို လိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။

### အနှစ်သာရပြည့်ဝသော ရိုးရာပွဲတော်

သက်ကြီးရွယ်အိုများနှင့် အချို့သောသူများသည် ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်ကာ ရှစ်ပါးသီလ၊ ကိုးပါးသီလများကို ဆောက်တည်ကြသည်။ နေ့လယ်ချိန်တွင် သံဃာတော်များထံမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များနာယူခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ မိမိတို့ဥပုသ်သည်အချင်းချင်း တရားစကားဆွေးနွေးခြင်း၊ ဗဟုသုတဖလှယ်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ ဗာဟုသစ္စဥ္စမင်္ဂလာ၊ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာတရားတော်တို့ကို လိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။

မြန်မာနှစ်သစ်ကူးနေ့ဖြစ်သော နှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌ နှစ်သစ်ပဒေသာပင် ဆွတ်ခူးပွဲတော်ကို ကျင်းပလေ့ရှိသည်။ ယင်းပွဲတော်ကို ၁၉၆၇ ခုနှစ်ခန့်ကပင် စတင်ကျင်းပခဲ့ရာ ၁၉၉၇ ခုနှစ်က အကြိမ် (၃၀) မြောက် ကျင်းပခဲ့ကြောင်း သိရှိရသည်။ ယင်းပွဲတော်ကို မဟာစည် ဆရာတော်ကြီးကိုယ်တိုင် ဖွဲ့စည်းပေးခဲ့သည့် ဟိတေသီအဖွဲ့ကြီး၏ ကုသိုလ်တော်ကြီး (၇)ရပ် အနက် ကုသိုလ်တော်တစ်ပါးအဖြစ် ကျင်းပခြင်းဖြစ်သည်။ အကြိမ် (၃၀) မြောက် နှစ်သစ်ပဒေသာပင် ဆွတ်ခူးပွဲတော်တွင် ပဒေသာပင်ပေါင်း ၅၁ပင်၊ပစ္စည်းမဲအရေ အတွက် ၂၄၇၀၊ တန်ဖိုးငွေကျပ်လေးသိန်းကျော်အား မဟာစည် သာသနာ့ရိပ်သာတွင် တရားအားထုတ်နေကြသည့် ရဟန်းသံဃာများ၊ ယောဂီသူတော်စင်များအားလုံး ပုဂ္ဂိုလ်တိုင်းဆွတ်ခူးနိုင်ရန် စီစဉ်ထားခဲ့သည်။ ကမ္ဘာဦးကာလက လောဘ၊ ဒေါသ၊ မောဟနည်းပါးလှပြီး ဗြဟ္မစိုရ်တရားများ ပွားများကြသောကြောင့် လိုရာဆွတ်ခူး၊ ပဒေသာပင်ထူး ပေါ်ပေါက်ခဲ့ဖူးသည်ကို အစွဲပြုလျက် ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

နှစ်ဆန်း ၁ ရက်နေ့တွင် စုပေါင်း၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ ကျွဲ၊ နွား၊ ငှက်၊ ငါးများကို ဘေးမဲ့လွှတ်ကြ၏။ နှစ်သစ်၏အဦးဆုံးသောနေ့တွင် ဇီဝိတအလှူဒါနပြုကြခြင်းဖြစ်၏။ ညနေချမ်းအချိန်တွင် ကျေးရွာ၊ရပ်ကွက်၏ လမ်းဆုံလမ်းခွ၌ သံဃာတော်များ ပင့်ဖိတ်ကာ တစ်နှစ်တာ အန္တရာယ်ကင်းစေရန် ပရိတ်တရားတော်များ၊ကမ္မဝါစာများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူပါသည်။ အစဉ်အလာ ယုံကြည်မှုပင်ဖြစ်၏။ သင်္ကြန်ကာလအတွင်း မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ရွှေရင်အေး၊ မုန့်ဟင်းခါးစသည့် မြန်မာ့ရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံသော စတုဒိသာမဏ္ဍပ်များသည်လည်း နေ့စဉ်ရက်ဆက် လာသမျှပရိသတ်ကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဧည့်ခံကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် ရေလောင်းရုံမျှသာမဟုတ်ဘဲ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ အလှူဒါနပြုခြင်း၊ ပူဇော်ထိုက်သူများကို ပူဇော်ခြင်း၊ ရိုသေထိုက်သူများကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ်ချခြင်း စသောမင်္ဂလာတရားတော်များနှင့်အညီ ကုသိုလ်ကောင်းမှုများဖြင့် ထုံမွမ်းနေသော၊ အနှစ်သာရပြည့်ဝသော မြန်မာ့ရိုးရာပွဲတော်မြတ်ပွဲတော်ထူးပင် ဖြစ်ပေတော့သတည်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ပင့်ဆောင်ပူဇော်

ရန်ကုန် မေ ၁၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ပူဇော်သည့် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကမ္ဘာအေးစေတီတော်အရှေ့ဘက်မုခ် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**

ရှေးဦးစွာ ကမ္ဘာအေးစေတီတော် မင်္ဂလာမဏ္ဍပ်တွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြပြီး ဆရာတော်သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆရာတော်သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ္ဘာအေးစေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ကမ္ဘာအေးစေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်သည်။

ယင်းနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ဆရာတော်သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာအေးဘုရားလမ်း၊ ဓမ္မစေတီလမ်း၊ အာဇာနည်ဗိမာန်လမ်းမှတစ်ဆင့် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ကြသည်။ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒေဝါဝင်း၊ ရာဇာဝင်း၊ နရီအဖွဲ့များဖြင့် ကြိုဆိုပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကာ ချမ်းသာကြီးတန်ဆောင်းတွင် တိုင်းဒေသကြီးသံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ဆောင်ရွက်ကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့ခိုလှုံကာ အပူဇော်ခံထားရှိသည်။

**ဟန်လင်းနိုင်**



ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ရွှေတိဂုံစေတီတော်၌ လှည့်လည်ပူဇော်ခံစဉ်။

# တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနသို့ ရောက်ရှိလေ့လာ

**နေပြည်တော် မေ ၁၀**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ ရိတ်သိမ်းချိန်လွန် နည်းပညာဌာနသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်လေ့လာကြကြောင်း သိရသည်။

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများပါဝင်သောအဖွဲ့သည် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနပြခန်းတွင် ခင်းကျင်းပြသထားသော စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနရလဒ်များကို အသုံးချနည်းပညာအဖြစ် ဖြန့်ဝေပေးခြင်း၊ ယင်းနည်းပညာများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သီးနှံများ ရိတ်သိမ်းပြီး နောက်ဆက်တွဲလုပ်ငန်းစဉ်များတွင် လေလွင့်ဆုံးရှုံးမှုများ လျှော့ချပေးနိုင်မည်ဖြစ်ကာ တောင်သူ့ဝင်ငွေတိုးတက်လာစေမည် ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်လွန် နည်းပညာအခြေခံ၍ စျေးကွက်လိုအပ်ချက်နှင့် တောင်းဆိုမှုများ ဖြည့်ဆည်းမြှင့်တင်ပေးခြင်းဖြင့် ပြည်ပစျေးကွက်အထိ ထိုးဖောက်လာနိုင်မည်ဖြစ်ရာ စျေးကွက်အကျိုးအမြတ်လည်း ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနပြခန်းတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရိတ်သိမ်းချိန်လွန်နည်းပညာဌာနဖြစ်ပေါ်လာပုံနှင့် စီမံကိန်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို မရိတ်သိမ်းခင်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်း အဆင့်ဆင့်လုပ်ဆောင်သည့် အအေးခံခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ ရေနွေးငွေ့ဖြင့် အပူပေးခြင်း၊ သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းစသည့် လုပ်ငန်းစဉ်အလိုက် သီးနှံ၏အရည်အသွေးအပေါ် အကျိုးသက်ရောက်မှုများကို သုတေသနပြု ဆောင်ရွက်၍ အလေအလွင့်ဆုံးရှုံးမှုအားအနည်းဆုံး လျှော့ချခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများသည် ရိတ်သိမ်းချိန်လွန် နည်းပညာဌာနရှိ သုတေသနဓာတ်ခွဲခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

၂၀၁၈ ခုနှစ် မေလ ၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော ရိတ်သိမ်းချိန်လွန် နည်းပညာဌာနသည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရိတ်သိမ်းချိန်လွန် ဇီဝကမ္မဗေဒဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းနည်းဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းနည်းပညာဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် အင်ဂျင်နီယာပညာဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ပြုပြင်မွမ်းမံခြင်းဓာတ်ခွဲခန်း၊ သီးနှံအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှုဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် စျေးကွက်နှင့် သတင်းအချက်အလက်ဆိုင်ရာဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် စီမံချက်ရေးဆွဲရေးနှင့် အကဲဖြတ် သုံးသပ်ရေး ဓာတ်ခွဲခန်း၊ ရိတ်သိမ်းပြီး ထွက်ကုန်များကို ကနဦး ပြုပြင်မွမ်းမံသည့် အလုပ်ရုံတို့ဖြင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်သူများအား ဖိတ်ကြားခြင်း၊ တောင်သူလက်တွေ့နယ်ပယ် ဆောင်ရွက်ပုံနှင့် စျေးကွက်ရောင်းဝယ်ဖောက်ကားမှု နည်းစနစ်များ လေ့လာခြင်း၊ သုတေသန တွေ့ရှိချက်ရလဒ်များနှင့် နည်းပညာများကို ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘို) နှင့် ချိတ်ဆက်ပြီး ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မေ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

## ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်မည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကဝ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မေကြီးကျေးရွာအုပ်စု ဘူးကုန်းကျေးရွာ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မေ ၈ ရက်တွင် အ.မ.က (လွန်) ဘူးကုန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများနှင့် ဘက်စုံဆောင်ရွက်မည့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဝင်းက ဘက်စုံစံပြကျေးရွာ ရွေးချယ်ဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းများ ရှင်းလင်းဆွေးနွေးကာ တောင်သူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများက pH meter များဖြင့် ဘက်စုံစိုက်ပျိုးမည့်တောင်သူများ၏ လယ်မြေများကို pH တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဘက်စုံစံပြကျေးရွာဆောင်ရွက်ရန် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

❍ *ကျောဖုံးမှ*

တရုတ်နိုင်ငံအနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ပြီး နောင်တွင်လည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကာ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး ပြဿနာများ အတူတကွညှိနှိုင်းဖြေရှင်းသွားရန်နှင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ကိစ္စရပ်များတွင် Win- Win အနေအထားရအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအပေါ် စေတနာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်လမ်းကြောင်း စီမံကိန်းဆောင်ရွက်မှုသည် အောင်မြင်မှုရရှိမည်ဟုယုံကြည်ကြောင်း၊ အဆိုပါ စီမံကိန်းတွင် မြန်မာနိုင်ငံအတွက် အကျိုးပြုမည့် စီမံကိန်းလုပ်ငန်းများစွာ ပါဝင်ပြီး မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများကို တပ်မတော်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသတွင် နေထိုင်သူများပြားပြီး ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြားချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Tiananmen ရင်ပြင်သို့သွားရောက်၍ အာဇာနည်ကျောက်တိုင်၌ ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ကြည်းတပ် သံချပ်ကာလေ့ကျင့်ရေး သင်တန်းကျောင်းသို့ရောက်ရှိကြပြီး သင်တန်းကျောင်းအတွင်းရှိ Simulated Training Center များအတွင်း သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးမှု အခြေအနေများနှင့် Experimental Center of Equipment Support Technology အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ Gen. Wei Fenghe မှ ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာရှိ Wan Liu Tang ခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မန္တလေးတောင်ခြေရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို သန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် တောင်ဘက်စောင်းတန်း အတက်မုခ်ဦးရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခုအား ယနေ့နံနက်ပိုင်းက မန္တလေးတောင်တော်ဂေါပကအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတောင်တော်ဂေါပကအဖွဲ့နှင့် မန္တလေးတောင်တော်လုံခြုံရေးဝန်ထမ်းများ၊ ဈေးချိုတော် မီးသတ်တပ်ဖွဲ့၊ မေဃဂီရိမီးသတ်တပ်ဖွဲ့နှင့် အောင်မြေသာစံမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့၏ အထင်ကရပြယုဂ်တစ်ခုဖြစ်သော ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို မန္တလေးမြို့၏ သင်္ကြန်မြင်ကွင်းများတွင် သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူ ပြုကော်မတီနှင့် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## “ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင်ကို ကျောက်တော်နှင့် မြောက်ဦးမြို့ရှိ လူမှုကူညီရေးအဖွဲ့များမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်”

✤ *ကျောဖုံးမှ*

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွေ့ဆုံသည့် အခမ်းအနားဖြစ်ပါကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီကို နိုင်ငံတော် သမ္မတရုံးက မတ် ၁၄ ရက်တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီဖွဲ့စည်းပြီးနောက် ပထမအကြိမ် အစည်းအဝေး ကျင်းပခဲ့ပါကြောင်း။

**အစီရင်ခံစာတစ်ခုတင်သွင်းရမည်**

ကော်မတီအနေဖြင့် ယခုပထမအကြိမ် ရခိုင်ပြည်နယ်သို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့၌လည်း ရခိုင်အသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံပွဲတစ်ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက တွေ့သင့်တွေ့ထိုက်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရသို့ အစီရင်ခံစာတစ်ခုတင်သွင်းရမည်ဖြစ်ပါကြောင်း၊ ရေတိုရေရှည်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အစီရင်ခံစာတစ်ခုတင်သွင်းရမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အကြံပြုဆွေးနွေးတင်ပြချက်များကို မှတ်တမ်းရယူပြီး အဆိုပါအချက်အလက်များအပေါ်တွင် မူတည်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးသားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်ခဲ့သည့် ပဋိပက္ခအခြေအနေများကို သုံးသပ်ဆွေးနွေးပေးစေလိုပါကြောင်း၊ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မတီနောက်ဆက်တွဲ အစည်းအဝေးတစ်ခု ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ ရုံးတစ်ရုံးကို ရခိုင်ပြည်နယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရုံးနှင့် ပတ်သက်သည့် ကိစ္စများကိုလည်း ဖွဲ့စည်းရန်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီ တစ်ခုကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းကော်မတီဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ် တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် စီမံချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာ ကော်မတီများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ် လွှတ်တော်ရုံး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရုံးခန်း၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ် တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီနှင့် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

**ကူညီပံ့ပိုးပေးသွားမည်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင် ပြည်သူများအတွက် ငွေကျပ်သိန်းတစ်ထောင်ကို ကျောက်တော်နှင့် မြောက်ဦးမြို့ရှိ လူမှုကူညီရေးအဖွဲ့များမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ပါ ကြောင်း၊ ရသေ့တောင်၊ မင်းပြားနှင့် ကျန်မြို့နယ်များအတွက်လည်း ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌများက ဆွေးနွေးပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**




## ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ ကွယ်လွန်သွားပြီဖြစ်သော ခေါင်းဆောင်ကြီး H.E. Kim Il Sung ၏ (၁၀၇)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွယ်လွန်သွားပြီဖြစ်သော ခေါင်းဆောင်ကြီး H.E. Kim Il Sung ၏ (၁၀၇) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွယ်လွန်သွားပြီဖြစ်သော ခေါင်းဆောင်ကြီး H.E. Kim Il Sung ၏ (၁၀၇) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။ သတင်းစဉ်

# ဝက်ဘ်ဆိုက်ကတစ်ဆင့် ကြော်ငြာများ၊ လူမှုကွန်ရက်များ၊ သတင်းဆောင်းပါးများ၊ ရုပ်သံမှတ်တမ်းတင်ဓာတ်ပုံများ ထုတ်လွှင့်ဖော်ပြပြီး မြန်မာနိုင်ငံ၏ပုံရိပ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်

နေပြည်တော် ဧပြီ ၁၀

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ www.tourism.gov.mm Website လွှင့်တင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မိမိတို့နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုအဆင်ပြေစွာ လည်ပတ်နိုင်ရန် အသင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖော်ထုတ်ခြင်း မပြုရသေးသည့် ခရီးစဉ်ဒေသများစွာ ကျန်ရှိနေသေးပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် အလားအလာကောင်းများစွာရှိပါကြောင်း၊ အသုံးမပြုရသေးသည့် သစ်တောသစ်ပင်များမှ နှင်းဖုံးလွှမ်းနေသည့် တောင်တန်းများအထိ လူသားတို့ ထိတွေ့အသုံးပြုရခြင်းမရှိသေးသည့် သဘာဝပတ်ဝန်းကျင်ကောင်း များစွာ ကျန်ရှိနေပါကြောင်း၊ ကမ္ဘာပေါ်တွင် ခရီးသွားဆိုင်ရာမူခင်းဖြစ်ပွားမှု အနည်းဆုံး နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း။

Look East Policy ကို ချမှတ်ဖော်ဆောင်ခြင်းကြောင့် တရုတ်ခရီးသွားဧည့်သည် အရေအတွက် ၃၇ ရာခိုင်နှုန်းနှင့် ထိုင်းခရီးသွားဧည့်သည် အရေအတွက် ၉ ရာခိုင်နှုန်းအထိ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခုအချိန်သည် မိမိတို့နိုင်ငံအနေဖြင့် Look West Policy ကို ခရီးသွားလုပ်ငန်းအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ Website ကတစ်ဆင့် ကြော်ငြာများ၊ လူမှုကွန်ရက်များ၊ သတင်းဆောင်းပါးများ၊ ရုပ်သံဓာတ်ပုံများ ထုတ်လွှင့်ဖော်ပြပြီး မြန်မာနိုင်ငံ၏ပုံရိပ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့သို့ဆောင်ရွက်ခြင်းဖြင့် အနောက်ဥရောပမှ ခရီးသွားဧည့်သည်များ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ အရေးအကြီးဆုံး ရည်မှန်းချက်မှာ မြန်မာ၏ကောင်းမွန်သောပုံရိပ်ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားပြပွဲများတွင် မိမိတို့နိုင်ငံအကြောင်းကို ပါဝင်ပြသရုံမကဘဲ နိုင်ငံ၏ အဓိကခရီးစဉ်ဒေသများကို လေကြောင်း တိုက်ရိုက်ဆိုက်ရောက် ပျံသန်းနိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ပေးရေးနှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေးတို့ကို ဟန်ချက်ညီ ဆက်စပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ www.tourism.gov.mm Website လွှင့်တင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
သတင်းစဉ်

ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန် အရေးကြီးပါကြောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများ၏ ကူညီပံ့ပိုးမှုပါဝင်မှသာ ရည်မှန်းချက်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရက်ဆင်းက www.tourism.gov.mm Website အကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ခရီးစဉ်ဒေသများကို ရိုက်ကူးထားသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က www.tourism.gov.mm Website ကို လွှင့်တင်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေရန်၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်အရေအတွက် ပိုမိုတိုးတက်လာရန်၊ မြန်မာနိုင်ငံ၏ ထူးခြားလှပသည့် ခရီးစဉ်ဒေသများ၊ ပွဲတော်များ၏ အကြောင်းကို ပိုမိုသိရှိနိုင်ရန်၊ ဖုံးကွယ်တိမ်မြုပ်နေသည့် နိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သမားရိုးကျ ဈေးကွက်မြှင့်တင်ရေး နည်းလမ်းများအပြင် (၂၁)ရာစုခေတ်နှင့် လိုက်လျောညီထွေစွာ Online အသုံးပြုဈေးကွက်မြှင့်တင်နိုင်ရန် www.tourism.gov.mm Website ထူထောင်ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုလွှင့်တင်သည့် Website သည် ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးစဉ် ဒေသတစ်ခုအဖြစ် ကမ္ဘာက ပိုမိုသိရှိလာစေရန် Digital Marketing Strategy တစ်ခုအဖြစ် အသုံးပြုပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ခရီးစဉ်ဒေသများနှင့်ပတ်သက်သည့် ဗီဒီယိုဖိုင်များ၊ သတင်းဓာတ်ပုံများ၊ တွေ့ဆုံမေးမြန်းခန်းများ စသည့်သတင်းမီဒီယာပုံစံ အကြောင်းအရာအမျိုးမျိုးကို ထည့်သွင်းဖော်ပြပေးမည်ဖြစ်ကြောင်း၊ ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် Tourism ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် ပြည့်စုံမှန်ကန်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် သတင်းအချက်အလက်များဖြစ်သည့် လေယာဉ်ခရီးစဉ်များ၊ကုန်ကျစရိတ်များ၊ ဗီဇာကိစ္စများသည် ခရီးစဉ်ရေးဆွဲရာတွင် အရေးကြီးသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန / အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းပြီး www.tourism.gov.mm Website တွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

(၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကယန်းအမျိုးသားအလံတို့ကို အလေးပြုကြပြီး (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခွန်းဖရန်စစ္စကိုက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ကယန်းအမျိုးသားတစ်ရပ်လုံး၏ ကယန်းအမျိုးသားနေ့ကို ၂၀၀၁ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်ဟု သိရှိရပါကြောင်း၊ အမျိုးသားနေ့အခမ်းအနားကို စည်စည်ကားကားကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုကိုကြည့်ခြင်းအားဖြင့် ကယန်းလူမျိုးများ၏ မျိုးချစ်စိတ်ဓာတ်ခိုင်မာမှုနှင့် စည်းလုံးညီညွတ်မှု စွမ်းပကားကို အသိအမှတ်ပြုပါကြောင်း၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားများသည် မိမိတို့၏ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ လူနည်းစုဖြစ်သော တိုင်းရင်းသားများ၏ စာပေများ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အမွေအနှစ်များ မပပျောက်စေရန်နှင့် တိုင်းရင်းသားများ၏ စကား၊စာပေ၊




**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
သတင်းစဉ်

အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာ၊ ပညာသင်ကြားခွင့်၊ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်၊ စီးပွားရေးလုပ်ငန်းများတွင်လည်း တန်းတူညီမျှသော အခွင့်အရေးများရရှိစေရန် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကလည်း တိုင်းရင်းသားများအခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် တိုင်းရင်းသားများအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုအချိန်တွင် မိမိတို့ပြည်ထောင်စုသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ခရီးတည်းသွား အေးအတူပူအမျှနေထိုင်သွားရမည့် လူမျိုးများဖြစ်သည်ကို သက်သေပြရမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် မိမိတို့၏ အဓိကအင်အားများဖြစ်စေပြီး မတူကွဲပြားမှုများရှိသော်လည်း အင်အားများသည့် အခြေခံတစ်ခုဖြစ်၍ လျစ်လျူရှုခြင်းမပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအဝန်း ဒေသအနှံ့အပြားတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပွဲတော်၊ အခမ်းအနားများကိုလည်း လွတ်လွတ်လပ်လပ်ကျင်းပခွင့်ပေးခဲ့ပြီး နိုင်ငံတော်မှကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနေခြင်းသည်ထိုပွဲတော်၊ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ မျိုးနွယ်စုများ တစ်စုတစ်စည်းတည်း တွေ့ဆုံခွင့်ရရှိစေခြင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း အခြားတိုင်းရင်းသားများ သိရှိစေရန် ဖော်ထုတ်ချပြခွင့် ရရှိစေခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ပါကြောင်း၊ ထိုအခွင့်အရေးကို ကယန်းတိုင်းရင်းသားများ အနေဖြင့် မိမိရရဆုပ်ကိုင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် ကယန်းတိုင်းရင်းသားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပြောင်းလဲဖြစ်ပေါ်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြောင်းအလဲတိုင်းသည် အချိန်ကာလတစ်ခု လိုအပ်စမြဲဖြစ်သည့်အတွက် မိမိတို့အားလုံးသည် သံသယကင်းသည့် အကွင်းမဲ့ယုံကြည်မှု၊ ခိုင်မာသည့်စည်းလုံးမှု၊ ပြတ်သားသည့် သန္နိဋ္ဌာန်စိတ်ရှိမှုတို့နှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုက အားပေးအမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ကိုယ်စားလှယ်တစ်ဦးနှင့် ရှမ်းပြည်နယ် ကယန်း(ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခွန်အေးမောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ပြီး ကယန်းအမျိုးသားညီညွတ်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ခွန်းရှုမူအေးလာက နိဂုံးချုပ်အမှာစကားပြောကြားကာ သဘာပတိကကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ကယန်းရိုးရာဘုံအကဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

မြန်မာအသင်းသည် နီပေါအသင်းကို သုံးဂိုး- တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး အိန္ဒိယအသင်းနှင့် သုံးဂိုးစီ သရေကျခဲ့သည်။ အုပ်စု (ခ)တွင် ပထမနေရာရခဲ့သည့် ဗီယက်နမ်အသင်းသည် ဥဇဘက်ကစ္စတန်ကို နှစ်ဂိုး- တစ်ဂိုး၊ ဟောင်ကောင်ကို နှစ်ဂိုး- တစ်ဂိုး၊ ဂျော်ဒန်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

တရုတ်(တိုင်ပေ) အသင်းသည် အုပ်စု (ဂ) တွင် ပါဝင်ခဲ့ပြီး ပါလက်စတိုင်းကို သုံးဂိုးပြတ်၊ ဖိလစ်ပိုင်ကို လေးဂိုး- နှစ်ဂိုး၊ အီရန်ကို လေးဂိုး- တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ တတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ဒုတိယအဆင့်မှ တက်ရောက်လာသည့် မြန်မာ၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)၊ တတိယအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ သြစတြေးလျ၊ ထိုင်းအသင်းတို့ ရှစ်သင်းယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီသာ Play-off အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တတိယအဆင့်ခြေစစ်ပွဲအပါအဝင် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# သင်္ကြန်ပိတ်ရက်တွင် ထိုင်းမှပြန်ဝင်လာသည့် မြန်မာလုပ်သား ခြောက်ရက်အတွင်း တစ်သိန်းကျော်ခန့် ရှိပြီဖြစ်

**မြဝတီ ဧပြီ ၁၀**
မြန်မာသင်္ကြန်ပွဲတော်ဆင်နွှဲရန် ထိုင်းနိုင်ငံမှ နေရပ်ပြန်ဝင်လာသူ မြန်မာလုပ်သားဦးရေမှာ ခြောက်ရက်အတွင်း တစ်သိန်း ကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံအစိုးရမှ အဝင်အထွက် အိမ်ပြန်တုံးထုခ အခမဲ့ဖြင့် ဧပြီ ၅ ရက်မှ ၃၀ ရက်အထိ ကင်းလွတ်ခွင့်ပြုထားပြီး ဧပြီ ၅ ရက်မှ ၁၀ ရက်အတွင်း ပြန်လည်ဝင်ရောက်သူသည် ဦးရေတစ်သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

"ခုပြန်လာတဲ့ သူတွေက သင်္ကြန်အမီ ပြန်လာကြတာပေါ့၊ မြန်မာလုပ်သားတွေအားလုံး ပြည်ဝင်တံဆိပ်တုံးထုရပါတယ်။ အရင်က မြန်မာဘက်ကလည်း ဘတ် ၂၀ ယူပေမယ့် အခုအခမဲ့ခွင့်ပြုတာကြောင့် မယူပါဘူး။ ပြီးတော့အရင်က ကောင်တာတစ်ခုတည်းနဲ့ ဆောင်ရွက်ပေးပေမယ့် အခုပြန်တဲ့သူတွေကများတာကြောင့် အချိန်ကြန့်ကြာမှုမရှိရလေအောင် ကောင်တာသုံးခုဖွင့်ပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု မဲဆောက်-မြဝတီချစ်ကြည်ရေး အမှတ် (၁) တံတားမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေရပ်ပြန်ဝင်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထိုင်းဘတ်ငွေကို မြန်မာငွေလဲလှယ်ရာတွင် အလိမ်မခံရစေရန် ကူညီဆောင်ရွက်ပေးခြင်းများကိုပါ လုပ်ဆောင်ပေးလျက်ရှိသည်။

နေရပ်ပြန် မြန်မာနိုင်ငံသားများ အနေဖြင့် မိမိတို့၏ စာရွက်စာတမ်းများအား ကိုယ်နှင့်တစ်ပါတည်းပါအောင် ယူဆောင်သွားကြရန်နှင့် မိမိတို့၏ စာရွက်စာတမ်းများ ပျောက်ဆုံး၊ ပျက်စီးခဲ့ပါက ပြန်လည်လျှောက်ထားနိုင်ရန်အတွက် အထောက်အထား စာရွက်စာတမ်းများကို မိတ္တူကူးယူထားခြင်း၊ လက်ကိုင်ဖုန်းများဖြင့် စနစ်တကျ ဓာတ်ပုံရိုက်သိမ်းထားခြင်း၊ လဝကထွက်ပေါက်ဝင်ပေါက်များမှ အထွက်တုံးများအား ဓာတ်ပုံရိုက် သိမ်းထားခြင်းများ ဆောင်ရွက်ကြရန်လည်း အလုပ်သမားသံအရာရှိရုံးမှ သတိပေးထားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



သင်္ကြန်ပိတ်ရက်အတွင်း ထိုင်းနိုင်ငံ၌ အလုပ်လုပ်နေကြသည့် မြန်မာနိုင်ငံသားများ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။

# အင်းလျားကန်ပေါင်တွင် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရန်အတွက် အလှဆင်မှုများ ပြုလုပ်နေ



ရန်ကုန်မြို့ပြည်လမ်း အင်းလျားကန်ပေါင်တွင် လမ်းလျှောက်သင်္ကြန်အတွက် ဧပြီ ၁၀ ရက်က ပုသိမ်ထီးလေးများဖြင့် လှပစွာ အလှဆင်ထားသည်ကို တွေ့ရစဉ်။ ရွှေအင်းသားခင်မောင်ဝင်း

**ရန်ကုန် ဧပြီ ၁၀**
၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့ ပြည်လမ်း အင်းလျား ကန်ပေါင်တွင် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရန်အတွက် အလှဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အလှဆင်မှုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြတ်မွန်ရတနာကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ အင်းလျားကန်ပေါင်ပေါ်ရှိ လမ်းလျှောက်သင်္ကြန်မှာ အရှည်ပေ ၁၉၀၀ ရှိပြီး ပုသိမ်ထီးအလှများ၊ ပိတောက်ပန်းပွင့်များဖြင့် အမိုးပြုလုပ်ထားသည်။ ကန်ပေါင်အောက်ခြေရှိ လျှောက်လမ်းတွင် အရှည်ပေ ၁၀၀၀ ကို ရောင်စုံပိတ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရသည်။

သင်္ကြန်ပွဲတော် ကာလအတွင်း ကန်ပေါင်တစ်လျှောက်ရှိ ပန်းအလှကွက်များ မပျက်စီးစေရေးအတွက် ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက "ပြီးခဲ့တဲ့မိုးတွင်းက ပန်းကွက်ကြီး ၁၁ ကွက်ကို အဆင့်မြှင့်တင်ဆောင်ရွက်ထားတယ်။ လာမယ့်သင်္ကြန်မှာ ပန်းကွက်တွေ ပျက်စီးမှုမရှိအောင်အစိမ်းပတ်တွေ၊ ဝါးတွေနဲ့ ကာရန်ထားပါတယ်" ဟု ပြောသည်။

ယခုနှစ်တွင် ပြည်လမ်း ကန်ပေါင်ရိုးထိပ် တစ်ဖက်တစ်ချက်တွင် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်နိုင်ရန် အားကစားပစ္စည်းများ တပ်ဆင်ထားသည်ကို တွေ့ရသည်။ သင်္ကြန်ပွဲတော်တွင် ပါဝင်ရေကစားမည့် သူများအနေဖြင့် အင်းလျားကန်အတွင်း ရေဆင်းကူးခြင်း မပြုရန်နှင့် ဆိုင်များခင်းကျင်းရောင်းချရန် နေရာသတ်မှတ်ထားခြင်းများ မပြုလုပ်ရန်အတွက် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားသည်။

အင်းလျား ကန်ပေါင်ရိုး တစ်လျှောက် သန့်ရှင်းရေးကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအတွက် စီစီတီဗွီများ တပ်ဆင်ထားကာ ရဲတပ်ဖွဲ့ဝင်များ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှ ဝန်ထမ်းများ အပါအဝင် မြို့နယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးမဏ္ဍပ်ကြီးများမှ ဖျော်ဖြေရေးအစီအစဉ်များကိုည ၈ နာရီအထိ ပြုလုပ်ပေးမည်

**ရန်ကုန် ဧပြီ ၁၀**
မဟာသင်္ကြန်ပွဲတော် ကာလအတွင်း ဖျော်ဖြေရေးမဏ္ဍပ်ကြီးများမှ သင်္ကြန်ပွဲလာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များကို ည ၈ နာရီအထိ ဖျော်ဖြေမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲလာ ပြည်သူများအား ဖျော်ဖြေတင်ဆက်ရာတွင် မနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်နှင့် ညနေပိုင်းတွင် ၆ နာရီနောက်ပိုင်း၌ ရေကစားမှုများ ရပ်တန့်ပြီး ဒီဂျေဖြင့်ဆက်လက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ဖျော်ဖြေမှုများ ပြုလုပ်ရာတွင် ပြည်တွင်းဒီဂျေများသာမက ပြည်ပဒီဂျေများကိုလည်း ခေါ်ယူအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဒီဂျေများဖြင့် ဖျော်ဖြေရန် ပြင်ဆင်လျက်ရှိသည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်သင်္ကြန် မဏ္ဍပ်တာဝန်ခံ ဦးစည်သူထွန်းက "ရေပက်စင်ရှိမယ်။ နောက်ကတော့ ဖျော်ဖြေရေးမဏ္ဍပ်ပေါ့။ နိုင်ငံခြားက ဒီဂျေတွေ ခေါ်ထားတယ်။ ပြည်ပ ဒီဂျေ ကိုးယောက်နဲ့ ပြည်တွင်းဒီဂျေ အယောက် ၃၀ လောက်ရှိတယ်။ အားလုံး ၄၀ ကျော်နဲ့ သင်္ကြန်လေးရက်လုံးကို ဖျော်ဖြေသွားမှာပါ"ဟု ပြောသည်။

ရန်ကုန်သင်္ကြန်မဏ္ဍပ် စတိတ်ဒီဇိုင်းကို ပြတိုက်ပုံစံ ပြုလုပ်ထားပြီး ရေသတ္တဝါ အရုပ်များဖြင့် အလှဆင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်သင်္ကြန်မဏ္ဍပ်နှင့် မနီးမဝေးတွင် တည်ဆောက်လျက်ရှိသော We are Black Jack ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ်တွင်လည်း ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် စတိတ် သုံးခုဖြင့် ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေမှုများနှင့် ပတ်သက်၍ We are Black Jack မဏ္ဍပ်တာဝန်ခံ ကိုထက်လင်းက "ဒီနှစ်မှာ စတိတ် သုံးခုလုပ်ထားတယ်။ ရေပက်စင်မှာဆိုရင် ဟိုးတုန်းက အရင်သင်္ကြန်လိုပုံစံမျိုးပေါ့။ သီချင်းကလည်း အရင်က သီချင်းတွေပဲဖွင့်မှာ၊ ဖျော်ဖြေရေးမဏ္ဍပ်မှာကျတော့ အခု ခေတ်ပေါ်သီချင်းတွေ ဖွင့်မှာပါ။ နောက်စတိတ်တစ်ခုမှာတော့ မြူးဇစ်နောက်တစ်မျိုးဖွင့်မှာပေါ့။ ဒီနှစ်ကတော့ ထူးထူးခြားခြား စတိတ် သုံးခု ရှိပါမယ်" ဟု ပြောသည်။ ထို့ပြင် ဖျော်ဖြေရေး အစီအစဉ်များတွင် အဆိုတော်များ ပါဝင်မည်ဖြစ်ပြီး သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိပါက ည ၈ နာရီအထိ ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖူးပြည့်၊ ဓာတ်ပုံ - ပေါ်ဦး**



ရန်ကုန်သင်္ကြန်ပွဲတော် ဖျော်ဖြေရေး မဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။

# ညောင်ဦး လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ညောင်ဦး ဧပြီ ၁၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ယခုနှစ် ကျင်းပပြုလုပ်မည့် ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုဖြင့် မြို့မိမြို့ဖများမှ ဦးဆောင်၍ ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် အတာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ယခုနှစ် ကျင်းပပြုလုပ်မည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် ပိုမိုစည်ကားစွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုဖြင့် မြို့မိမြို့ဖများမှ ဦးဆောင်ကာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အတာသင်္ကြန်ဗဟိုမဏ္ဍပ်အား ပုဂံမြို့ဟောင်း သွားလမ်း ရွှေစည်းခုံဘုရားတောင်ဘက်ကွင်းပြင် သတ်မှတ်နေရာတွင် ဆောက်လုပ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အလှဆင်ပစ္စည်းများ တပ်ဆင်၍ ခရိုင်တရားရုံး အနောက်ဘက် သင်္ကြန်မုခ်ဦးမှ ရွှေစည်းခုံဘုရားကြီး တောင်ဘက် စောင်းတန်းသင်္ကြန်မုခ်ဦးအထိ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များဖြင့် အဖွဲ့ ၂၅ ဖွဲ့ ပါဝင်၍ စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြောက်ဦးမြို့ရှိ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား AA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၊ တိုက်ပွဲနှင့်မသက်ဆိုင်သည့် မိသားစုဝင်များအား သတ်ဖြတ်ခြင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား မေ ၉ ရက် ညပိုင်းတွင် AA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပြီး တိုက်ပွဲနှင့် မသက်ဆိုင်သည့် မိသားစုဝင်များအား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ ကျူးလွန်သွားခဲ့ကြောင်း သိရသည်။

**ကြံ့ကြံ့ခံ ပြန်လည်ခုခံတိုက်ခိုက်**

ဖြစ်စဉ်မှာ မေ ၉ ရက် ည ၁၀ နာရီ ခွဲခန့်တွင် AA အဖွဲ့မှ အင်အား ၂၀၀ ခန့်က အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်အား မြောက်ဘက်မျက်နှာစာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ပြီး အကြိမ်ကြိမ် လုံးထွေးတိုက်ခိုက်ခဲ့ကြောင်း၊ သို့ရာတွင် မိမိတပ်ဖွဲ့ဝင်များ၏ ကြံ့ကြံ့ခံ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် ပင်မဌာနချုပ်၏ အရေးကြီးနေရာများ ကျဆုံးမှုမရှိဘဲ လုံခြုံရေးရဲတပ်ဖွဲ့၏ အိမ်ထောင်သည်လိုင်းများအထိသာ ဝင်ရောက်နိုင်ခဲ့ကြောင်း။

**ပြန်လည်ထိန်းချုပ်နိုင်**

မေ ၁၀ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် တပ်မတော်စစ်ကြောင်း ရောက်ရှိလာခြင်းကြောင့် AA အဖွဲ့ပြန်လည်ဆုတ်ခွာသွားသဖြင့် နံနက် ၄ နာရီခွဲခန့်တွင် စခန်းဌာနချုပ်အား မိမိတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ဆုတ်ခွာသွားသော AA အဖွဲ့နောက်သို့ တပ်မတော် စစ်ကြောင်းများက ထပ်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်**

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကျဆုံးပြီး ခုနစ်ဦးပျောက်ဆုံးကာ မိသားစုဝင် ဇနီးတစ်ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထို့အပြင် AA အဖွဲ့က လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၏ ဇနီး သုံးဦး၊ မိခင်တစ်ဦး၊ ကလေးသူငယ်သုံးဦး (ယောကျ်ားလေး တစ်ဦးနှင့် မိန်းကလေး နှစ်ဦး) တို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ AA အဖွဲ့အနေဖြင့် ယခုကဲ့သို့ လုံခြုံရေးရဲတပ်ဖွဲ့၏ အိမ်ထောင်သည် မိသားစုလိုင်းခန်းများအား ဝင်ရောက်တိုက်ခိုက်ခြင်း၊ တိုက်ပွဲနှင့် သက်ဆိုင်ခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဒုရဲအုပ် သဲဇော်အောင်၏ ဇနီး ဒေါ်စံပယ်လှိုင် (၂၆) နှစ်နှင့် သမီး မလရိပ်ချို (၃) နှစ်။



ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဒုရဲအုပ် အောင်ကိုကိုမြင့်၏ မိခင် ဒေါ်အေးအေး (၅၆)နှစ်နှင့် သား မောင်အောင်မြင့်မြတ်ကို (၁) နှစ်




ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသော ဒုရဲအုပ် အောင်ကိုကိုမြင့်၏ သမီး မနှင်းဟေမာန်ကို (၆) နှစ်


**ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ်(၃၁) လုံခြုံရေး ရဲတပ်ဖွဲ့ဌာနချုပ်အား AA အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားသည့် တပ်ဖွဲ့ဝင် မိသားစုများ၏ မှတ်တမ်းဓာတ်ပုံ**




ဒေါ်ဇင်စန္ဒာစိုး(၂၉)နှစ်
(ဒုရဲအုပ် အောင်ကိုကိုမြင့်၏ ဇနီး)



ဒေါ်တင်လေးနွယ်(၁၉)နှစ်
ရဲတပ်သား စည်သူစိုး၏ ဇနီး




AA အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှု အခြေပြမြေပုံ



# မြန်မာ ယူ- ၁၈ အသင်း ကစားသမားသစ်များရွေးချယ်ပြီး ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်

**ရန်ကုန် ဧပြီ ၁၀**

မြန်မာယူ- ၁၈ အသင်းသည် ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ရမည့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ကစားသမားသစ်များ ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာယူ- ၁၈ အသင်းသည် ဗီယက်နမ်ယူ- ၁၉ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် ဧပြီ ၂ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၀၊ ကျန်ရှိခဲ့သည့် ကစားသမားခြောက်ဦး၊ အသစ်ရွေးချယ်ထားသည့် ကစားသမားသုံးဦးနှင့်ပေါင်းကာ ၂၉ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်းသည် MFF Youth အသင်းအမည်ဖြင့်လည်း ၂၀၁၉ ရာသီ MNL ယူ- ၂၁ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေရာ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းထားရသည့် ပွဲနှစ်ပွဲကို ပြန်လည်ကစားလျက်ရှိသည်။ ပွဲကျန်များအနက် ဧပြီ ၈ ရက်က ရောဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဧပြီ ၁၁ ရက်တွင် စစ်ကိုင်းအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်းသည် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဧပြီ ၁၇ ရက်တွင် ထွက်ခွာရမည်ဖြစ်သောကြောင့် သင်္ကြန်ကာလများတွင်ပါ လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဟောင်ကောင်ဖိတ်ခေါ် ပြိုင်ပွဲတွင် အိမ်ရှင်ဟောင်ကောင်၊ ဗီယက်နမ်၊ စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ- ၁၈အသင်းသည် Southern လူငယ်အသင်းမှ ပိုင်မိုးဝေနှင့် ရဲမင်းကျော်၊ ရှမ်းယူနိုက်တက်လူငယ်အသင်းမှ ကောင်းခန့်ကျော်တို့ကို အားဖြည့်ရွေးချယ်ထားခြင်းဖြစ်သည်။


မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်း။ ဓာတ်ပုံ-စိုးညွန့်

မြန်မာ ယူ- ၁၈ အသင်းတွင် **နည်းပြချုပ်** - ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ-** ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ-** ဦးစိန်အေး၊ **ဂိုး-**နေလင်းထက်၊ ပြည့်ဖြိုးသူ၊ ဟိန်းထက်စိုး၊ **နောက်တန်း-** ရဲထက်အောင်၊ စည်သူမိုးခန့်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ စောကျော်ထက်၊ မျိုးချစ်ဇော်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ကိုကို၊ ဇော်ဇော်၊ ပိုင်မိုးဝေ၊ **အလယ်တန်း-** ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ကောင်းခန့်ကျော်၊ ရဲမင်းကျော်၊ **ရှေ့တန်း-** စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ သြဘာခ၊ နွေအေးတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၅ အသင်း ရှုံးပွဲထပ်မံကြုံ

**ရန်ကုန် ဧပြီ ၁၀**

တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ကာဂျစ္စတန် ယူ-၁၅ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းသော်လည်း ကာဂျစ္စတန် ယူ-၁၆ အသင်းကို ဒုတိယပိုင်းတွင်ပေးလိုက်ရသည့်ဂိုးများဖြင့် အရေးနိမ့်ခဲ့ရသည်။ မိနစ် ၅၀ တွင် ကာဂျစ္စတန်အသင်းက ဂိုးစရခဲ့ပြီး ၆၃ မိနစ်တွင် ထက်မြက်လွင်က ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် ၇၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးထပ်ပေးလိုက်ရသောကြောင့် မြန်မာအသင်း အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၅ အသင်းသည် ယင်းပြိုင်ပွဲတွင် ယူ-၁၆ အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရပြီး တရုတ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ တာဂျစ်ကစ္စတန်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်ရှိုင်း**

# နယ်သာလန်နိုင်ငံသူ သုံးဦး ခရီးဆောင်ကျောပိုးအိတ် ရထားပေါ်မှ ပြုတ်ကျ၍ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)၊ တပ်ခွဲတပ်စု (၁) အင်းစိန်မှ ပြန်လည်အပ်နှံ

**ရန်ကုန် ဧပြီ ၁၀**

ငစိန်(၇) မြို့ပတ်ရထားသည် ရန်ကုန်ဘူတာကြီးဘက်သို့ ထွက်ခွာလာစဉ် ဧပြီ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်က သမိုင်းဘူတာအထွက် ယင်း RBE ရထားနောက်ဆုံးတွဲ နောက်ဆုံးအတက်အဆင်း လှေကား၌ ထိုင်လျက်စီးနင်းလိုက်ပါလာခဲ့သည့် နယ်သာလန်နိုင်ငံသူသုံးဦး၏ ကိုင်ဆောင်သော ခရီးဆောင်ကျောပိုးအိတ်တစ်လုံးမှာ ရထားပေါ်မှ ပြုတ်ကျ၍ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)၊ တပ်ခွဲတပ်စု(၁) အင်းစိန်မှ ရဲတပ်ကြပ်ကြီး အောင်သန်းဦး ဦးစီးပြီး တပ်ဖွဲ့ဝင်သုံးဦး ရထားလုံခြုံရေး လိုက်ပါဆောင်ရွက်နေစဉ် ရထားပေါ်မှ ရဲတပ်ကြပ်ကြီး အောင်သန်းဦးက ခုန်ဆင်း၍ ပြန်လည်ကောက်ယူခဲ့သည်။

ထို့နောက် အမှတ်(၉၄) YBS မော်တော်ယာဉ်ဖြင့် ရန်ကုန်ဘူတာကြီးသို့ ချက်ချင်းလိုက်ပါသွားခဲ့ပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်ဘူတာကြီးတွင် ခေတ္တရပ်နားနေသည့် ငစိန်(၇) မြို့ပတ်ရထားပေါ်ရှိ နယ်သာလန်နိုင်ငံသူသုံးဦးအား တွေ့ရှိ၍ ခဲရောင်ကျောပိုးအိတ်ထဲတွင် ပါရှိသော 6 F Plus အနက်ရောင် i Phone တန်ဖိုးငါးသိန်းကျပ်ခန့်၊ အနက်ရောင် 10 eur 16930 MMK နေကာမျက်မှန်တစ်လက် တန်ဖိုး ၁၅၀၀၀၀ခန့်နှင့် မြန်မာငွေကျပ် ၁၇၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၇၀၀၀ အား အဆိုပါ ငစိန်(၇) မြို့ပတ်ရထား လက်ထောက်စက်ခေါင်းမောင်း ဦးရွှေလင်းမောင်၊ ရထားလုံခြုံရေး ရဲတပ်သားသီဟနှင့် ရဲတပ်ကြပ်ကြီး အောင်သန်းဦးတို့က ပိုင်ရှင်ဖြစ်သူများထံ ပြန်လည်အပ်နှံပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း**

# အိန္ဒိယနိုင်ငံမှ ပြန်လည်ဝယ်ယူမည့်သတင်းကြောင့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

**မန္တလေး ဧပြီ ၁၀**

အိန္ဒိယနိုင်ငံမှ နှစ်လကျော်ကြာ ဝယ်ယူမှုရပ်ဆိုင်းထားသည့် မြန်မာ့ထွက်ကုန်သီးနှံ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းသီးနှံများကို မတ် ၂၉ ရက်က ပြန်လည်ဝယ်ယူခွင့်ပြုသည့်သတင်းကြောင့် အဆိုပါပဲသီးနှံဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အဆိုပါပဲသီးနှံများမှာ တင်သွင်းခွင့်ရပ်ဆိုင်းထားသည့်အတွက် ဈေးနှုန်းများကျဆင်းကာ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀နှုန်း၊ ပဲစင်းငုံဈေးမှာ ငွေကျပ် ၇၀၀၀၀ ကျော်နှင့် ပဲတီစိမ်းသီးနှံမှာ ငွေကျပ် ၁၂၀၀၀၀ နှုန်းသာရှိခဲ့ရာမှ လက်ရှိတွင် ပြန်လည်တင်သွင်းခွင့်ပြုသည့် သတင်းကြောင့် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်း၊ ပဲစင်းငုံဈေးနှုန်းမှာ ငွေကျပ် ၉၀၀၀၀ ခန့်နှင့် ပဲတီစိမ်းဈေးနှုန်းမှာ ငွေကျပ် ၁၃၀၀၀၀ ခန့်အထိ ဈေးပြန်လည်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီပဲအမျိုးအစားတွေက တောင်သူတွေ အများဆုံး အားထားစိုက်ပျိုးကြတဲ့ သီးနှံတွေဖြစ်တယ်။ ဝယ်ယူမှုရပ်ဆိုင်းထားတဲ့အတွက် ဈေးနှုန်းတွေက ကျဆင်းနေရာကနေ ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ သတင်းလေးကြားရုံနဲ့တင် ဈေးနှုန်းတွေ ပြန်တက်လာခဲ့တယ်။ ဒီအခြေအနေက မြန်မာနှစ်သစ်မှာ ပဲဈေးကွက်အတွက် မင်္ဂလာရှိတဲ့ သတင်းကောင်းတစ်ခုလို့ ပြောရမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံမှ အဆိုပါ ပဲသီးနှံအမျိုးအစား သုံးမျိုးအနက် ပဲစင်းငုံကို တန်ချိန်နှစ်သိန်း၊ မတ်ပဲကို တန်ချိန်တစ်သိန်းခွဲနှင့် ပဲတီစိမ်းသီးနှံကို တန်ချိန်တစ်သိန်းခွဲ အသီးသီး ပြန်လည်ဝယ်ယူရန် ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပဲစင်းငုံကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးနိုင်ပြီး မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး မတ်ပဲကို သီးထပ်သီးနှံအဖြစ် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပြင် ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌လည်း စပါးသီးနှံပြီးပါက ကန်သင်းရိုးများတွင် အဓိကအားထားစိုက်ပျိုးကြကြောင်းနှင့် ပဲတီစိမ်းသီးနှံမှာ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဓာတုကင်းလွတ်သည့်အပြင် အရည်အသွေးကောင်းသည့်အတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ အဓိကအားထားဝယ်ယူနေကြပြီး ဥရောပနိုင်ငံများမှလည်း ဝယ်ယူမှုများရှိကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# သောက်သုံးရေခက်ခဲနေသည့် ကျေးရွာအား ရေရရှိရေး အရေးပေါ်ဆောင်ရွက်ပေး

**ရေတာရှည် ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ဆွာချောင်းဘေးကပ်လျက်ရှိ တံတားကြီးကျေးရွာတွင် ဒေသခံများ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်နေကြောင်း ဒေသခံများ၏ တင်ပြချက်များအရ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၉ ရက် ညနေပိုင်း၌ မူလကတည်းက တူးဖော်ပေးထားသည့် ရေငုတ်မှ စက်ဖြင့် ရေများရရှိအောင် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် **(ယာပုံ)** ကျေးရွာဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။



"တစ်ရွာလုံး ရေပြတ်ကုန်ပြီဆိုတဲ့ သတင်းရတော့ ခရိုင်မှူး ဦးဘသိန်းက စက်ရေတွင်းတူးတဲ့ ကုမ္ပဏီကို မူလတူးထားတဲ့ တွင်းနေရာမှာ စက်တွေချပြီး အမြန်ဆုံးရေရအောင် အရေးပေါ်ဆောင်ရွက်ပေးဖို့ပြောလို့ ချက်ချင်းလာတပ်ပေးတာ။ နောက်မှ ရေကန်တို့၊ စက်တို့ထားဖို့ ဆက်ပြီးဆောင်ရွက်ရမှာ" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောသည်။

စက်ဖြင့် ရေများစုပ်ထုတ်ပေးစဉ် ပန်းထွက်လာသည့် ရေများနှင့်အတူ ကျေးရွာဒေသခံများ ပျော်ပျော်ရွှင်ရွှင် သုံးစွဲကြရသည်များနှင့် ပတ်သက်၍ "အလွန်ပျော်တာပေါ့ဗျာ။ တစ်ရွာလုံး ရေမရှိလို့ ဒုက္ခရောက်နေကြရတာ။ ခုလို ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို အလွန်ကို ကျေးဇူးတင်ပါတယ်။ ခုတော့ ရေအတွက်အဆင်ပြေသွားကြပါပြီ"ဟု တံတားကြီးကျေးရွာနေ ဒေသခံ ဦးဇင်ကိုက ပြောသည်။

**သန်းလွင်**

# အမ်းမြို့နယ်၌ ဒီရေတောစိုက်ပျိုးပွဲ ကျင်းပ

**အမ်း ဧပြီ ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဒီရေတောစိုက်ပျိုးပွဲကို လက်စွာဒွေကျေးရွာအုပ်စု ဆပ်ဖာဒွေကျေးရွာ၌ ဧပြီလပထမပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီရေတောစိုက်ပျိုးပွဲကို ငါးသယံဇာတရေရှည်ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရည်ရွယ်ချက်ဖြင့် အမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် တပ်တောင်မြို့ ကဏန်းလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဒီရေတောစိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်တောင်မြို့အုပ်ချုပ်ရေးမှူး၊ တပ်တောင်ကဏန်းလုပ်ငန်းရှင်များ၊ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယင်းဒီရေတောစိုက်ပျိုးပွဲ၌ ဗျူးခြေထောက်ပင် ၅၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သင်္ကြန်ကာလ မှုခင်းကင်းစင်ရေး ပညာပေး

**ဒေါပုံ**

သင်္ကြန်အကြိုကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မှုခင်းဖြစ်ပွားမှုလျော့ကျရေးအတွက် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်လျက်ရှိရာ ဧပြီလပထမပတ်က ရန်ကုန်မြို့ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သီတာလမ်းရှိ ရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံတွင် သင်္ကြန်ကာလ မှုခင်းဖြစ်ပွားမှုမရှိစေရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းနှင့် စခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်တို့က ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**၁၆၄**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မဈေးကြီးအနီး (၁)လမ်းအဝိုင်းကြီးတွင် ဧပြီ ၉ ရက် နံနက် ၈ နာရီခန့်က သင်္ကြန်ကာလမှုခင်းလျော့နည်းကျဆင်းရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် သင်္ကြန်ကာလတွင် ယာဉ်မောင်းသူများ၊ ရေကစားသူများ လိုက်နာရန်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် သတိပြုလိုက်နာရမည့်အချက်များအား ရှင်းလင်းဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှပေးကြသည်။

အဆိုပါအသိပညာပေးဆောင်ရွက်မှုအား ဧပြီ ၁၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များတွင် ယနေ့နံနက်က မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးပြားများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဌေးတင့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် သင်္ကြန်ကာလနီးကပ်လာပြီဖြစ်၍ လူငယ်လူရွယ်များကြား ဖြစ်ပွားလာနိုင်သည့်မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိ ဆေးဆိုင်နှင့် ကွမ်းယာဆိုင်တို့၌ မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးပြားများရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင် (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခု ညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဧပြီ ၁၀**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ အဂတိတရားများအား သိရှိနိုင်ပါရန်နှင့် စုံစမ်းဖော်ထုတ်ပေးပါရန် တိုင်ကြားခဲ့ခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး(ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင် (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခု ညွှန်ကြားရေးမှူး) နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့သည် ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်များမှ ခွဲဝေချထားပေးသည့် လုပ်ငန်းရန်ပုံငွေများကို သုံးစွဲ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမှ ရုံးချုပ်သို့ ပံ့ပိုးငွေအဖြစ် ၂၀၁၄ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၂၃၇၆၉၇၇၈၀ ဒသမ ၂၂ ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၈၉၉၇၆၂၁၅ ဒသမ ၆၄ ကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးတို့မှ ငွေကျပ် ၁၂၉၅ သိန်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွင်းက တိုင်းဒေသကြီးရုံးတို့မှ ငွေကျပ် ၈၁၀ သိန်းကို လည်းကောင်း လွှဲပြောင်းပေးပို့စေခြင်းဖြင့် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦး (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အကြံပေး)၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင် (ယခု ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူး (ယခု ညွှန်ကြားရေးမှူး)နှင့် ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေ ဥပဒေပုဒ်မ ၅၆ အရ နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့မရဲစခန်းတွင် ယနေ့ ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "နယ်စပ်ရေးရာဝန်ကြီးဌာန"
- ၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အရိပ်လို"
- ၁၂း၃၅ - ပြည်သူ့နီတိ
- ၁၅း၄၀ - "ဧပြီလအတွက် လပတ်မိုးလေဝသအစီအစဉ်"

**ညပိုင်း**

- ၁၆း၃၅ - Soccer View
- ၁၆း၅၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၁၀၀)
- ၁၇း၀၅ - NHK အစီအစဉ်
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၂၅ - "ပျော်ရွှင်စရာ ကရင်တိုင်းရင်းသားတို့ရဲ့ သင်္ကြန်နှစ်သစ်ကူးချိန်ခါ"
- ၁၉း၄၀ - ငြိမ်းချမ်းဂီတအတာသင်္ကြန် နွဲပျော်ကြ(၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- "တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၁၄)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အဆိုတော်သန်းမြတ်စိုး)

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ အထောက်အထားမဲ့သကြားအိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၇၇ စီး၊ သွင်းကုန် ၄၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၂၀၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆၄ သန်းတန်ဖိုးရှိ စားသောက်ကုန်ဖြစ်သော သကြားအိတ်များ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်-မန္တလေးအမြန်လမ်းပိုင်း၌ ခရီးသည်တင်ယာဉ်တစ်စီး တံတားအောက်ထဲသို့ထိုးကျ၊ ခရီးသည်များ ဒဏ်ရာရ

**ပျော်ဘွယ် ဧပြီ ၁၀**

နေပြည်တော်-မန္တလေးအမြန်လမ်းပိုင်း ပျော်ဘွယ်မြို့နယ် မိုင်တိုင် ၂၆၈/၁ အနီးတွင် ယနေ့ နံနက် ၄ နာရီ ၅၅ မိနစ်ခန့်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ တံတားအောက် ချောင်းထဲသို့ ထိုးကျသွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**တံတားပေါ်မှ ထိုးကျသွားခဲ့**

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မင်းစိုးဦးစီးအဖွဲ့၊ အမြန်လမ်းမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ကျော်ဦးစီးအဖွဲ့တို့ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ မန္တလေး-နေပြည်တော်ဘက်ခြမ်းတွင် သိန်းမြင့်အောင်(၃၇ နှစ်) ပခုက္ကူမြို့နေသူ မောင်းနှင်လာသော MGY 2N/------မီနီဘတ်စ် ပခုက္ကူ-ကျိုက်ထီးရိုး ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်ပွားသည့် မိုင်တိုင် ၂၆၈/၁ အနီးအရောက် ယာဉ်မောင်းအိပ်ငိုက်သွားရာမှ ဘယ်ရီယာတုံးများကို တိုက်မိပြီး တံတားပေါ်မှ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဒဏ်ရာများရရှိ**

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာကြသည့်ခရီးသည် အမျိုးသားယာဉ်မောင်းအပါအဝင် ငါးဦး၊ အမျိုးသမီး ၁၀ ဦး၊ ကလေးခုနစ်ဦး စုစုပေါင်း ၂၂ ဦး လိုက်ပါလာပြီး ၁၂ ဦးခန့် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့၍ ပေပင်လေး အမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**



**တံတားအောက်သို့ ထိုးကျ တိမ်းမှောက်သွားသည့် ယာဉ်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ပေပင်လေး အမြန်လမ်း ရဲစခန်း

## ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၀**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဖမ်းဆီးလျက်ရှိရာ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၄ ရက်မှ ၈ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ တောင်ကုန်းအနီးမှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဖြူသစ်/ခွဲသား စုစုပေါင်း ၉ ဒသမ ၇၅၈၈ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပဲခူးမြို့နယ် တောင်ဇာမရီ ကြိုးဝိုင်း(ဒေသအခေါ်)မောင်လုံးကွင်းနေရာရှိ ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်း၊ ပျဉ်းကတိုးခွဲသား စုစုပေါင်း ၁၂ ဒသမ ၁၅၅၄ တန်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မိုးကုတ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၅၈/၃)နှင့် (၅၈/၄)နေရာ၌ ယာဉ်အမှတ်မပါ (အဖြူရောင်) ယာဉ်ပေါ်မှ တရားမဝင်အင်ခွဲသား ၉ ဒသမ ၅၃၇၂ တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

## ထားဝယ်တွင် လိုင်စင်မဲ့အရက်ဆီ၊ ဘီယာနှင့် အရက်ဖာများ ဖမ်းဆီးရမိ

**ထားဝယ် ဧပြီ ၁၀**

ထားဝယ်ခရိုင် ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်၌ ဧပြီ ၇ ရက်က လိုင်စင်မဲ့ အရက်ဆီ၊ ဘီယာနှင့်အရက်ဖာများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထားဝယ်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူဦးစီးအဖွဲ့နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ထားဝယ်မြို့ အိုးလုပ်ရပ်ကွက် နိဗ္ဗာန်လမ်း အိမ်အမှတ် ၂၇၀ ရှိ ဒေါ်မိုးမိုးနေအိမ် ဂိုဒေါင်၌ လိုင်စင်မဲ့အရက်များ သိုလှောင်ထားကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့အရက်ဖြူတစ်ပီပါ၊ လိုင်စင်မဲ့ ဘီယာနှင့်အရက်ဖာ၊ အရက်ဆီနှင့် တရားမဝင် အရက်များအား ဖမ်းဆီးရမိသဖြင့် ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## ကွတ်ခိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၀**

တပ်မတော်မှ ကွတ်ခိုင်မြို့နယ် နမ့်တောင်းကျေးရွာအုပ်စု ကျန်ကြာကျိုင်းကျေးရွာအနီးတွင် ဧပြီ ၉ ရက် မွန်းလွဲ ၃ နာရီခွဲက လီလောက်ကိုင်၊ မချီကင်ထန်းနှင့် လီလောက်ဝမ်းတို့အား ရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဘိန်းစိမ်း ၄ ဒသမ ၈၉ ကီလိုတို့ကို တွေ့ရှိသဖြင့် လီလောက်ကိုင်(၅၈နှစ်)၊ မချီကင်ထန်း(၆၀နှစ်)နှင့် လီလောက်ဝမ်း(၅၁နှစ်)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## တာချီလိတ်၌ ဆိုင်ကယ်ဖြင့်ပိုက်ဆံအိတ်လုယက်သူများကို အချိန်တိုအတွင်းဖမ်းဆီးရမိ

**တာချီလိတ် ဧပြီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ပုံလို့လမ်း ဖွေးနွံစားသောက်ဆိုင်အနီး၌ ငွေနှင့်ရွှေထည်ပစ္စည်းများ လုယက်သွားသော လူငယ်အဖွဲ့ခြောက်ဦးကို ဧပြီ ၉ ရက် ည ၁၁ နာရီခန့်က ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက် ညနေ ၆ နာရီခွဲတွင် ဒေါ်ရွှေလှသည် မယ်ခေါင်ရပ်ကွက် လားဟူဈေးနေအိမ်မှ ဗိုလ်ချုပ်လမ်းမကြီးတွင် ဈေးဝယ်ရန်အတွက် ပုံလို့လမ်းအတိုင်း လမ်းလျှောက်လာစဉ် ဖွေးနွံစားသောက်ဆိုင်အနီးအရောက် လူငယ်နှစ်ဦးသည် MSX အမျိုးအစားဆိုင်ကယ်ဖြင့်ရောက်ရှိလာကာ လွယ်ထားသည့် ပိုက်ဆံအိတ်အား ဆွဲယူသွားခဲ့ကြောင်း၊ အဆိုပါ ပိုက်ဆံအိတ်အတွင်း ရွှေနားကပ်နှစ်ရံ၊ ထိုင်းဘတ်ငွေနှင့် မြန်မာကျပ်ငွေ စုစုပေါင်းငွေ ၁၆၆၀၀၀ တန်ဖိုးရှိငွေနှင့် ရွှေထည်ပစ္စည်းများ ပါသွားခဲ့ကြောင်း တာချီလိတ်မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသည်။

အမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကိုကိုဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ဧပြီ ၉ ရက် နံနက် ၁ နာရီတွင် မြို့ပေါ်ရပ်ကွက်များအတွင်း လိုက်လံစုံစမ်းနေစဉ် မကာဟိုခမ်းရပ်ကွက်လမ်းဆုံရှိ ဘက်ထရီအိုး အားသွင်းဆိုင်ရှေ့တွင် အောင်ပိုင်(၁၅ နှစ်) ဝမ်ကောင်းရပ်ကွက်နေသူနှင့် အောင်ခန့်(ခ)ရွှာသား(၁၅ နှစ်) ပါလျှံ (၁)ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နေသူတို့ကို အခင်းဖြစ်နေရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ သက်သေခံပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အောင်ပိုင်နှင့် အောင်ခန့်(ခ) ရွှာသားတို့၏ ထွက်ဆိုချက်အရ လုယက်ရရှိသည့် ငွေကြေးများအား သူငယ်ချင်းဖြစ်သူ သိန်းနိုင်ဦး(ခ)သားကြီး (၁၅ နှစ်)၊ သက်နိုင်စိုး(ခ) ဥတိပွား(ခ)ပါကျဲ (၁၇ နှစ်)၊ စောဆိုင်းမွန်း (၁၅ နှစ်)၊ ဗာလာဘ (၁၅ နှစ်)တို့နှင့်အတူ ခွဲဝေသုံးစွဲခဲ့ကြောင်း ထွက်ဆိုချက်အရ ၎င်းတို့ လေးဦးကို ဧပြီ ၉ ရက် ည ၁၁ နာရီတွင် ဖမ်းဆီးရမိခဲ့သည်။

**အရေးယူဆောင်ရွက်ထား**

အမှုမှ ငွေနှင့် ရွှေထည်ပစ္စည်းများ လုယက်သွားသူနှင့် ပါဝင်ပတ်သက်သူ လူငယ်ခြောက်ဦးအား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မြိတ်မြို့၌ လင်မယားစကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူသေဆုံး

**မြိတ် ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အေးချမ်းသာယာရပ်ကွက် တပ်ဦးကျောင်းလမ်း၌ ဧပြီ ၈ ရက် ည ၁၀ နာရီခန့်က လင်မယားစကားများရန်ဖြစ်ရာမှ ရရှိသောဒဏ်ရာများဖြင့် ဇနီးဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

မြိတ်မြို့ ကုန်းဖောက်ရပ်ကွက် ထူးထူးတိုးကြက်ခြံအနီးတွင် နေထိုင်သော ဇာနည်ဟိန်း(ခ)ဇာနည်၏မိဘများနေအိမ်၌ ဧပြီ ၈ ရက် ညနေ ၃ နာရီခန့်က ဇာနည်ဟိန်း(ခ)ဇာနည်နှင့် မအိအိမွန်တို့ လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာ ဇာနည်ဟိန်း(ခ)ဇာနည်က ဖန်ပုလင်းဖြင့် မအိအိမွန်ကို ပစ်ပေါက်ခဲ့၍ ဒဏ်ရာများရရှိခဲ့သည်။ ယင်းနောက် အေးချမ်းသာယာရပ်ကွက်ရှိ ၎င်းတို့လင်မယား နေထိုင်သည့် နေအိမ်သို့ ဇာနည်ဟိန်း(ခ)ဇာနည် မောင်းနှင်သော ဆိုင်ကယ်ဖြင့် ပြန်လာကြသည်။ ထို့နောက် ည ၁၀ နာရီခန့်တွင် မအိအိမွန်မှာ အော့အန်ပြီးနောက် အသက်ရှူကျပ်လာသဖြင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးသွားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဂျပန်ငွေစက္ကူပုံစံသစ် ပြောင်းလဲမည်

**တိုကျို မေ ၁၀**

ဂျပန်ငွေစက္ကူများကို ပုံစံသစ်ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ်မှ စတင်ကာ ပထမဆုံးအကြိမ် ငွေစက္ကူပြောင်းလဲမှု ဖြစ်ပြီး အသစ်ပြောင်းလဲထုတ်လုပ်မည့် ငွေစက္ကူများကို ၂၀၂၄ ခုနှစ်တွင် စတင်သုံးစွဲသွားမည်ဟု ခန့်မှန်းရသည်။

ငွေစက္ကူပုံစံသစ် ပြောင်းလဲရန်အတွက် သမိုင်းဝင်ပုံစံသုံးခုကို ရွေးချယ်ထားပြီး လမ်းညွှန်ချက်အချို့အပေါ် မူတည်ကာ ထိုသို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပုံစံများသည် ဂျပန်၌ ကျယ်ကျယ်ပြန့်ပြန့် လူသိများခဲ့သည့် ပုံစံများ ဖြစ်သည်။

သို့သော်လည်း ငွေစက္ကူပုံစံ ပြောင်းလဲထုတ်လုပ်မှုတွင် ခြွင်းချက် နှစ်ခုရှိမည်ဖြစ်ပြီး ဂျပန်ယန်း ၂၀၀၀ တန် ငွေစက္ကူကို ပုံစံပြောင်းလဲခြင်းမရှိဘဲ မူလအတိုင်း ဆက်လက်ထားမည်ဖြစ်ကာ ယန်း ၅၀၀ တန် ငွေအကြွေစေ့ကို ၂၀၂၁ ခုနှစ်ခန့်တွင် ပြန်လည်ပုံစံပြောင်းလဲထုတ်လုပ်သွားမည် ဖြစ်သည်ဟု ဖော်ပြထားသည်။

အသစ်ထုတ်မည့် ယန်း ၁၀၀၀၀ တန် ငွေစက္ကူတွင် ကျော်ကြားသည့် စက်မှုလုပ်ငန်းရှင် အီချီရှီဘူဆာဝါ၏ ပုံကို ထည့်သွင်းရိုက်နှိပ်မည်ဖြစ်သည်။ အီချီရှီဘူဆာဝါသည် ၂၀ရာစုနှစ်အစောပိုင်းက ဂျပန်စက်မှုလုပ်ငန်းထူထောင်မှု၌ ဦးဆောင်သူအဖြစ် ပါဝင်ခဲ့ပြီး ၎င်းကို ခေတ်သစ်ဂျပန်စီးပွားရေးဖခင်ကြီးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ မေရီခေတ် ပြန်လည်တည်ထောင်မှုအပြီးတွင် ရှီဘူဆာဝါသည် လုပ်ငန်းရှင်တစ်ဦး ဖြစ်မလာမီ ဘဏ္ဍာရေး ဝန်ကြီးနှင့်အတူ အလုပ်တွဲလုပ်ခဲ့ပြီး လုပ်ငန်းပေါင်း ၅၀၀ ကျော် ထူထောင်ရန်နှင့် ယင်းလုပ်ငန်းများ တိုးတက်လာစေရန် အကူအညီပေးခဲ့သည်။

ဂျပန်ယန်း ၅၀၀၀ တန် ငွေစက္ကူတွင် ဂျပန်အမျိုးသမီးများ ပညာရေး၏ ရှေ့ဆောင်လမ်းပြ တစ်ဦးဖြစ်သည့် အူမယ်ခိုဆူဒါ၏ ပုံရိပ်ကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံတွင် သုံးစွဲသည့် ငွေစက္ကူများ။

# ဂိုလန်ကုန်းမြင့်ဒေသအရေးတွင် အမေရိကန်၏ ရပ်တည်ချက်ကို ကန့်ကွက်ကြောင်း တာရိုကိုနို ပြောကြား

**တိုကျို မေ ၁၀**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ဂျပန်နိုင်ငံသည် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက်အဖြစ် အသိအမှတ်မပြုကြောင်းနှင့် ယင်းကိစ္စတွင် အမေရိကန်၏ ရပ်တည်ချက်သဘောထားကို သဘောမတူကြောင်း ပြောကြားလိုက်သည်။

အောက်လွှတ်တော်ပြည်ပရေးရာ ကော်မတီ၌ မေ ၁၀ ရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းအတွင်း ကိုနိုက ထိုသို့ ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေး၏ကျူးကျော်မှုအပေါ် အသိအမှတ်မပြုကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးပိုင်နက်အဖြစ် အသိအမှတ်ပြုရန် ဆုံးဖြတ်လိုက်သည့်အတွက် ပြီးခဲ့သည့်လက ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေး၌ ပြစ်တင်ရှုတ်ချခံခဲ့ရသည်။ အစ္စရေးသည် ဂိုလန်ကုန်းမြင့်ဒေသကို အရှေ့အလယ်ပိုင်းစစ်ပွဲဖြစ်ပွားသည့် ၁၉၆၇ခုနှစ်က ဆီးရီးယားလက်မှ သိမ်းယူခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဘင်္ဂလားဒေ့ရှ်၌ အစွန်းရောက်အဖွဲ့ဝင် ၆၀၀ ကျော်လက်နက်ချ

**ဒါကာ မေ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းရှိဒေသ ၁၅ ခုတို့မှ အစွန်းရောက်အဖွဲ့ဝင် ၆၀၀ ကျော်တို့သည် အာဏာပိုင်များထံတွင် လက်နက်ချ အလင်းဝင်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အစွန်းရောက်အဖွဲ့ဝင်များသည် ၎င်းတို့၏ စိတ်ဆန္ဒဖြင့် လက်နက်ချအလင်းဝင်ကြခြင်းဖြစ်ကာ ပြည်ထဲရေးဝန်ကြီး အဆာဒတ်စမန်ခန်ကာမယ်လ်နှင့် ထောက်လှမ်းရေးရဲချုပ် ဂျာဗက် ပတ်ဝါရီတို့၏ ရှေ့မှောက်တွင် ၎င်းတို့၏ လက်နက်ခဲယမ်းများနှင့် ဒေသလုပ် လက်နက်များကိုလည်း အာဏာပိုင်များသို့ ပေးအပ်ခဲ့ကြသည်။ လက်နက်ချမှုကို ပတ်ဘနာရှိ ရှာဟိအက်ဒပိုကိတ် အမီ နူဒင်အားကစားရုံ၌ မေ ၉ ရက်တွင် ပြုလုပ်ခဲ့သည်။

**လက်နက်ချ အလင်းဝင်ကြခြင်းဖြစ်နိုင်**

အစိုးရအနေဖြင့် လက်နက်ချအညံ့ခံလိုသည့် အစွန်းရောက် အဖွဲ့ဝင်တစ်ဦးချင်းစီကို သာမန်ပြည်သူဘဝဖြင့် ပြန်လည်နေထိုင်နိုင်စေရေး အကူအညီပေးနိုင်ရန် ကြိုးပမ်းလျက်ရှိရာ ထိုသို့လူအင်အားအလုံးအရင်းဖြင့် လက်နက်ချအလင်းဝင်ကြခြင်းဖြစ်နိုင်ကြောင်း ပတ်ဘနာရဲအုပ် ရှိတ်ခ်ရာဗီကာလ် အစ္စလာမ်က အတည်ပြုပြောကြားခဲ့သည်။

**ပြန်လည်အခြေချနိုင်ရေး ငွေကြေးအရ ဆောင်ရွက်ပေးမည်**

ရဲတပ်ဖွဲ့ သတင်းရင်းမြစ်များအရ ပတ်ဘနာ၊ နာတိုးရ်၊ ဆီရက်ဂန်၊ ဘိုဂရာ ရန်ပါ၊ ဂျိုင်ပါဟက်၊ နာအိုဂါအွန်၊ တန်ဂေလ်၊ ကူရှ်တီရာ၊ ရတ်ဂျ်ဘာရီ၊ ခါလ်နာ၊ ဆတ် ခီရာနှင့် အခြားသောဒေသအများအပြားတို့မှ အစွန်းရောက်အဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးမှုအောက်တွင် လက်နက်ချအလင်းဝင်ကြမည်ဖြစ်ကြောင်းနှင့် အစိုးရက ၎င်းတို့ကို ပြန်လည်အခြေချနိုင်ရေး ငွေကြေးအရ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဒါကာထရီဗြူန်း**

# နိုင်ဂျီးရီးယားမြောက်ပိုင်း၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ၂၁ ဦး သေဆုံး

**အဘူဂျာ မေ ၁၀**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်တွင် အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ၂၁ ဦးသေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကာဂျူရူဒေသရှိ အန်ဂါဝမ် အာကူနှင့် ဘာနိုနို လူမှုအဖွဲ့အစည်းနှစ်ခုကိုသေနတ်သမားများက ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာကူဘူ ဆာဘိုက မီဒီယာများသို့ ပြောကြားခဲ့သည်။

သေဆုံးသူအလောင်း ၂၁ လောင်းကို တွေ့ရှိရကြောင်းနှင့် သေနတ်ထိမှန်ဒဏ်ရာရထားသူ သုံးဦးရှိပြီး လူနေအိမ် ၁၀ လုံးကို ဖျက်ဆီးထားသည်ကို တွေ့ရကြောင်း ဆာဘိုကပြောသည်။

တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး မည်သည့်အဖွဲ့က တိုက်ခိုက်ခဲ့ကြောင်း မသိရှိရသေးပေ။

တိုက်ခိုက်မှုဖြစ်ပွားနေစဉ်အတွင်း နွားအကောင် ၅၀ ကို ခိုးယူခံလိုက်ရကြောင်း၊ နိုင်ငံတစ်ဝန်းရှိ လူမှုအဖွဲ့အစည်းများဆီသို့ သေနတ်သမားများသည် ဆိုင်ကယ်များဖြင့် လာရောက်တိုက်ခိုက်မှုများရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကာဂျူရူဒေသရှိ ပြည်သူ ၁၃၀ တို့ တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တင်းမာနေသည့် အခြေအနေများနှင့်ပတ်သက်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း အစည်းအဝေးခေါ်

**ပြုံယမ်း မေ ၁၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တင်းမာနေသည့် အခြေအနေများနှင့်ပတ်သက်၍ အာဏာရအလုပ်သမား ပါတီ၏ ထိပ်တန်းကော်မတီကို မေ ၁၀ ရက်တွင် အစည်းအဝေးခေါ်ခဲ့ကြောင်း နိုင်ငံပိုင် ကေစီအင်န်အေ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဖေဖော်ဝါရီလအတွင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ထိပ်သီးအစည်းအဝေးကျင်းပမှု သဘောတူညီချက်မရရှိခဲ့သည့် နောက်တွင် ဗဟိုကော်မတီအဖွဲ့၏ စည်းဝေးမှု ပေါ်ထွက်လာခဲ့သည်။

**အစည်းအဝေးကို ပြုလုပ်**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် အမေရိကန်ခေါင်းဆောင်နှင့် တွေ့ဆုံစကားပြောဆိုရန် ဝါရှင်တန်သို့ လေယာဉ်ဖြင့်ထွက်ခွာသွားချိန်တွင် ယင်း အစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ပြုံယမ်း၏ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အာရုံစိုက်နေခြင်းဖြစ်နိုင်**

သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက ခေါင်းဆောင်ကင်သည် နိုင်ငံ၏ စီးပွားရေးတိုးတက်စေရန် ပြုံယမ်း၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အာရုံစိုက်နေခြင်းဖြစ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

## နိုင်ငံတကာ သတင်းတိုထွာ

### ဆေးလိပ်သောက်သုံးမှုကို တိုက်ဖျက်မည်ဟု သြစတြေးလျအတိုက်အခံ ခေါင်းဆောင် ကတိပေး

**ကင်ဘာရာ ဧပြီ ၁၀**

အတိုက်အခံသြစတြေးလျ အလုပ်သမားပါတီ (ALP)သည် သြစတြေးလျနိုင်ငံ၌ ဆေးလိပ်သောက်သုံးမှုနှုန်း လျှော့ချသွားမည့်အစီအစဉ်ကို ကြေညာလိုက်ကြောင်း သိရသည်။ သြစတြေးလျ အလုပ်သမားပါတီခေါင်းဆောင် ဘီလ်ရှောတန်သည် လာမည့် မေလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ၎င်းရွေးချယ်တင်မြှောက်ခံရပါက သြစတြေးလျရှိ ဆေးလိပ်သောက်သုံးမှုနှုန်း လျှော့ကျသွားစေမည့် အထင်ရှားဆုံးအစီအစဉ်တွင် သြစတြေးလျဒေါ်လာ ၆၃ ဒသမ ၄ သန်း(အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၁ သန်း) ကို သုံးစွဲသွားရန် ဧပြီ ၁၀ ရက်တွင် ကတိပေးအပ်ခဲ့သည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်ရေးအစီအစဉ်တစ်ရပ်အတွက် ငွေကြေးထည့်ဝင်မှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆေးလိပ်သောက်သုံးမှု၏ ဆိုးကျိုးများကို ဖော်ပြကာ ဆေးလိပ်ဖြတ်ရန် ကြိုးစားနေသူများအတွက် အထောက်အကူပြု ဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ သြစတြေးလျနိုင်ငံသားများ၏ ၁၂ ရာခိုင်နှုန်းနီးပါးသည် နေ့စဉ်နှင့်အမျှ ဆေးလိပ်သောက်သုံးလျက်ရှိသည်။ **ဆင်ဟွာ**

### အမေရိကန်အနေဖြင့် အာကာသဆိုင်ရာ တပ်ဖွဲ့ လိုအပ်ကြောင်း ကာကွယ်ရေး ဝန်ကြီး ရှာနာဟန်ပြော

**ဝါရှင်တန် ဧပြီ ၁၀**

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံ၏ အနာဂတ်ကို ကာကွယ်ရန်အတွက် အာကာသဆိုင်ရာ အင်အားတစ်ရပ် လိုအပ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးသည် ကော်လိုရာဒို၌ပြုလုပ်သည့် အာကာသဆိုင်ရာ စာတမ်းဖတ်ပွဲ၌ မိန့်ခွန်းပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် ရုရှားတို့မှ အာကာသဆိုင်ရာ ခြိမ်းခြောက်မှုများ ကြီးထွားလာနေမှုကို ၎င်းက အရိပ်အမြွက်ဖော်ပြခဲ့ပြီး တရုတ်နိုင်ငံသည် လာမည့်နှစ်တွင် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းအာရုံခံ ကိရိယာများကို ရည်ရွယ်သည့် လေဆာစနစ်တစ်ခုကို ဖြန့်ကြက်လာဖွယ်ရှိကြောင်း ရှာနာဟန်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ယင်းအခြေအနေကို ဆိတ်ငြိမ်စွာဖြင့် ထိုင်ကြည့်နေလိမ့်မည်မဟုတ်ကြောင်း ၎င်းက ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် လာမည့်နှစ်တွင် အာကာသတပ်ဖွဲ့ ဖွဲ့စည်းသွားရန် လိုလားနေသည်။ သို့သော် ထိုသို့ ဖွဲ့စည်းသွားရန်မှာ ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်လိုအပ်မည် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အစ္စရေးရွေးကောက်ပွဲ ဝန်ကြီးချုပ်နေတန်ယာဟုနဲ့ အတိုက်အခံ နှစ်ဖက်လုံးအောင်ပွဲခံနေ

**● ကလျာမိုးမြင့် ●**

**အစ္စရေးရွေးကောက်ပွဲကျင်းပမှုအပြီး ရွေးကောက်ပွဲရလဒ်အချို့အရ ဝန်ကြီးချုပ်နေတန်ယာဟုဟာ ငါးကြိမ်မြောက် ပြန်လည်တာဝန်ထမ်းဆောင်ရဖို့ ခိုင်လုံတဲ့မဲရလဒ်ကိုရရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။ ၎င်းရဲ့ လီကွတ်ပါတီနဲ့ ယှဉ်ပြိုင်ဘက် Blue and White ပါတီဟာ ရလဒ်အားဖြင့် မတိမ်းမယိမ်းအနေအထား ဖြစ်နေပါတယ်။ ဒါပေမယ့် လက်ယာယိမ်းအစိုးရအဖွဲ့ဟာ လက်ဝဲယိမ်းအစိုးရအဖွဲ့ထက် အရေးသာနေတဲ့ အနေအထားကို တွေ့ရတယ်လို့ ဖော်ပြခဲ့ကြပါတယ်။**




Blue and White ပါတီ ခေါင်းဆောင်နှင့်မဟာမိတ် အဖွဲ့ဝင်များကို ၎င်းတို့ကို ထောက်ခံသူများနှင့် တွေ့ဆုံပွဲတွင် တွေ့ရစဉ်။

**မဟာမိတ်ဖွဲ့စည်းဖို့လို**

အစ္စရေးပါလီမန်ရွေးကောက်ပွဲအတွင်း ဧပြီ ၉ ရက်မှာ နောက်ဆုံးမဲရေတွက်မှုရလဒ်တွေအရ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုရဲ့ လက်ယာယိမ်း လီကွတ်ပါတီက မဲအသာနဲ့ ဦးဆောင်နေခဲ့တာဖြစ်ပါတယ်။ မစ္စတာနေတန်ယာဟုဟာ အစ္စရေးတပ်မတော်အကြီးအကဲဟောင်းဖြစ်တဲ့ Blue and White ပါတီခေါင်းဆောင် ဘန်နီဂန့်စ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နေရသူပါ။

ဘယ်ပါတီက လွှတ်တော်ရဲ့ ရာထူးနေရာ အများစုကို အနိုင်ရသည်ဖြစ်စေ၊ အဲဒီပါတီဟာ အစ္စရေးပါလီမန်လွှတ်တော်ရဲ့ရာထူးနေရာ ၁၂၀ အနက်အများစုကိုရဖို့ မဟာမိတ်အဖွဲ့ ဖွဲ့စည်းဖို့ လိုအပ်မှာဖြစ်ပါတယ်။

**လတ်တလောရရှိထားတဲ့အချက်အလက်များ**

မဲအရေအတွက်ရဲ့ ၉၅ ရာခိုင်နှုန်းကို ရေတွက်ထားပြီးချိန်မှာ လီကွတ်ပါတီက လွှတ်တော်ရဲ့ ၃၅ နေရာ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းနဲ့ Blue and White ပါတီက ၃၅ နေရာ ရာခိုင်နှုန်းအားဖြင့် ၂၈ ရာခိုင်နှုန်း ရရှိထားပါတယ်။

အစ္စရေးရုပ်မြင်သံကြား ချန်နယ် အချို့က နေတန်ယာဟုရဲ့ လီကွတ်ပါတီအနိုင်ရရှိမှုနဲ့ ပတ်သက်ပြီး သေးငယ်တဲ့အောင်ပွဲတစ်ခုအနေနဲ့ဖော်ပြခဲ့ကြပါတယ်။ Hareetz သတင်းစာကတော့ မဲပေးသူအရေအတွက် ၆၇ဒသမ ၉ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲထက် နည်းပါးတဲ့ အရေအတွက်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

မဲရုံတွေကိုပိတ်သိမ်းလိုက်ချိန်မှာ လီကွတ်ပါတီကရော Blue and White ပါတီကပါ ၎င်းတို့ အောင်ပွဲရရှိကြောင်း အခိုင်အမာ ပြောဆိုနေပါတယ်။

**နှစ်ဖက်လုံးအနိုင်ရတယ်လို့ ဆိုနေ**

Blue and White ပါတီခေါင်းဆောင် ဂန့်စ်နဲ့ ၎င်းရဲ့မဟာမိတ် ယာလီပက်တို့က ကြေညာချက်တစ်စောင်ကို မြန်မြန်ဆန်ဆန် ထုတ်ပြန်လိုက်ပြီး ကျွန်ုပ်တို့နိုင်ပြီ၊ အစ္စရေးပြည်သူလူထုဟာ ကိုယ်ပိုင်ပြောဆိုခွင့်ရှိလာပြီ၊ သန်းချီတဲ့ မဲပေးသူတွေနဲ့ တက်ကြွလှုပ်ရှားသူ ထောင်ပေါင်းများစွာကို အထူးကျေးဇူးတင်တယ်လို့ ဆိုပါတယ်။

ဧပြီ ၉ ရက်ညပိုင်းမှာ ဂန့်စ်က ပါလီမန်ရွေးကောက်ပွဲအနိုင်ရကြောင်း ကြေညာလိုက်ပြီး အစ္စရေးနိုင်ငံ စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမယ်လို့လည်း ကတိပေးခဲ့ပါတယ်။

၎င်းက အစ္စရေးရဲ့ သမိုင်းဝင်အောင်ပွဲနေ့လို့ ကြုံးဝါးခဲ့ပြီး ၎င်းကို ထောက်ခံသူတွေကလည်း ဝန်ကြီးချုပ်အသစ် လာတော့မယ်ဆိုပြီး ကြွေးကြော်အော်ဟစ်ခဲ့ကြပါတယ်။

**အစိုးရဖွဲ့မည်**

ဘန်နီဂန့်စ်ဘက်က ဒီလိုပြောဆိုနေချိန်မှာ မစ္စတာနေတန်ယာဟုကလည်း ၎င်းရဲ့ပါတီက အနိုင်ရတာလို့ ဆိုနေပါတယ်။ လက်ယာယိမ်း လီကွတ်ပါတီဦးဆောင်တဲ့ အစိုးရအဖွဲ့က ထင်ရှားတဲ့ အောင်ပွဲတစ်ခုရလိုက်တဲ့အတွက် အစ္စရေးပြည်သူတွေရဲ့ယုံကြည်မှုကို ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။

ဒီညမှာ ကျွန်ုပ်တို့ရဲ့ မိတ်ဆွေတွေနဲ့ လက်ယာယိမ်းအစိုးရတစ်ရပ်ကို စတင်ဖွဲ့စည်းမယ်လို့ ပြောကြားလိုက်ပါတယ်။ အစ္စရေးနိုင်ငံရဲ့ရုပ်သံလိုင်း သုံးခုက ထုတ်ပြန်တဲ့ မဲရလဒ်တွေဟာ ကွဲပြားမှုရှိနေပြီး ရုပ်သံလိုင်းတစ်ခုမှာ မစ္စတာဂန့်စ်ရဲ့ ပါတီဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အနိုင်ရနေတယ်လို့ဆိုထားပြီး ကျန်ရုပ်သံလိုင်းတွေမှာတော့ မဲရလဒ်တွေ မတိမ်းမယိမ်းဖြစ်နေတယ်လို့ ဖော်ပြနေပါတယ်။

**ကတိပေးအပ်ခဲ့**

အစ္စရေးရဲ့ ရွေးကောက်ပွဲစနစ်အရ ဘယ်ပါတီတစ်ခုတည်းကမှ လွှတ်တော်ရဲ့ နေရာအများစုကို အနိုင်မရခဲ့ပါဘူး။ အတိုက်အခံဖြစ်တဲ့ အစ္စရေးကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဘန်နီဂန့်စ်ဟာ Blue and White ပါတီခေါင်းဆောင်ဖြစ်ပြီး ရွေးကောက်ပွဲအတွင်း ဝန်ကြီးချုပ်နေတန်ယာဟုရဲ့ အကြီးဆုံး ခြိမ်းခြောက်မှုတစ်ခုပါ။

မဲဆွယ်စည်းရုံးစဉ်ကာလအတွင်းမှာ ဂန့်စ်က ပြန်လည်ပေါင်းစည်းရေးအာဘော်ကိုသုံးခဲ့တဲ့သူဖြစ်ပြီးနိုင်ငံကို ထိခိုက်ပျက်စီးအောင်မလုပ်ဘူးလို့ ကတိတွေပေးအပ်ခဲ့ပါတယ်။ ပြီးတော့ ၎င်းက ဝန်ကြီးချုပ် နေတန်ယာဟုဟာ တိုင်းပြည်ကို ပြိုကွဲစေမယ့် နိုင်ငံရေးအမြင်တွေရှိနေသူဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ပြီးတော့ ဂန့်စ်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းထားစဉ်မှာ ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ကို ဦးစားပေးတဲ့ မိန့်ခွန်းပြောဆိုမှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။

**ထောက်ခံသူကိုယ်စီ**

အစ္စရေးပြည်သူတချို့က ဝန်ကြီးချုပ်နေတန်ယာဟုကို တိုင်းပြည်စီးပွားရေးတိုးတက်အောင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးကောင်းမွန်အောင် လုပ်ဆောင်ခဲ့သူအဖြစ် အမွှမ်းတင်ခဲ့ကြကာ အတွေ့အကြုံရင့်တဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ နိုင်ငံကို ဆက်လက်ဦးဆောင်သွားဖို့ လိုလားနေသလို တချို့ကတော့ အပြောင်းအလဲကိုအလိုရှိနေပြီး ဂန့်စ်ရဲ့ပါတီက အစ္စရေး - ပါလက်စတိုင်းပြဿနာကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။

**ဝန်ကြီးချုပ်နေတန်ယာဟုနဲ့ လီကွတ်ပါတီ**

ဝန်ကြီးချုပ်နေတန်ယာဟုဟာ အာဏာရလာခဲ့တာ ၁၃ နှစ်တိတိကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ အကယ်၍ ၎င်းပြန်လည် အရွေးချယ်ခံရရင် သိမ်းပိုက်ခံထားရတဲ့ အနောက်ဘက်ကမ်းက ပြန်လည်အခြေချအိမ်ရာတွေကို ကျူးကျော်သိမ်းပိုက်မယ်လို့ မဲဆွယ်ကာလအတွင်းမှာ အလေးအနက်ကတိပေးထားပါတယ်။

ပါလက်စတိုင်းပြည်သူတွေဟာ အနောက်ဘက်ကမ်းနဲ့ ဂါဇာကမ်းခြေအတွင်းမှာ နိုင်ငံတစ်ခုထူထောင်ဖို့ လိုလားနေသလို အရှေ့ဂျေရုဆလင်ကိုလည်း ပါလက်စတိုင်းရဲ့မြို့တော်အဖြစ် ယူဆထားပါတယ်။

**မဲတချို့လက်လွှတ်ဆုံးရှုံး**

အစ္စရေးနိုင်ငံရဲ့လုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခိုင်အမာဆောင်ရွက်နိုင်တဲ့သူတစ်ယောက်အဖြစ် နာမည်ကောင်းတစ်ခုရထားတဲ့ မစ္စတာနေတန်ယာဟုဟာ ချွတ်ယွင်းချက်အနေနဲ့တစ်ဖက်မှာတော့ အကျင့်ပျက်ခြစားမှုစွပ်စွဲချက်ပေါင်း တစ်သောင်းခြောက်ထောင်ကိုလည်းရင်ဆိုင်နေရပြီး ဒီအချက်ကြောင့် မဲဆန္ဒရှင်တချို့ရဲ့ထောက်ခံမှုကို လက်လွှတ်ဆုံးရှုံးစေခဲ့ပါတယ်။

**ထရမ့်ရဲ့ထောက်ခံမှုကိုလည်း ရရှိထား**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုဟာဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ ခိုင်မာတဲ့ ရင်းနှီးဆက်ဆံမှုကိုလည်း အမြဲလိုလိုထိန်းသိမ်းထားနိုင်ခဲ့သူဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့ ညနေခင်းမှာ သမ္မတထရမ့်က အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အနေနဲ့ စာရင်းသွင်းလိုက်ပါတယ်။

ဒီလုပ်ရပ်ဟာဆိုရင် ပြည်ပအစိုးရအဖွဲ့ရဲ့အစိတ်အပိုင်းတစ်ခုကို ဝါရှင်တန်က အကြမ်းဖက်အုပ်စုတစ်ခုအဖြစ် ပထမဆုံးတံဆိပ်ခတ်နှိပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒါဟာဆိုရင် ဝန်ကြီးချုပ် နေတန်ယာဟုက ကြိုဆိုလက်ခံလိုက်တဲ့ အမေရိကန်ရဲ့ မူဝါဒရေးရာ အဓိကကျတဲ့ခလုတ်တွေထဲက တစ်ခုဖြစ်တယ်။ ထရမ့်ဟာ ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့တဲ့အပြင် အမေရိကန်သံရုံးကို တဲလ်အဗစ်ကနေ ဂျေရုဆလင်သို့ ရွှေ့ပြောင်းမယ်လို့ပြောကြားခဲ့ပါတယ်။

ဒါတင်မကသေးဘဲ သိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်ဒေသကိုလည်း အစ္စရေးပိုင်နက်အဖြစ် ထရမ့်က အသိအမှတ်ပြုခဲ့ပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

# ကယားတိုင်းရင်းသားတို့၏ စုပေါင်း ကေ့ထျိုးဘိုး (ခ) ဂန်းခွမ့် (တံခွန်တိုင်) တိုင်တော်စိုက်ထူခြင်းမင်္ဂလာ

ရီရယ် (ဒီးမော့ဆို)

တံခွန်တိုင်ပွဲတော်ကို ကယား၊ ကယန်း (ကခေါင်း၊ ယင်းဘော်၊ လထာ၊ ကဲဒြဲ)၊ ယင်းတလဲစသည့် တိုင်းရင်းသား မျိုးနွယ်စုများက ရှေးဘိုးဘွားဘီဘင် လက်ထက်မှစ၍ ခေတ်အဆက်ဆက် ကျင်းပလာကြပြီး မိုးလေဝသမှန်ကန်စေရန်၊ ဆန်ရေ စပါးနှင့် ကောက်ပဲသီးနှံ ဖြစ်ထွန်းအောင်မြင်စေရန်၊ သဘာဝဘေးအန္တရာယ်နှင့် ရောဂါဘယ ကင်းဝေးစေရန်၊ တိုင်းပြည်အေးချမ်းသာယာပြီး ကမ္ဘာသူ ကမ္ဘာသားများ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ ကျင်းပကြသည်။

(၆၁) ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်း ကေ့ထျိုးဘိုး (ခ) ဂန်းခွမ့် (တံခွန်တိုင်) ပွဲတော်ကို ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်မှ ၉ ရက်အထိ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ဒေါခလိုက်လင်းကျေးရွာ၌ ကျင်းပကြပြီး တံခွန်တိုင်ဝန်း၌ တိုင်တော်စိုက်ထူခြင်းကို ဧပြီ ၉ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည့် ပုံရိပ်များကို မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။



တံခွန်တိုင် တိုင်တော်ကို မစိုက်ထူမီ တွေ့ရစဉ်။



ကေ့ထျိုးဘိုးဂေါပကအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူလူထုများ တိုင်တော်စိုက်ထူနိုင်ရန် တက်ရောက်လာကြစဉ်။



ကြက်ရိုးဗေဒင် မေးမြန်းနိုင်ရန် ဆောင်ရွက်နေစဉ်။



တိုင်တော်ကို စိုက်ထူနိုင်ရန် ပြင်ဆင်ကြစဉ်။



တိုင်တော်ကို စတင်စိုက်ထူနေစဉ်။



စိုက်ထူပြီး တိုင်တော်ကို တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က လာရောက်ဂါရဝပြု ကခုန်နေစဉ်။



ပွဲတော်သို့ တက်ရောက်လာသော တိုင်းရင်းသူများကို တွေ့ရစဉ်။

# သာစည်မြို့နယ် ကုက္ကိုစုကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**သာစည် ဧပြီ ၁၀**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မီးလင်းသည့်ကျေးရွာ ၁၁၇ ရွာမြောက် ကုက္ကိုစုကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာ ထရန်စဖော်မာအနီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ဖွင့်လှစ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးတင်ထွင်ဦး၊ သာစည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟနှင့် ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဖိုးကြံုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားကို ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုများ၊ မီးလင်းရန် ကျန်ရှိနေသောဒေသများ၊ မီးလင်းရေးဆောင်ရွက်လျက်ရှိမှုများ၊ သာစည်မြို့နယ်အတွင်း မီးရရှိမှုနှင့် ကျန်ရှိနေသောကျေးရွာများ မီးလင်းရန် ဆောင်ရွက်လျက်ရှိမှုများစသည်ဖြင့် လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးသိန်းကျော်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ သာစည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၉ ရွာရှိရာ ကုက္ကိုစုကျေးရွာသည် ၁၁၇ ရွာမြောက် မီးလင်းသည့်ကျေးရွာဖြစ်ပြီး အိမ်ခြေ ၂၃၀ လူဦးရေ ၁၁၈၃ ဦးရှိကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ရွာသူ ရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်း (သာစည်)**



ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။

# တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်ကောက်ယူခြင်းအခမ်းအနား ပြုလုပ်

**တီးတိန် ဧပြီ ၁၀**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်ကောက်ယူခြင်းအခမ်းအနားကို တီးတိန်မြို့ CMBC ခန်းမ၌ ယနေ့ နံနက်က ပြုလုပ်သည်။

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးထန်မွမ်းခိုင်က တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအခွင့်အရေးများ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိလိုသောအကြောင်းအရာများ ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်သူများက တိုင်းရင်းသားရေးရာ အခြေခံအချက်ကောက်ယူခြင်းများ ဖြည့်စွက်ပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂင့်ကမ်းလျန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်၊ ဦးဆွတ်ဒုတ်ကျင့်တို့နှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကော့သောင်းမြို့တွင် အယ်လ်နီညိုသက်ရောက်မှုအဖြစ် အပူချိန်ပိုမိုမြင့်မားနေ

**ကော့သောင်း ဧပြီ ၁၀**
အယ်လ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုအဖြစ် မြန်မာတစ်ပြည်လုံး အပူချိန်မြင့်တက်လာနေမှုနှင့်အတူ နိုင်ငံတောင်ဘက်စွန်းရှိ ကော့သောင်းမြို့၌လည်း ယခုဧပြီလဆန်းပိုင်းရက်များအတွင်း သိသာစွာ အပူချိန် ပိုမိုမြင့်တက်မှုဒဏ်ကို ခံစားနေကြရကြောင်း မြို့နေပြည်သူများထံမှ သိရသည်။

ကမ္ဘာ့နေရာအများအပြားတွင် အယ်လ်နီညို ရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အာရှတိုက်အတွင်းရှိ နိုင်ငံများမှာ ပိုမိုသိသာစွာ အပူချိန်မြင့်တက်လာမှုကို ခံစားနေကြရကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသများတွင်လည်း ပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံစိုက်ပျိုးရေးခြံများ ထိခိုက်ပျက်စီးမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ကော့သောင်းမြို့တွင်လည်း ရေတွင်းရေကန်များ ခန်းခြောက်စပြုလာနေပြီး ရေရှားပါးပြတ်လပ်မှုအခြေအနေများ ကြုံတွေ့ရလျက်ရှိကာ ကျေးရွာအချို့မှ ကျေးလက်ပြည်သူများအား သောက်သုံးရေများ လိုက်လံဝေငှ ဖြည့်ဆည်းပေးနေရပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် အလယ်ပိုင်းနှင့် တောင်ပိုင်းစွန်းဒေသများ၌ အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနေမှုနှင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်နေခြင်းတို့ကြောင့် အပူဒဏ်ကို မြို့နေပြည်သူများ သိသာစွာ ခံစားနေကြရပြီဖြစ်သည်။

ယခုလို အပူချိန်မြင့်တက်ပြီး ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းလည်း ပိုမိုမြင့်တက်နေသည့် အချိန်တွင် သင်္ကြန်ကာလ ရေကစားကြမည့် မြို့နေပြည်သူများ၊ စားဝတ်နေရေးအတွက် နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားနေကြရသည့် ပြည်သူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတိပေးချက်များကို ပြည်သူများအကြား သိရှိလိုက်နာ သတိပြုနေထိုင်ကြရန် ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိ အဖွဲ့အစည်းများက ထပ်ဆင့်အသိပေးနှိုးဆော်မှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# သရက်ခရိုင်အတွင်း ရေရှားပါးပြတ်လပ်မှု ကြုံတွေ့ပါက အကူအညီတောင်းခံနိုင်

**သရက် ဧပြီ ၁၀**
မကွေးတိုင်းဒေသကြီး သရက်ခရိုင်ရှိ မြို့နယ်များဖြစ်သော သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲနှင့် အောင်လံမြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်ကြုံတွေ့ပါက မည်သည့်ကျေးရွာမှမဆို ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကြောင်းကြားနိုင်ကြောင်း သိရသည်။

"အယ်လ်နီညိုရာသီဥတုကြောင့် ယခင်နှစ်ကထက် ပိုမိုပူပြင်းခြောက်သွေ့နိုင်မယ်လို့ မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ကြေညာထားတဲ့အတွက် ခရိုင်အတွင်းက ဘယ်ကျေးရွာမဆို သောက်သုံးရေ ရှားပါးပြတ်လပ်မှုဖြစ်လာရင် ခရိုင်နဲ့ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ အချိန်အခါမရွေး ဆက်သွယ်အကြောင်းကြားနိုင်ပြီး ရေရရှိရေးအတွက် အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်ကြီးက ပြောသည်။

သရက်ခရိုင်အတွင်း မြို့နယ်ခြောက်ခုတွင် ကျေးရွာပေါင်း ၁၀၃၀ ရှိပြီး သရက်မြို့နယ်တွင် ၁၅၈ ရွာ၊ ကံမမြို့နယ်တွင် ၁၅၄ ရွာ၊ မင်းတုန်းမြို့နယ်တွင် ၁၇၆ ရွာ၊ မင်းလှမြို့နယ်တွင် ၁၅၃ ရွာ၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၁၄၂ ရွာနှင့် အောင်လံမြို့နယ်တွင် ၂၄၇ ရွာတို့ဖြစ်ကာ မည်သည့်ကျေးရွာတွင်မဆို ရေပြတ်လပ်မှုဖြစ်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြကြောင်း သိရသည်။ **ဆုဝေထွန်း (သရက်)**

| အမည် | ရာထူး | ဒေသ | လက်ကိုင်ဖုန်း | ရုံးဖုန်း |
|---|---|---|---|---|
| ဦးအောင်ကြီး | ဒုတိယညွှန်ကြားရေးမှူး | သရက်ခရိုင်ကျေးလက် | ၀၉၅၃၃၃၃၄၉<br>၀၉၇၉၉၆၃၄၃၈၀ | ၀၆၈၂၁၄၆၇ |
| ဦးသိန်းဇော်ထွန်း | ဦးစီးအရာရှိ | သရက်မြို့နယ်ကျေးလက် | ၀၉၂၅၈၆၈၇၉၈၆<br>၀၉၇၉၂၂၂၉၀၂၄ | ၀၆၈၂၁၄၄၅ |
| ဦးသူရရှိန် | ဦးစီးအရာရှိ | ကံမမြို့နယ်ကျေးလက် | ၀၉၂၅၉၀၂၁၀၈၉ | ၀၆၈၅၀၁၅၀ |
| ဦးနိုင်ဝင်း | ဒုတိယဦးစီးမှူး | မင်းတုန်းမြို့နယ်ကျေးလက် | ၀၉၂၅၉၁၉၄၉၂၂ | ၀၆၈၄၀၂၀၀ |
| ဦးမင်းဇော်ဟန် | ဦးစီးအရာရှိ(နည်းပညာ) | မင်းလှမြို့နယ်ကျေးလက် | ၀၉၄၀၁၅၈၈၉၈၈ | ၀၆၅၄၅၆၂၄ |
| ဦးဇော်မင်းဦး | ဦးစီးအရာရှိ(နည်းပညာ) | ဆင်ပေါင်ဝဲမြို့နယ်ကျေးလက် | ၀၉၄၄၈၅၃၃၀၇၁<br>၀၉၉၇၄၁၅၀၀၂၅ | ၀၆၉၄၀၁၁၈/<br>၀၆၉၄၀၁၂၀ |
| ဦးအောင်ကြီး | လ/ညွှန်ကြားရေးမှူး | အောင်လံမြို့နယ်ကျေးလက် | ၀၉၄၂၅၀၂၁၁၈၇ | ၀၆၉၂၀၁၅၃၇ |

ရေပြတ်လျှင်အကြောင်းကြားရန် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၏ ဖုန်းနံပါတ်များ

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၅ · ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၈ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၃ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၂ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၆ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၆၇၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ · ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၃၁၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မိုးခေါင်လည်းမကောင်း ရေဖောင်လည်းမလွယ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

### မိုးခေါင်ခြင်းနှင့် ရေကြီးခြင်း

၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ် ကာလများအတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်း မိုးခေါင်ခဲ့မှုကြောင့် လူခြောက်သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ကမ္ဘာပေါ်ရှိ အရပ်ဒေသ အသီးသီးတို့၌ မိုးခေါင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု တန်ဖိုးသည် ရေကြီးရေလျှံဖြစ်မှုများကြောင့် ပျက်စီးဆုံးရှုံးရသောတန်ဖိုးထက် ပို၍ကြီးမားသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့ မရှိကြပေ။ မိုးခေါင်ရေရှားဖြစ်မှုသည် ရေကြီးရေလျှံဖြစ်မှုများကဲ့သို့ ကမ္ဘာ့သတင်းမျက်နှာစာများပေါ်တွင် ထင်ရှားပေါ်လွင်မှု မရှိသော်လည်း တကယ့်လက်တွေ့၌မူ မိုးခေါင်မှုဒဏ်ကြောင့် ခံစားရသော ဆိုးကျိုးများနှင့် ဆက်စပ်ဆိုးကျိုးများ၏ အတိုင်းအဆပမာဏက ရေကြီးရေလျှံဖြစ်မှု၏ အကျိုးဆက်များထက် ပို၍ကြီးမားကျယ်ပြန့်သည်။

### မိုးခေါင်ခြင်း၏ ဆိုးကျိုးများ

မိုးခေါင်သည့်ဒေသများတွင် ရေအလုံအလောက်မရရှိသော ပြဿနာကြောင့် ဒေသခံပြည်သူများ၏ အသက်ရှင်ရေးကို ခြိမ်းခြောက်ခံနေရသည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အလယ်တောင်ကြားဒေသ၌ ကာလရှည်မိုးခေါင်မှုကြီး ဖြစ်ပေါ်ခဲ့သည့်အတွက် မြေအောက်ရေများကို အားကိုးအားထားပြုခဲ့ရသည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ အရှေ့ဘက်၌ရှိသော ကမ္ဘာ့နာမည်ကျော် ရေကန်များ၌လည်း ရေများခန်းခြောက်သွားခဲ့သည်။ ဒေသခံပြည်သူများမှာ သောက်သုံးရေရရှိနိုင်သော အရပ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်အထိ ဖြစ်ခဲ့ရသည်။

ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက်အကြီးဆုံး ရေကန်ကြီးဖြစ်သော ချဒ်ရေကန်သည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၉၇၀၀ ရှိသည်။ ဆာဟာရသဲကန္တာရတောင်ပိုင်းနှင့် ကပ်လျက်တည်ရှိသော ထိုရေကန်ကြီးကို အကြောင်းပြု၍ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ ချဒ်နှင့် ကင်မရွန်း စသော နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထိုဒေသတွင် မိုးခေါင်မှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့သည့်အပြင် ရေဝေဒေသများမှ ချဒ်ရေကန်ကြီးဆီသို့ စီးဝင်လာသောရေများကို ဆည်နှင့်တမံများ တည်ဆောက်ကာ ကြားဖြတ်ရယူနေကြသည့်အတွက် ချဒ်ရေကန်ကြီး၏ ရေပမာဏမှာ လက်ရှိအချိန်တွင် တစ်ဆယ်ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

မိုးခေါင်ခြင်းသည် လတ်တလောအားဖြင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ခြင်း၊ အပူဒဏ်လွန်ကဲခြင်း စသည်တို့ကို ခံစားကြရစေသလို ဆက်စပ်ဆိုးကျိုးများအဖြစ် ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ မြေဆီလွှာပျက်သုဉ်းခြင်း၊ သဲကန္တာရကျယ်ပြန့်လာခြင်းတို့ကို ကြုံတွေ့ရစေသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဂိုဘီသဲကန္တာရကြီးသည် တဖြည်းဖြည်းကျယ်ပြန့်လာနေခြင်းကြောင့် ယင်းနှင့်နီးကပ်စွာတည်ရှိပြီး စိုက်ပျိုးမွေးမြူရေးကို အားထားလုပ်ကိုင်ကြသော ကျေးရွာအချို့ကို ရွှေ့ပြောင်းပေးနေကြရသည်။

အရပ်ဒေသတစ်ခု၌ မိုးရေချိန်ပမာဏရရှိမှုကို အကြောင်းပြု၍ မိုးခေါင်မှုဖြစ်စဉ်ကို တိုင်းတာသတ်မှတ်ကြသည်။ ကာလအတိုင်းအတာတစ်ခုအတွင်း၌ ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်ပမာဏအောက် များစွာ လျော့နည်းရရှိခဲ့လျှင် ထိုကာလအတွင်း၌ မိုးခေါင်သည်ဟု ယေဘုယျအားဖြင့် သတ်မှတ်သည်။ ရှေးကာလကတည်းက အစဉ်အဆက် မိုးရေချိန်ရရှိမှုပမာဏနည်းပါးသောဒေသ တစ်နည်းဆိုရသော် မိုးနည်းရပ်ဝန်းဒေသများတွင် ပုံမှန်အားဖြင့် မိုးရွာသွန်းနေကျကာလအတွင်း မိုးရွာသွန်းမှု လုံးဝမရှိခြင်းသည်လည်း မိုးခေါင်မှုဖြစ်စဉ် ပေါ်ပေါက်နေခြင်းဖြစ်သည်။

မိုးရွာသွန်းမှုအလွန်နည်းပါးခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေသောအကြောင်းရင်း အခြေခံမှာ ဖိအားများသည့် လေထုပင်ဖြစ်သည်။ ဖိအားများနေသော လေထုသည် အပေါ်ဘက်သို့ မတက်ရောက်နိုင်ဘဲ အောက်ဘက်သို့ ပြန်လည်နိမ့်ဆင်းနေသည့်အတွက် မိုးအဖြစ် ရွာမချနိုင်ပေ။ ဖိအားများသောလေ၏ သဘောသဘာဝအရ နီးကပ်စွာတည်ရှိနေသော တိမ်တိုက်များကို ဝေးရာဆီသို့ တွန်းထုတ်ပစ်တတ်ကြသည့်အတွက် ထိုအရပ်တွင် မိုးမရွာဘဲ တိမ်ကင်းစင်ကာ ကောင်းကင်ပြာနှင့်အတူ နေရောင်ကို ထွန်းလင်းတောက်ပစေသည်။ သာမန်အားဖြင့် ဒေသတစ်ခု၌ရှိသော လေထု၏ဖိအားသည် များလိုက်နည်းလိုက် ဖြစ်ပေါ်တတ်သော်လည်း တစ်ခါတစ်ရံ၌မူ ထူးခြားဖြစ်စဉ်အနေဖြင့် နေ့စဉ်ရက်ဆက်ဆိုသလို ဖိအားများနေသည့်အခါ မိုးမရွာသည့်ကာလ ရှည်ကြာပြီး မိုးခေါင်မှုဖြစ်ပေါ်လာသည်။

မိုးခေါင်မှုကိုဖြစ်ပေါ်စေသည့် နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ပင်လယ်နှင့် သမုဒ္ဒရာရေများ အငွေ့ပျံမှုကြောင့် ဖြစ်ပေါ်လာသော ရေငွေ့အစုအဝေးသည် ပုံမှန်ရောက်နေကျအရပ်ဒေသတစ်ခုသို့ ရောက်မလာခြင်းပင်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာမှ တိုက်ခတ်လာသော မုတ်သုံလေသည် သမုဒ္ဒရာရေပြင်ပေါ်မှ ရေငွေ့များကို သယ်ဆောင်ပေးခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသည်။ မုတ်သုံလေတိုက်ခတ်မှုအင်အား လျော့နည်းခြင်းကြောင့် သမုဒ္ဒရာရေငွေ့များကို သယ်ဆောင်နိုင်စွမ်း ကျဆင်းသွားသည်ဖြစ်စေ၊ မုတ်သုံလေတိုက်ခတ်ရာလမ်းကြောင်း ပြောင်းလဲသွားသည်ဖြစ်စေ အဆိုပါ ဒေသနိုင်ငံများ၌ မိုးခေါင်မှုများ ဖြစ်ပေါ်လာတော့သည်။

တောင်စဉ်တောင်တန်းများသည်လည်း တောင်ကွယ်ရာအရပ်ဒေသများကို မိုးခေါင်မှုဖြစ်ပေါ်စေနိုင်သည်။ ရေငွေ့များကိုသယ်ဆောင်လာသောလေသည် တောင်ကို ဖြတ်ကျော်သည့်အခါ အမြင့်သို့တက်ရင်း အေးလာသည့်အတွက် မိုးအဖြစ်ရွာသွန်းလေ့ရှိရာ တောင်ကို ဖြတ်ကျော်ပြီးချိန်တွင် ရေငွေ့နည်းသွားပြီး တောင်ကွယ်ရာအရပ်များ၌ မိုးခေါင်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။



၂၀၀၈ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ မိုးသည်းထန်၍ ရေကြီးမှု ကြုံတွေ့ရစဉ် (ဓာတ်ပုံ - ဝီကီပီးဒီးယား)

ပုံမှန်ရှိသင့်သည့်အနေအထားထက် ပို၍ အေးမြနေသော သမုဒ္ဒရာရေနှင့် ပို၍ပူနွေးသော သမုဒ္ဒရာရေများသည်လည်း ဖိအားများသည့် လေထုကို ဖန်တီးဖြစ်ပေါ်စေသည်ဖြစ်၍ မိုးခေါင်မှုကို ဖြစ်စေသည်။ သာဓကအားဖြင့် ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်လာတတ်သော အယ်လ်နီညို ရေနွေးစီးကြောင်းသည် ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်း မြောက်အမေရိကတိုက်၌ မုန်တိုင်းများကို ဖြစ်ပေါ်စေသော်လည်း အနောက်ဘက်ခြမ်းရှိ အာရှ၊ ဩစတြေးလျနှင့် အာဖရိကတိုက်၏ အရှေ့တောင်ဒေသတို့တွင် မိုးခေါင်မှုကို ဖြစ်ပေါ်စေသည်။ ထို့အတူ လာနီညာ ရေအေးစီးကြောင်းများကလည်း ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်းရှိ မြောက်အမေရိကတိုက်ကို မိုးခေါင်စေပြီး အာရှ၊ ဩစတြေးလျနှင့် အာဖရိက အရှေ့တောင်ဒေသတို့ကို စွတ်စိုသောရာသီဥတု ဖြစ်ပေါ်စေသည်။

တောင်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီ ဝန်းကျင်ဒေသများတွင် လေထုအပေါ်ယံလွှာရှိ ပူနွေးသော လေစိုင်များက အောက်ဘက်သို့ စဉ်ဆက်မပြတ် စုန်ဆင်းနေကြသည့်အတွက် ထိုအရပ်ဒေသများသည် မိုးခေါင်လွန်းသော ဒေသများ ဖြစ်လာရသည်။ ထို့ကြောင့်ပင် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီ ဝန်းကျင်တွင် သဲကန္တာရများ ကျယ်ပြန့်စွာ တည်ရှိနေကြခြင်းဖြစ်သည်။

လွန်ခဲ့သော ရာစုနှစ်ဝက်ခန့်မှစ၍ မိုးခေါင်မှုကို ဖြစ်ပေါ်စေသော ခေတ်သစ်အကြောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းသည်ကား ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းပင် ဖြစ်သည်။ တရိပ်ရိပ်တက်လာနေသော ကမ္ဘာ့အပူချိန်ကြောင့် ပူနွေးသောလေထုသည် မြေကြီးထဲရှိ ရေငွေ့များကို အဆတိုး၍ စုပ်ယူနေသောကြောင့် ကမ္ဘာ့မြေမျက်နှာပြင်ခြောက်သွေ့မှု ဖြစ်ပေါ်လာခဲ့သည်။ ယင်း၏အကျိုးဆက်အဖြစ် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် မိုးခေါင်မှုဖြစ်ပွားသော အရပ်ဒေသများ၏ အကျယ်အဝန်းမှာ နှစ်ဆတိုးလာခဲ့သည်။ ကမ္ဘာကြီး ပို၍ပူနွေးလာနေခြင်းကြောင့် ကမ္ဘာ့မျက်နှာပြင်၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ကုန်းမြေဒေသများပေါ်၌ ဖြစ်ပေါ်သည့် မိုးခေါင်မှုဖြစ်စဉ်များတွင် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းဖြစ်သော သမုဒ္ဒရာနှင့် ပင်လယ်ရေထုတို့က ပါဝင်ပတ်သက်လာကြတော့သည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေမှုကြောင့် ၁၉၉၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အိန္ဒိယသမုဒ္ဒရာရေပြင်၏ အပူချိန်သည် သုညဒသမ ၂၅ ဒီဂရီ စင်တီဂရိတ် တက်လာခဲ့သည်။ အကျိုးဆက်အဖြစ် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် ပုံမှန်တိုက်ခတ်နေကျကုန်သည်လေများ အားပျော့သွားကာ သမုဒ္ဒရာ အနက်ပိုင်းရှိ အေးသောရေများ အပေါ်သို့ ဆန်တက်လာမှု ၇၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်ကြီး နှစ်ကာလကြာရှည်စွာ ဖြစ်ပေါ်နေမည်ဆိုပါက အိန္ဒိယသမုဒ္ဒရာဝန်းကျင်ရှိ ဒေသများတွင် မိုးခေါင်လာဖွယ်ရှိသည်။ အထူးသဖြင့် အာဖရိကတောင်ပိုင်းဒေသများ၌ ပို၍မိုးခေါင်လာနိုင်သည့် အခြေအနေဖြစ်ပေါ်လာဖွယ်ရှိနေသည်။

### ရေကြီးခြင်း

အခြားတစ်ဖက်တွင်လည်း ပိုမိုပူနွေးလာသည့် ကမ္ဘာ့အပူချိန်ကြောင့် ရေငွေ့ပျံမှုပမာဏ ပိုမိုများပြားလာပြီး ရေသံသရာလည်ခြင်းဖြစ်စဉ်က ပို၍ မြန်ဆန်လာလျက် ရှိနေသည်။ ကမ္ဘာပတ်လမ်းကြောင်း အတွင်း၌ လွှတ်တင်ထားသော ရာသီဥတု စောင့်ကြည့်လေ့လာရေး ဂြိုဟ်တုများက တိုင်းတာပေးပို့ချက်များအရ ကမ္ဘာ့သမုဒ္ဒရာရေပြင်၏ အပေါ်၌ရှိသော လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းနေမှုသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တစ်ရာခိုင်နှုန်း မြင့်တက်လာကြောင်း တွေ့ရှိရသည်။

ကုန်းမြေဒေသများပေါ်၌မူ လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းမှုသည် ၁၉၇၃ ခုနှစ်မှစ၍ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ကုန်းမြေဒေသများအားလုံး မဟုတ်သော်လည်း အချို့နေရာများတွင် ၁၉၉၃ ခုနှစ်ထိတိုင် အနှစ် ၂၀ လုံးလုံး တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့် မှန်မှန်ကြီး တိုးလာနေခဲ့သည်။ ယင်းကဲ့သို့ ရေငွေ့ပျံမှုပမာဏတိုးလာပြီး လေထုအတွင်း ရေငွေ့ပါဝင်ဖွဲ့စည်းမှု မြင့်တက်လာခဲ့လျှင် ကမ္ဘာ့မြေပြင်နှင့် ရေပြင်တို့အပေါ်သို့ မိုးအဖြစ်လည်းကောင်း၊ ဆီးနှင်းမိုးများအဖြစ်လည်းကောင်း ပြန်လည်ရွာချမှု ပမာဏကလည်း ပို၍တိုးလာသည်။

ကမ္ဘာ့မြေပြင်ပေါ်သို့ မိုးရွာချသည့်အခါ သည်းထန်စွာ ရွာသွန်းခြင်း၊ မိုးရွာသွန်းမှု တစ်ကြိမ်နှင့်တစ်ကြိမ် နီးကပ်ခြင်း၊ မိုးသည်းထန်မှုမရှိသော်လည်း နေ့စဉ်ရက်ဆက် အဆက်မပြတ်ရွာသွန်းခြင်းများသည် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေသည်။ ရွာချနေသော မိုးရေချိန်ပမာဏ အလွန်များပြားလာသည့်အခါ ရေဝေဒေသများမှ စီးဝင်လာသော မိုးရေများကို မြစ်ချောင်းများက ရေအိုင်ကြီးများဆီသို့ လည်းကောင်း၊ ပင်လယ်ထဲသို့လည်းကောင်း အလျဉ်မီအောင် ပို့ဆောင်စီးဆင်းနိုင်စွမ်း မရှိတော့သည့်အတွက် မြစ်ကမ်းဘေးနှင့် ချောင်းကမ်းပါးဒေသများ၌ ရေကြီးရေလျှံမှုကြီးများ ဖြစ်ပေါ်လာတော့သည်။

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေသော မိုးရွာသွန်းမှုပုံစံသည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၌ သိသာစွာ ဖြစ်ပေါ်လာခဲ့သည်။ နောက်ပိုင်းတွင်မူ ထိုဖြစ်စဉ် ဖြစ်ရပ်မျိုးကို ကမ္ဘာ့ဒေသအနှံ့အပြားတွင် တွေ့ရှိလာကြရသည်။ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးနေမှုကြောင့် စီးဆင်းလာသော ရေထုကြီးကို ခုခံဟန့်တားထားနိုင်မှု မရှိတော့သည့်အတွက် ရုတ်တရက် ရေလွှမ်းမိုးမှုကို ကြုံတွေ့နေကြရသည်။ လူဦးရေ တိုးပွားလာသည့်အတွက် မြို့ရွာများ တိုးချဲ့ခြင်းကြောင့်လည်း မိုးရေကို စုပ်ယူနိုင်သော မြေပြင်ဧရိယာ ကျုံ့သွားကာ ရေလွှမ်းမိုးမှုများကို ပို၍ဖြစ်ပေါ်လာစေသည်။

စက်မှုဖွံ့ဖြိုးမှု၏ အကျိုးဆက်ဖြစ်သော လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်တက်လာနေခြင်းသည်လည်း ရေကြီးရေလျှံမှုကိုဖြစ်စေသော အကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက် ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူကာပင်စည်ထဲ၌ ကာဗွန်အဖြစ် သိုမှီးထားကြရသလို အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်သိမ်းဆည်းထားကြရသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူရမှုပမာဏ လွန်ကဲများပြားလာသည့်အခါ မြေကြီးထဲမှ ရေကိုစုပ်ယူသောအမြစ်များရှိ ရေစုပ်ပေါက်များ ပိတ်သွားတော့သည်။ ဤသို့အားဖြင့် ကမ္ဘာ့မြေပြင်ပေါ် ရွာချသော မိုးရေများကို အပေါ်ယံမြေလွှာမှတစ်ဆင့် သစ်ပင်အမြစ်များက စုပ်ယူနိုင်စွမ်း လျော့ကျကာ မိုးရေစီးဆင်းမှုကို များပြားစေလျက် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာ့လေထုထဲ၌ ရေငွေ့ပါဝင်နှုန်း တိုးလာသည့်အတွက် အမေရိကန်ပြည်ထောင်စုတွင် မိုးရွာသွန်းမှုပမာဏ ၅ ရာခိုင်နှုန်း ပိုမိုလာခဲ့ပြီး ကမ္ဘာ့မြောက်ဘက်စွန်းဒေသများ၌မူ ၂၀ ရာခိုင်နှုန်းအထိ ပို၍ တိုးလာခဲ့သည်။ ဥရောပတိုက် နေရာအနှံ့အပြား၊ ဩစတြေးလျတိုက်နှင့် အာဖရိကတိုက် တောင်ပိုင်းဒေသများတွင်လည်း မိုးနှင့် ဆီးနှင်းမိုးများ ရွာသွန်းမှုက ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အကျိုးဆက်များအဖြစ် ဒုတိယထောင်စုနှစ်၏ နောက်ဆုံး ၁၀ နှစ်အတွင်း ကမ္ဘာ့ပြည်သူ သန်းပေါင်း ၁၅၀၀ ခန့်သည် ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ကြရသည်။

မှတ်တမ်းများအရ ကမ္ဘာ့အကျယ်ပြန့်ဆုံးသော မြစ်ဝှမ်းဒေသများ၌ အကြီးကျယ်ဆုံးသော ရေလွှမ်းမိုးမှု ၂၁ ကြိမ် ဖြစ်ပေါ်ခဲ့ကာ ယင်းတို့အနက် ၁၆ ကြိမ်မှာ ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပြီး အဆိုပါ တွေ့ရှိချက်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု စတင်ဖြစ်ပေါ်ခဲ့ချိန် နောက်ပိုင်းမှစ၍ ရေလွှမ်းမိုးမှုအကြိမ် ပို၍များပြားလာကြောင်း ထောက်ပြလျက်ရှိသည်။ ထို့အပြင် အနာဂတ်ကာလများ၌ ကမ္ဘာ့ဒေသအနှံ့တွင် ရေဖောင်နေသောမြင်ကွင်းများကို ပိုမို မြင်တွေ့ကြရလိမ့်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါ မှတ်တမ်းများက သတိပေး ထောက်ပြလျက်ရှိနေကြသည်။

မြင့်တက်လာသော ကမ္ဘာ့အပူချိန်သည် အပူပိုင်းဒေသများ၏ ကောင်းကင်ယံရှိ အပေါ်လွှာလေထုအတွင်း တိမ်ဖြစ်ထွန်းမှုကို ပိုမိုများပြားလာစေပြီး ထိုဖြစ်ရပ်က အင်အားအလွန်ကြီးမားသော မုန်တိုင်းများနှင့် သည်းထန်လွန်းသော မိုးရွာသွန်းမှုများကို ဖိတ်ခေါ်လျက်ရှိသည်။ သမုဒ္ဒရာရေပြင် အပူချိန် တစ်ဒီဂရီ စင်တီဂရိတ် တက်လာတိုင်း အပေါ်လွှာလေထု၌ တိမ်ဖြစ်ထွန်းမှုကလည်း ၄၅ ရာခိုင်နှုန်း တိုးလာလျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းမှုကို တစ်ပါတည်း သယ်ဆောင်လာမည့် အင်အားအလွန်ကောင်းသော မုန်တိုင်းအရေအတွက်ကလည်း ဆယ်စုနှစ်တစ်စုလျှင် ခြောက်ရာခိုင်နှုန်း တိုးလာဖွယ်ရှိနေသည်။

### ကမ္ဘာကြီး ပူနွေးလာမှု၏ အကျိုးဆက်

မိုးခေါင်ခြင်းဖြစ်ရပ်များကြောင့် ကမ္ဘာ့အရပ်ဒေသအချို့၌ သောက်သုံးရေ အခက်အခဲဖြစ်ခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ အပူဒဏ်ကို လွန်ကဲစွာ ခံစားကြရခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ သဲကန္တာရများ ကျယ်ပြန့်လာခြင်း စသော ဆိုးကျိုးများကို ခံစားကြရသလို ရေဖောင်သောဖြစ်ရပ်များကြောင့်လည်း ကမ္ဘာ့ အရပ်ဒေသအချို့၌ ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ်ထိခိုက်ပျက်စီးခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး တိရစ္ဆာန်များသေဆုံးခြင်း၊ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကျရောက်ခံစားရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအပေါ် သိသာသောထိခိုက်မှုများ ဖြစ်ပေါ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် အချိန်များစွာ အကုန်အကျခံရခြင်း စသော လူမှုဒုက္ခဆိုးများကို ခံစားကြရစေသည်။

မိုးခေါင်မှု၏ ဆက်စပ်ဆိုးကျိုးများထဲတွင် သဲကန္တာရများ ကျယ်ပြန့်လာနေခြင်းသည် ကြောက်စရာ အကောင်းဆုံးပင်ဖြစ်သည်။ ကမ္ဘာ့ အရှေ့အလယ်ပိုင်းဒေသနှင့် တရုတ်ပြည်မြောက်ပိုင်းဒေသများသည် သဲကန္တာရနယ်မြေ ကျယ်ပြန့်စွာတည်ရှိရာ ဒေသများဖြစ်ပြီး ထိုသဲကန္တာရနယ်မြေများသည် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်နိုင်သောမြေအဖြစ်သို့ မည်သည့်အခါမျှ ပြန်လည်မရောက်ရှိနိုင်တော့သော နယ်မြေများဖြစ်ကြသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် ကမ္ဘာ့မြေပြင်ကို ပို၍ခြောက်သွေ့စေခြင်းဖြင့် မိုးခေါင်မှုကို အဆတိုးကာ ဖြစ်ပေါ်လာစေသည့်နည်းတူ ရေသံသရာလည်ခြင်းဖြစ်စဉ်ကို ပို၍မြန်ဆန်စေခြင်းဖြင့် မိုးရွာသွန်းမှုပမာဏကို အဆတိုး၍ များပြားလာစေခြင်းကြောင့် ရေဖောင်သောဖြစ်ရပ်များကို တိုး၍ ကြုံတွေ့ကြရစေသည်ဖြစ်ရာ လူမှုဒုက္ခအပေါင်းကို ကြုံတွေ့စေသည့် မိုးခေါင်မှုနှင့် ရေဖောင်မှုများမှ ရှောင်လွှဲနိုင်ကြစေရန်အတွက် ကမ္ဘာကြီး ပူနွေးလာနေမှုကို တတ်နိုင်သည့် နည်းလမ်းများဖြင့် အစွမ်းကုန် တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

# မင်းလှမြို့နယ် ဒီးဒုတ်ကန်ကျေးရွာတွင် အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဖွင့်လှစ်

**မင်းလှ ဧပြီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ဆောင်ရွက်ခဲ့သည့် မင်းလှမြို့နယ် ဒီးဒုတ်ကန်ကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာရှိ ဖွင့်ပွဲမှခ်ဦးအခမ်းအနား၌ ကျင်းပခဲ့သည်။

အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ဖွင့်ပွဲမှခ်ဦးကို မင်းလှမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ သရက်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဒီးဒုတ်ကန်ကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ဖွင့်ပွဲ ကျင်းပစဉ်။

အဆိုပါကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးအတွက် ကျေးရွာနှင့် ပေ ၃၀၀၀ ကျော်အကွာရှိ မြေသားမိုးရေလှောင်ကန်မှ ကျေးရွာသို့ ပိုက်လိုင်းသွယ်တန်းခြင်း၊ ကျေးရွာအတွင်းပိုက်လိုင်း သွယ်တန်းခြင်းနှင့် ရေမီတာတပ်ဆင်ခြင်း၊ ဂါလန် ၁၃၅၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတင်ပန့်များတပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၆၅ သိန်း စုစုပေါင်းငွေကျပ် ၂၆၅ သိန်းဖြင့် အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၃၁ အိမ်၊ လူဦးရေ ၁၃၂၄ ဦးတို့အတွက် သောက်သုံးရေ အခက်အခဲများအဆင်ပြေသွားမည်ဖြစ်ပြီး သောက်သုံးရေအတွက် အချိန်ပေးပြီး သယ်ယူ သောက်သုံးစရာမလိုဘဲ အချိန်ပြည့်ရရှိနေပြီဖြစ်သည်ဟု သိရသည်။

**သန်းလွင် (မကွေး)**

# မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာနှစ်ရွာကို သောက်သုံးရေ သွားရောက်လှူဒါန်း

**မိတ္ထီလာ ဧပြီ ၁၀**

မိတ္ထီလာမြို့နယ်၌ မီးသတ်ဦးစီးဌာနနှင့် မေတ္တာမွန်(ပရဟိတ)၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် (မိတ္ထီလာ)တို့ ပူးပေါင်း၍ ယမန်နေ့က သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာနှစ်ရွာကို သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များနှင့် မေတ္တာမွန်(ပရဟိတ)တို့ပူးပေါင်း၍ အိမ်ခြေ အလုံး ၂၈၀၊ လူဦးရေ ၁၄၁၇ ဦးရှိသည့် ကျောက်ဖြူကုန်းအုပ်စု အင်းပက်လက်ကျေးရွာသို့ သောက်သုံးရေအဆင်ပြေစေရန် မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၁၁၂၀၀ ကို လှူဒါန်းခဲ့သည်။

ထို့အတူ အိမ်ခြေ ၄၁ အိမ်၊ လူဦးရေ ၂၁၃ ဦးရှိသည့် ညောင်ပင်လျှိုကျေးရွာအုပ်စု သရက်တန်းကျေးရွာသို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၃၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**




သောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်းပေးနေစဉ်။

# ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲခေါင်းစဉ်ဖြင့် လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲနှင့် ပညာရှင်ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**မန္တလေး ဧပြီ ၁၀**

၂၀၁၉ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ခေါင်းစဉ်ဖြင့် 'ပညာရှင်' လက်ရာနှင့် လျှပ်တစ်ပြက် လက်ရာဟူ၍ ဓာတ်ပုံပြိုင်ပွဲနှစ်မျိုးထည့်သွင်းကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပညာရှင်လက်ရာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် ပြိုင်ပွဲဝင်ပုံ လေးပုံ ပါဝင် ယှဉ်ပြိုင်နိုင်ပြီး နှစ်ဆန်း ၂ ရက် (ဧပြီ ၁၈ ရက်) တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနတွင် ဌာနမှူးရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ကာ ဆုရွေးချယ်ခြင်းကို ဧပြီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။



လမ်းလျှောက် သင်္ကြန်ပွဲ တော်၌ ကလေးများ ရေကစားနေ သည့် လျှပ် တစ်ပြက် ရိုက်ချက်။

လျှပ်တစ်ပြက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက် သင်္ကြန် (အကြို၊ အကျ၊ အကြတ်)နေ့များတွင် ရိုက်ကူးထားသော ဓာတ်ပုံများအား ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့) ညနေ ၃ နာရီမှ ၆ နာရီအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြန်ကြားရေးဌာနနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှူးရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ကာ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)နံနက် ၉ နာရီမှ ၁၂ နာရီအထိ သင်္ကြန်ပွဲတော်တွင် ခင်းကျင်းပြသမည်ဖြစ်ပြီး ပရိသတ်များမှ ကြိုက်နှစ်သက်ရာ ဖုန်းဖြင့် Voting ပေး၍ ဆုရွေးချယ်မည် ဖြစ်သည်။ ဆုရရှိသော အမည်စာရင်းကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ည ၈ နာရီတွင် ကြေညာမည်ဖြစ်သည်။

ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲခေါင်းစဉ်ဖြင့် လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲနှင့် ပညာရှင်ဓာတ်ပုံပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ဓာတ်ပုံများသည် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၂၀၁၉ခုနှစ် သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသော ပုံများဖြစ်ရမည်ဖြစ်ပြီး ပုံအရွယ်အစားမှာ (၁၀ လက်မ× ၁၄ လက်မ) အရွယ်ဖြစ်ကာ ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ မူရင်းဖိုင်နှင့် Print File တို့ကို CD ဖြင့် တစ်ပါတည်း ပူးတွဲတင်ပြရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများရိုက်ကူးရာတွင် ပညာရှင်လက်ရာပြိုင်ပွဲတွင် Digital DSLR ကင်မရာနှင့် Mirrorless ကင်မရာတို့ဖြင့်သာ ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး လျှပ်တစ်ပြက်လက်ရာပြိုင်ပွဲတွင် မည်သည့်ကင်မရာအမျိုးအစားဖြင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။

ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ခေါင်းစဉ်ဖြင့် လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲနှင့် ပညာရှင်ဓာတ်ပုံပြိုင်ပွဲများ၏ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကာ ဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# တွံတေးမြို့ရှိ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**တွံတေး ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် မြို့ပြဖွံ့ဖြိုးမှုနှင့် လူနေထိုင်မှုစနစ်တိုးတက်လာမှုတို့အပေါ်မူတည်၍ အထပ်မြင့်အဆောက်အအုံများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ တွံတေးမြို့ပေါ်ရှိ(၈) ရပ်ကွက်အတွင်း တည်ဆောက်ထားသော အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေး၊ အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်က စတင်ကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက မြို့ပေါ်(၈)ရပ်ကွက်ရှိ အထပ်မြင့်အဆောက်အအုံများ လိုက်လံစစ်ဆေးရာ လိုက်နာဆောင်ရွက်ရမည့် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံများရှိသကဲ့သို့ လိုက်နာဆောင်ရွက်ရန်အားနည်းသည့် အဆောက်အအုံများလည်းရှိကြောင်း၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်တို့ဖြစ်ပေါ်လာပါက အဆောက်အအုံအမျိုးအစားအလိုက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အအုံတစ်လုံးချင်းစီ၏ အချက်အလက်များရယူခြင်းနှင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တွံတေးမြို့ပေါ် (၈)ရပ်ကွက်တွင် သုံးထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံ ၃၈ လုံးရှိကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# စစ်တွေတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်း

**စစ်တွေ ဧပြီ ၁၀**

စစ်တွေမြို့နယ်အတွင်း ယနေ့နံနက်က မိုးသက်လေပြင်းတိုက်ခတ်မှုများဖြစ်ပွားပြီး သစ်ပင်များပြိုလဲခြင်းကြောင့် လမ်းများပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းကြသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ မင်းဗာကြီးလမ်း၊ ရေတွင်းလမ်း၊ စစ်တွေတပ်နယ် ရန်ကုန်-စစ်တွေကားလမ်းနှင့် စစ်တွေ-ရေချမ်းပြင်ကားလမ်းတို့တွင် သစ်ပင်များကျိုးကျပြီး ကားလမ်းများပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် ကားလမ်းပိတ်ဆို့မှုများရှိနေပြီး ခရီးသွားပြည်သူများ သွားလာရေး ခက်ခဲနေမှုကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဆန်းဝင်းလှိုင် ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များနှင့်အတူ သစ်ပင်များကို ပိုင်းဖြတ်ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



မီးသတ်တပ်ဖွဲ့ဝင်များ လမ်းပိတ်ဆို့မှုများကို ရှင်းလင်းပေးနေစဉ်။

# မဟာသင်္ကြန်ကာလအတွင်း တားမြစ်စိတ်ကြွဆေးပြားရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေး

**ကျိုက်ဒိုး ဧပြီ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် ယနေ့ နံနက်က မဟာသင်္ကြန်ကာလအတွင်း ဆေးဆိုင်များတွင် တားမြစ်ထားသည့် စိတ်ကြွဆေးပြားများရောင်းချမှု မရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို နယ်မြေစခန်းမှူး ရဲအုပ်ထွန်းနေဦးနှင့်ရဲတပ်ဖွဲ့များ၊ စည်ပင်သာယာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်၊ ကျေးလက်ကျန်းမာရေးမှူး ဦးမိုးမြင့်ဝင်းနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တာဝန်ခံရန်နိုင်လင်းတို့ ပူးပေါင်း၍ မြို့မစျေးနှင့် မြို့ပေါ်ဆေးဆိုင်များကို သွားရောက်ကာ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် မီးသတ်တာဝန်ခံမှ မြို့မစျေးတွင်ရောင်းချနေသော မီးခြစ်၊ မီးခြစ်ဂက်စ်ဖြည့်ဘူးများ၊ မီးသတ်ဆေးဘူးများ သတ်မှတ်ထားသည့် နေရာများတွင် စနစ်တကျထားရှိမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းစင်စေရေးအတွက် အသိပညာပေးကြော်ငြာပိုစတာများ၊ ရပ်၊ကြည့်၊ သွား၊ ဆိုင်းဘုတ်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

# ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များသို့ ရေပေးဝေနေသည့် မြို့ကြီးရေလှောင်တမံ

**တင်လှိုင် (မိတ္ထီလာ)**


**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ နှစ်မျိုးလုံးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။**

**မြို့ကြီးရေလှောင်တမံမှ လက်ရှိဇော်ဂျီဆည်ရေသောက်စနစ်သို့ စိုက်ပျိုးရေ ပိုမိုဖြည့်တင်းပေးနိုင်မည်ဖြစ်ခြင်း၊ ကင်းတားဆည်ရေသောက်ဧရိယာများသို့ စိုက်ပျိုးရေပိုမို၍ ရေကူဖြည့်တင်းပေးနိုင်မည်ဖြစ်ခြင်းတို့အပြင် မိုးရွာသွန်းမှုနည်းကာ ရေရှားပါးပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်ဒေသ အတွင်းရှိ စိုက်ပျိုး၍မရနိုင်သော မြေများကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၍ မိတ္ထီလာလွင်ပြင်ဒေသစိမ်းလန်း စိုပြည်လာမည်ဖြစ်ခြင်း၊ ဒေသဝမ်းစာဖူလုံရေးနှင့် သီးနှံအထွက်တိုးပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေမည်ဖြစ်ခြင်းတို့ကြောင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။**

### လျှပ်စစ်နှင့် စိုက်ပျိုးရေး နှစ်မျိုးအကျိုးပြု

မြို့ကြီးရေလှောင်တမံအား ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် ၂၀၀၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ မြို့ကြီးရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၇၂၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၃၇၃၄၂၀ နှင့် ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ဧက ၃၄၂၀ ဖြစ်၍ ရေဧကပေ ၃၅၉၅၀ သိုလှောင်နိုင်မည်ဖြစ်သည်။

တမံမှာ ဇုန်အမျိုးအစား မြေသားတမံဖြစ်ကာ အလျား ၂၄၆၀ ပေ၊ အမြင့် ၂၅၈ ပေ ရှိသည်။ ရေလွှဲဥမင်မှာ မြင်းခွာပုံစံဖြစ်ပြီး အလျား ၁၅၃၅ ပေ၊ အချင်း ၁၈ ပေ ရှိပါသည်။ ရေအားလျှပ်စစ်ဥမင်မှာ Circular-Shaped ပုံစံဖြစ်ပြီး အလျား ၁၆၄၄ ပေ၊ အချင်း ၂၁ ပေ ရှိသည်။ မြို့ကြီးရေလှောင်တမံမှ ရေနည်းပါးသည့်အချိန်တွင် ရေအားလျှပ်စစ်စက်ရုံ မလည်ပတ်နိုင်ပါက စိုက်ပျိုးရေ ပေးဝေနိုင်ရန်အတွက် အလျား ၆၉ ပေ၊ အချင်း ၁၀ ပေရှိ Circular-Shaped ပုံစံစိုက်ပျိုးရေထုတ်ပေါက်အား ထည့်သွင်းတည်ဆောက်ထားသည်။



မြို့ကြီးရေလှောင်တမံ

ရေအားလျှပ်စစ်စက်ရုံမှာ အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ၈၁ ပေ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်ရန်အတွက် ဖရန့်ဆစ် (Francis Turbine Vertical Shaft) အမျိုးအစား တာဘိုင်နှစ်လုံး ထည့်သွင်းတည်ဆောက်ထားပြီး မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်တပ်ဆင်အင်အား ၃၀ မဂ္ဂါဝပ် (၁၅ မဂ္ဂါဝပ် × ၂ လုံး) ကို (၃၃ ကေဗွီ × ၂ ထပ်လိုင်း × ၁၀ ဒသမ ၆၅ မိုင်)ဖြင့် မဟာဓာတ်အားလိုင်းသို့ နှစ်စဉ်ပျမ်းမျှ ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်ပေးဝေမည်ဖြစ်သည်။ ထို့အပြင် အကျယ် ၂၉၅ ဒသမ ၃ ပေရှိ Ogee Type ပုံစံ ရေပိုလွှဲအားလည်းကောင်း၊ အကျယ် ပေ ၁၆၀ ရှိ Broad Crest ပုံစံ ရေလွှဲဆည်ကိုလည်းကောင်း၊ အလျား ၁၁ ဒသမ ၄ မိုင်ရှိသော မြို့ကြီးမြောင်းမတော် အမှတ် (၁) နှင့် အလျား ၁၀ မိုင်ရှိသော မြို့ကြီးမြောင်းမတော် အမှတ် (၂) တို့ကို လည်းကောင်း တည်ဆောက်ထားရှိသည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပေးဝေရန် လေ့လာတိုင်းတာချက်များအရ ဇော်ဂျီရေလှောင်တမံ၏ အထက်ပိုင်း၌ ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်၍ တမံနှစ်ခုမှ သိုလှောင်ရေနှင့် ကြားစီးဆင်းရေ စုစုပေါင်းပမာဏ ၁၁ ဒသမ ၅ သိန်းဧကပေခန့်ကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံကို တည်ဆောက်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်ဧရိယာဧက ၈၂၀၀၀ အတွက် ရေပမာဏ ဧကပေ ခုနစ်သိန်းခန့်နှင့် ကင်းတားလက်ယာမြောင်း၏ ပြောင်းပြ၊ ငလိုင်းဇင်ရေသောက်ဧရိယာ ဧက ၃၈၃၀၀ အတွက် ရေပမာဏ ဧကပေ ၄ ဒသမ ၅ သိန်း ထုတ်လွှတ်ပေးရန် ရည်ရွယ်တည်ဆောက်လျက်ရှိရာ ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ကင်းတားဆည်မှ လက်ယာမြောင်းရေသောက်စနစ်သို့ ပေးဝေလျက်ရှိသည့် စိုက်ပျိုးရေများကို မိတ္ထီလာလွင်ပြင်ရှိ မြေဧရိယာ ဧက ၃၃၀၀၀ သို့ လွှဲထုတ်ပေးဝေနိုင်မည်ဖြစ်ပါသဖြင့် ခြောက်သွေ့နေသည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာစေမည်ဖြစ်သည်။

### သိုလှောင်ရေများ ထပ်ဆင့်ဖြန့်ဝေပေးနိုင်

မြို့ကြီးရေလှောင်တမံအတွင်းတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ရေသိုလှောင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်း မိုးစပါးအောင်ရေ၊ သောက်သုံးရေနှင့် စက်ရုံသုံးရေများကို ပေးဝေခဲ့သည်။ လက်ရှိအချိန်တွင် မြို့ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးရင်း ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်းရှိ ဇော်ဂျီရေသောက်ဧရိယာများ၏ စိုက်ပျိုးရေလိုအပ်ချက်အရ ရေပေးဝေလျက်ရှိသည့်အပြင် သောက်သုံးရေနှင့် စက်ရုံသုံးရေများ၊ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးလျက်ရှိသည်။

မြို့ကြီးရေလှောင်တမံမှ ဇော်ဂျီဆည်ရေသောက်ဧရိယာများဖြစ်သည့် ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာအုပ်စု ၇၅ အုပ်စုမှ ကျေးရွာပေါင်း ၁၆၉ ရွာနှင့် စဉ့်ကိုင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၄၀ မှ ကျေးရွာပေါင်း ၈၅ ရွာတို့ကို စိုက်ပျိုးရေ၊ သောက်သုံးရေများနှင့် လျှပ်စစ်ဓာတ်အားများ ပေးဝေလျက်ရှိသည်။ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များတွင် မိုးစပါး/နွေစပါးအပြင် နှမ်း၊ ပဲတီစိမ်း၊ ဝါများလည်း စိုက်ပျိုးလျက်ရှိသည်။ ကျောက်ဆည်မြို့နယ်တွင် နွေစပါး ၆၈၃၄ ဧက၊ နွေသီးနှံ ၂၆၁၉၁ ဧကနှင့် စဉ့်ကိုင်မြို့နယ်တွင် နွေစပါး ဧက ၃၇၀၀၊ နွေသီးနှံ ဧက ၁၂၀၀ တို့ စိုက်ပျိုးလျက်ရှိရာ မြို့ကြီးရေလှောင်တမံမှ စိုက်ပျိုးသီးနှံများအတွက် ရေအလုံအလောက်နှင့် လျှပ်စစ်မီးပါရရှိနေကြသဖြင့် ကျေးရွာတောင်သူလယ်သမားများအတွက် အဘက်ဘက်မှ အဆင်ပြေလျက်ရှိသည်။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်နိုင်မှုကြောင့် နိုင်ငံတော်လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ ဓာတ်အားထုတ်လုပ်နိုင်မှု ၃၀ မဂ္ဂါဝပ် တိုးတက်လာသည့်အပြင် စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်သဖြင့် မိတ္ထီလာလွင်ပြင်ဒေသအတွင်း စိမ်းလန်းစိုပြည်မည်ဖြစ်ပြီး ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပုလောမြို့နယ်အတွင်း သင်္ကြန်ကာလနီးချိန် ရိုးရာမပျက် ကျားအက လှည့်လည်ကပြ

**ပုလော မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ပုလောမြို့နယ်တွင် သင်္ကြန်ကာလနီးကပ်လာပြီဖြစ်၍ နှစ်စဉ်နှစ်တိုင်း ပြုလုပ်လျက်ရှိသော ပုလောမြို့ ဓလေ့ထုံးစံ ကျားအကဖြင့် ယမန်နေ့က မြို့အနှံ့လှည့်လည်ကပြလျက်ရှိသည်။

ကျားအကသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်၊ ပုလောစသည့် ဒေသများတွင်ရှိသော အကတစ်မျိုးဖြစ်သည်။ ကျားကရာတွင် ကျားပုံတီးပြီး ကပြရသည်။ ကျားပုံကို စည်းချက်အဖြစ် အသုံးပြုပြီး စည်းဝါးတကျ ကပြခြင်းမျိုးဖြစ်သည်။ ဘုရားကျောင်းကန်များ ပြုပြင်ကုသိုလ်ယူရန် အလှူငွေကောက်ခံ ကပြအသုံးတော်ခံခြင်းဖြစ်သည်။ ပုလောမြို့နယ်အတွင်းရှိ ရပ်ကွက်စုများမှ မိမိတို့ကိုးကွယ်ရာ ဘုန်းကြီးကျောင်းများအလိုက် ကျားအကဖြင့် ဖျော်ဖြေလေ့ရှိသည်။ သင်္ကြန်အကြိုနေ့တွင် နောက်ဆုံးအနေဖြင့် ဘုန်းကြီးကျောင်း၌ လှည့်လည်ကပြသည်။



ပုလောမြို့နယ်ဓလေ့ ကျားအက လှည့်လည်ကပြနေစဉ်။

ကျားအက ကရန် ကိုယ်ပေါ်တွင် ဆေးရေးခြယ်ခြင်းကို သန်းခေါင်အချိန်တွင် ရေးခြယ်ရသည်။ ပါးစပ်အနားတွင်မူ မနက်အချိန် စတင်ကပြမည့်အချိန်မှသာ ရေးခြယ်ရသည်။ ကျားဆေးမှာ သဘော်ဆေးဖြစ်ပြီး ဒေသခံပန်းချီရေးတတ်သူများက ကျားအသွင်သဏ္ဌာန်ပေါ်လွင်အောင် ရေးဆွဲပေးရသည်။

ကျားအက ကရာတွင် ကပြသူချည်းမဟုတ်ဘဲ မုဆိုးဟုခေါ်သော ကပြသူများလည်း ပါဝင်သည်။ မုဆိုးအဖြစ် ကပြရာတွင် လူကြီးသာမက ကလေးများလည်း ပါဝင်ကပြကြသည်။ ကျားက ကသူများမှာ ကာလသားလူငယ်များသာ ဖြစ်သည်။ ပါဝင်ကပြသူများအားလုံးမှာ လုပ်အားဒါနအဖြစ် အခမဲ့ကပြခြင်းသာ ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာ သင်္ကြန်ကာလ နီးကပ်လာသည့်အချိန်တွင် ပြုလုပ်သော ဓလေ့ထုံးစံတစ်ခုဖြစ်၍ ဒေသခံများ စိတ်ဝင်တစားအားပေးကြပြီး လူကြိုက်အများဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ပြပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။

**ထူးဝေယံ (ပြန်/ဆက်)**

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တာချီလိတ်သင်္ကြန် ဗဟိုမဏ္ဍပ်အား လုံခြုံရေးအတွက် စောင့်ကြည့်ကင်မရာများ တပ်ဆင်ထားမည်

**တာချီလိတ် ဧပြီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၏ သင်္ကြန်ဗဟိုမဏ္ဍပ်ကို ယခင်နှစ်ထက် တိုးချဲ့ပြင်ဆင်ထားကာ လာရောက်သူများ၏ လုံခြုံရေးအတွက် စီစီတီဗွီများ တပ်ဆင်ပေးထားပြီး ဝိုင်ဖိုင်အခမဲ့ အသုံးပြုနိုင်ရန်အတွက် စီစဉ်ထားကြောင်း သိရသည်။



တာချီလိတ်မြို့၏ ဗဟိုမဏ္ဍပ် တည်ဆောက်ထားမှုကို တွေ့ရစဉ်။

သင်္ကြန်ဗဟိုမဏ္ဍပ်ကို တာချီလိတ်မြို့ရှိ ရှမ်းရိုးမကွင်းတွင် တည်ဆောက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်အပါအဝင် ကျန်မဏ္ဍပ်များမှာ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မဏ္ဍပ်၊ ဆန်ဆိုင်း(က+ခ) မဏ္ဍပ်၊ ဝိန်းကျော က်+ပါဆတ်+ဆေခမ်း မဏ္ဍပ်၊ မယ်ခေါင်+ရန်အောင်မြေမဏ္ဍပ်၊ ပုန်းထွန်+တာလော့+ဝမ်ကောင်း+မကာဟိုခမ်းမဏ္ဍပ်နှင့် ရေပေးဝေရေး+ IM-Net ကုမ္ပဏီမဏ္ဍပ် စုစုပေါင်း မဏ္ဍပ်ခုနစ်ခု ပါဝင်မည်ဖြစ်သည်။

ဗဟိုမဏ္ဍပ် ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များတွင် ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ည၌ ပါဆပ်နှင့် ဆေခမ်းရပ်ကွက် ကိုယ်စားပြု ယိမ်းအဖွဲ့၊ စစ်ဇျူဟာ (အခြေချ) တာချီလိတ် ကိုယ်စားပြု ယိမ်းအဖွဲ့၊ ဝမ်လုံးနှင့် မိုင်းဟဲကျေးရွာအုပ်စု ကိုယ်စားပြု ယိမ်းအဖွဲ့၊ ဝိန်းကျောက်နှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု ကိုယ်စားပြုယိမ်းအဖွဲ့၊ တာလေမြို့ ကိုယ်စားပြုယိမ်းအဖွဲ့တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီ ၁၄ ရက် ညတွင် မြန်မာနိုင်ငံ သတင်းအစည်းအရုံး ကိုယ်စားပြုယိမ်းအဖွဲ့၊ ဝမ်ကောင်းနှင့် မကာဟိုခမ်းရပ်ကွက် ကိုယ်စားပြုယိမ်းအဖွဲ့၊ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ကိုယ်စားပြုယိမ်းအဖွဲ့(၁)နှင့်(၂) နယ်မြေခံတပ်ရင်းကိုယ်စားပြုယိမ်းအဖွဲ့၊ ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စားပြုယိမ်းအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ပြိုင်ပွဲ၏ နောက်ဆုံးညဖြစ်သည့် သင်္ကြန်အကြတ်နေ့ ညတွင် မိုင်းဖုန်း(က+ခ)ကျေးရွာအုပ်စု ကိုယ်စားပြုယိမ်းအဖွဲ့၊ မယ်ခေါင်နှင့် ရန်အောင်မြေရပ်ကွက်ကိုယ်စားပြုယိမ်းအဖွဲ့၊ ပုန်းထွန်ရပ်ကွက်နှင့် တာလော့ရပ်ကွက် ကိုယ်စားပြုယိမ်းအဖွဲ့အပြင် ဆန်ဆိုင်း (က+ခ) ကိုယ်စားပြု ယိမ်းအဖွဲ့တို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ သင်္ကြန်ယိမ်းအဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများ၏ ဆုပေးပွဲကို သင်္ကြန်အတက်နေ့တွင် သင်္ကြန်ပိတ်ပွဲနှင့်အတူ ဆုပေးပွဲကျင်းပကာ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။ **ခရိုင် (မြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံလက်မှုသင်တန်းဆင်းပွဲကျင်းပ

**ဟုမ္မလင်း ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဟုမ္မလင်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုသင်တန်းဆင်းပွဲကို ယမန်နေ့က ဟုမ္မလင်းမြို့နယ် ရှမ်းမိုင်းတောင်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲ၌ ဝါးလက်မှုပစ္စည်းများကို ပြသထားစဉ်။

ဟုမ္မလင်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းလတ်က ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး ဝါးအသုံးပြု၍ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်ရေးတို့ကို ဝါးအခြေခံလက်မှုသင်တန်းဆင်းပွဲတွင် ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းနောက် သင်တန်းဆင်းပွဲတွင် ပထမဆု၊ ဒုတိယဆု ၊တတိယဆု၊ နှစ်သိမ့်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး(ခ) ဦးကိုကိုလေးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ဟုမ္မလင်းမြို့နယ် ရှမ်းမိုင်းတောင်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား သင်တန်းသူ ၂၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းဆရာများက ဝါးနှင့်ပြုလုပ်သည့် နာရီ၊ ရေခွက်၊ မီးအိမ်၊ ဖုန်းတင်ခုံ၊ တစ်သျှူးဘောက်၊ လင်ပန်း၊ ခဲတံပုံးဘောက်စသည့် အခြေခံရှစ်မျိုးတို့ကို မတ် ၂၈ ရက်မှ ဧပြီ ၁၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**လင်းလင်း(မြန်/ဆက်)**

# ငမြောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းနည်း အသိပညာပေး

**ဟိုပုံး ဧပြီ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာ ကေတုမတီဘုန်းတော်ကြီးကျောင်း၌ လာမည့်မိုးရာသီတွင် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အစေ့ထုတ်ပြောင်းကေ ၂၀၅၀၀ ကေ ခန့် စိုက်ပျိုးရန် ရည်မှန်းထားရာ ငမြောင်တောင်ပိုး အန္တရာယ်မကျရောက်စေရန်ဘက်စုံ ကြိုတင်ကာကွယ်နှိမ်နင်းနည်း တောင်သူပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက ငမြောင်တောင်ပိုး၏ မူရင်းဒေသမှာ အမေရိကတိုက်မှဖြစ်ပြီး မုန်တိုင်းလေကြောင်းများဖြင့် ပျံ့နှံ့ရာ ၂၀၁၆ ခုနှစ်တွင် အာဖရိကနိုင်ငံများ၊ ၂၀၁၈ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံရှိ ပြောင်းခင်းများတွင် ကျရောက်လာပြီး နိုဝင်ဘာလမှ စ၍ ရေဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြောင်းခင်းများတွင် ကျရောက်ခဲ့ကြောင်း၊ ငမြောင်တောင်ပိုးသည် ပြောင်းနှင့် အခြားအဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် ဝါသီးနှံများအပါအဝင် သီးနှံမျိုးပေါင်း ၈၀ ကျော်ကို စားသောက်ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်း ကီလိုမီတာ ၁၀၀ အထိ ပျံသန်းနိုင်စွမ်းရှိကြောင်း မှတ်တမ်းများရှိခဲ့ရာ ထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်းမရှိလျှင် သီးနှံအထွက်နှုန်းကို သိသိသာသာ ထိခိုက်စေနိုင်သည့် ဖျက်ပိုးဖြစ်ကြောင်းနှင့် ငမြောင်တောင်ပိုး၏ ဘဝစက်ဝန်း၊ ဖျက်ကောင်များ၏ အလေ့အထ၊ ကျရောက်ပုံလေ့၊ စားသောက်ဖျက်ဆီးပုံ၊ ဖျက်ဆီးမှုလက္ခဏာ၊ ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းခဲ့သည်။

**ထက်ထက် (ဟိုပုံး)**

# ပန်းပိတောက်တွေဝေ

✤ သူလည်းပိတောက်
ကိုယ်လည်းပိတောက်နှင့်
ပိတောက်ဝါ ဝေသီဖူး
ရွှေရည်လူး ရင်ခုန်သံ၊

✤ ဝင်းဖန့်ဖန့် အခိုင်ခိုင်
သင်းရနံ့ တလှိုင်လှိုင်နဲ့
မြိုင်ဂိမှာန် သူလှုပ်နှိုး
မိုးသင်းနံ့ပန်။

✤ နွေအဦး
လေရှူးရယ် ဟိုဒီမွှေလို့
ရွှေရွက်တို့ ကြွေသက်ပျံ
မြေထက်ယံ ရော်ရည်မြန်း၊

✤ မြန်မာ့မြေ ပြည်တစ်ခွင်မှာလ
အလှနွေ ရေသဘင်ပေါ့
မင်္ဂလာပိတောက်ဖူးတွေလည်း
အစဉ်သာ အရောက်ထူးပါခဲ့
လတန်ခူးရယ် ခါတော်ကြိုလို့
ပျော်ရွှင်ချို ဆိုအကတွေနဲ့
ပိတောက်ဝါ နံ့သာသီလို့ရယ်
မြန်မာ့နှစ်ဆန်း။ ။

အောင်လံမြေ - နေညိုညို

# ကျေးရွာနှစ်ရွာအား တီဘီရောဂါအကြောင်း အသိပညာပေး

**တပ်ကုန်း ဧပြီ ၁၀**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကင်မွန်းတန်း ကျေးရွာတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့ ပူးပေါင်း၍ တီဘီရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အောင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းသန်းဆွေတို့က တီဘီရောဂါအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာတွင်လည်း အလားတူ ကျန်းမာရေးအသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ယင်လုံအိမ်သာများ လိုက်လံစစ်ဆေး၍ လိုအပ်သည်များ အကြံပြုဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**

# အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

**လေးမျက်နှာ ဧပြီ ၁၀**

ကျေးလက်နေပြည်သူများ အစားအသောက်များ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လေးမျက်နှာမြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းအောင်နှင့် ဝန်ထမ်းများက ယနေ့နံနက်တွင် လေးမျက်နှာမြို့နယ် သခွတ်ချောင်းအုပ်စု ကျွန်းတဲကျေးရွာဓမ္မာရုံ၌ အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးက အစားအသောက်များ ဝယ်ယူခြင်း၊ သရေစာအဖြစ် စားသုံးသည့် မုန့်နှင့် ချက်ပြုတ်စားသောက်သော ဆီ၊ ဟင်းချိုမှုန့်၊ အရောင်တင်မှုန့်၊ ငါးပိ၊ ငါးခြောက်၊ ပဲပြား၊ မျှစ်၊ ပုစွန်ချဉ် စသည့် မီးဖိုချောင်သုံးပစ္စည်းများတွင် ပါဝင်သော ဓာတုဆေးဝါးများ ဆိုးဆေးများ၏ အန္တရာယ်နှင့် FDA မှတားမြစ်ထားသည့် အစားအသောက်နှင့် ဆေးဝါးများ သက်တမ်းလွန် အစားအသောက်များကို ဝယ်ယူသုံးစွဲမှုမပြုရေးတို့နှင့် အစားအသောက်ကြောင့် ထိခိုက်မှု၊ နစ်နာမှု၊ ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးဆိုင်ရာများကို ကျေးရွာနေ ပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ရွှေမိုး (မြန်/ဆက်)**

## စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင်ဘုရားကြီး အကြီးစားဘက်စုံပြုပြင်မွမ်းမံမှုကို ပြန်လည်စတင်

**စစ်ကိုင်း မေ ၁၀**

စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ရတနာစေတီဆင်များရှင်ဘုရားကြီးအား အကြီးစားဘက်စုံ ပြုပြင်မွမ်းမံမှုကို ပြန်လည်စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ ပြုပြင်မွမ်းမံမှုကို သီတဂူဆရာတော်ကြီး ကြီးမှူး၍ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ရာသီဥတုအခြေအနေကြောင့် လုပ်ငန်းများ ရပ်နားခဲ့ရာမှ ယခုနှစ် မေ ၇ ရက်က စတင်၍ အကြီးစားဘက်စုံပြုပြင်မွမ်းမံမှုကို ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း ဆင်များရှင်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ရတနာစေတီ ဆင်များရှင်စေတီတော်ကြီးသည် ခေတ်အဆက်ဆက် ငလျင်ဒဏ် အကြိမ်ကြိမ်ခံခဲ့ရကာ မြေခဲ့ရသည့် အကြိမ်ပေါင်းလေးကြိမ် ရှိခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ရင်ပြင်တော်နှင့် စေတီလုံးပတ်အချို့နေရာများတွင် အက်ကြောင်းထင်ဟပ်ခဲ့ပြီး ထီးတော်မှ အရန်စိန်ဖူးတော်နှင့် အချို့ရတနာပစ္စည်းများ မြေခဲ့ကြောင်း ဘုရားဂေါပကအဖွဲ့မှတ်တမ်းများအရ သိရသည်။

စေတီတော်ကြီးကို သမိုင်းဆိုင်ရာ အချက်အလက်များနှင့် တိုက်ဆိုင်၍ မူလပုံစံအတိုင်း ငလျင်ဒဏ်ခံနိုင်အောင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေထီးတော်အသစ်နှင့် ရွှေသင်္ကန်း ပြန်လည် ကပ်လှူပူဇော်မည်ဖြစ်ကြောင်းနှင့် အကြီးစားဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် လက်ရှိတွင် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုမင်း (အင်းတော်)**

## ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငါးလုပ်ငန်းပညာပေးသင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမျိုးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



ငါးရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဖွင့်ပွဲ ကျင်းပစဉ်။

ငါးလုပ်ငန်း ပညာပေးသင်တန်းခန်းမသည် အလျားပေ ၈၀၊ အနံ ၃၅ ပေ၊ အမြင့် ၂၃ ပေရှိ အာစီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေကျပ် ၁၃၇၁၆၅၀၀၀ ဖြင့်လည်းကောင်း၊ ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်းသည် အလျားပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိအာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေကျပ် ၃၅၆၂၀၀၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမနှင့် ငါးရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသည် ရေချိုငါးများကို စားသုံးသူများအတွက် စဉ်ဆက်မပြတ် ပိုမိုတိုးတက် ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်သည့်ရေထွက်ကုန်ပစ္စည်းများသည်လည်း စားသုံးသူများ ဘေးဥပဒ်မဖြစ်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းသော ရေထွက်ကုန်ပစ္စည်းများဖြစ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် သုတေသနလုပ်ငန်း၊ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်း၊ အခြားသောလိုအပ်သည့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်သော တိုင်းဒေသကြီး၏ ပင်မအရင်းအမြစ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

**ဟိန်းထက် (ပဲခူး)**

## ပင်းတယ၌ မြို့နယ်အဆင့် သက်ကြီးပူဇော်မည်

**ပင်းတယ မေ ၁၀**

ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မြို့နယ်အဆင့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက် (နှစ်ဆန်း ၁ ရက်နေ့) တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပထမအကြိမ် သက်ကြီးပူဇော်ပွဲတွင် ပင်းတယမြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်တွင် နေထိုင်ကြသော အသက် ၈၅ နှစ်နှင့် အထက်ရှိ သက်ကြီးဘိုးဘွား ၅၄ ဦးတို့အား နှစ်သစ်မင်္ဂလာအထိမ်းအမှတ် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ဖြင့် ပူဇော် ကန်တော့ကြပြီး အာဟာရများ ကျွေးမွေးခြင်းနှင့် ကိုယ်လက်သန့်စင်ပေးခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်အောင်ဖြိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့က စုပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပင်းတယမြို့အဝင် နတ်စင်တွင် တည်ထားကိုးကွယ်ထားသည့် စေတီပုထိုးတော်မြတ်နှစ်ဆူအား ရေသပ္ပာယ်ခြင်းနှင့် ရှေးသမိုင်းဝင် ပုန်းတလုတ်ရေကန်အတွင်းသို့ ငါးသားပေါက်များ လွှတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

## အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို လူမှုရေးပင်စင် ထောက်ပံ့

**တောင်တွင်းကြီး မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို လူမှုရေးပင်စင်များ ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ လူမှုရေးပင်စင်ထောက်ပံ့ငွေပေးအပ်ခြင်းကို သုံးလလျှင်တစ်ကြိမ် ပေးအပ်လျက်ရှိရာ (ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လ)များအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၅၁၆ ဦးကို လူမှုရေးပင်စင်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၄၅၄၈၀၀၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းတို့က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း (ပြန်/ဆက်)**

## ကံမမြို့နယ်တွင် ကြက်သွန်ပေါ်ချိန် ဈေးနှုန်းများကျ၍ တောင်သူများအရှုံးပေါ်

**ကံမ မေ ၁၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ လက်ရှိ ကြက်သွန်များပေါ်ချိန်တွင် အခြားသောမြို့နယ်များရှိ ကြက်သွန်များ ပြိုင်တူပေါ်ချိန်ဖြစ်၍ ကြက်သွန်ဈေးနှုန်းများ ကျဆင်းကာ ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

အောင်လံ၊ သရက်၊ ကံမမြို့နယ်များမှ ထွက်ရှိသော ကြက်သွန်များကို ပြည်မြို့ရှိ ကြက်သွန်ပွဲရုံဒိုင်များသို့ သွားရောက်ရောင်းချရခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ်က ကြက်သွန်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀/၈၀၀ ပေါက်ခဲ့သော်လည်း ယခုနှစ်ကြက်သွန်ပေါ်ချိန်၌ ကြက်သွန်ပေါက်ဈေးမှာ ကြက်သွန်အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀ မှ ၄၇၀ ဈေးထိသာ ဈေးပေါက်နေသည့်အတွက် တောင်သူများအနေဖြင့် အရှုံးပေါ်ရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် ကျွန်မတို့ ကြက်သွန်စိုက်တောင်သူတွေ အရှုံးပေါ်တာက ပျိုးပင်ဈေးတွေ ဆေးဖိုးကုန်ကျစရိတ်တွေက ကြီးတယ်။ အထွက်နှုန်းကတော့ အသင့်အတင့်ပါပဲ ရောင်းချတဲ့အခါမှာ ကုန်ကျစရိတ်ကများပြီး ရောင်းရတဲ့ ဈေးကနည်းတော့ အရှုံးပေါ်တာပေါ့" ဟု ကံမမြို့နယ်အတွင်းမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကြက်သွန်များကို တန်ဆောင်မုန်းလမှစတင်ကာ စိုက်ပျိုးကြပြီး တစ်လခွဲအထိ ပျိုးထောင်ကာ နတ်တော်လနှင့် ပြာသိုလများတွင် ရွှေ့ပြောင်းစိုက်ပျိုးကြရကြောင်း၊ ကြက်သွန် (၀ ဒသမ ၂) ဧကလျှင် မျိုးစေ့ဖိုး၊ အလုပ်သမားခ၊ ဆေးဖိုးစသည်ဖြင့် သွင်းအားစုစရိတ် ငွေကျပ်တစ်သိန်းခွဲမှ နှစ်သိန်းအထိ ကုန်ကျကြောင်း သိရသည်။

"ဒီနှစ်က ပါးတယ်။ အရောင်းအဝယ်မနှစ်ကလောက် မကောင်းဘူး။ ကြက်သွန်ကလည်း နယ်စုံတစ်ပြိုင်တည်း ပေါ်တာဆိုတော့ ဝယ်လိုအားထက် ရောင်းလိုအားက များတယ်။ ပြည်ပဈေးကွက်မရှိသေးတော့ ဖြန်းအားက မကောင်းဘူးဖြစ်နေတာ" ဟု ပြည်မြို့ ကိုမျိုး ကြက်သွန်ရောင်းဝယ်ရေးဒိုင်မှ ပြောသည်။

**သန်းလွင်**



ပြည်မြို့ရှိ ကြက်သွန်အဝယ်ဒိုင်တစ်ခုကို တွေ့ရစဉ်။

### သာသနာတော်နှစ် ၂၅၆၂-၂၅၆၃ ခုနှစ်
### သင်္ကြာရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း (၁) ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ
### ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်၊ သာသနာတော်နှစ် ၂၅၆၃ ခုနှစ် ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့

**၁။ မဟာသင်္ကြန်ကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၀ ပြည့်နှစ် တာကူးလဆန်း (၁၀) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၄) ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၅- နာရီ၊ ၂၁ -မိနစ်၊ ၄၂ - စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန် အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၁) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၁) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅) ရက် တနင်္လာနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန် အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၂) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၆) ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် ညစက် ၉ -နာရီ၊ ၂၆- မိနစ်၊ ၂၃- စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၃) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တာကူးလဆန်း (၁၃) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၇) ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

၁၃၈၁ ခုနှစ်သည် လထပ်ရက်ငင်မရှိသော ရိုးရိုးနှစ်ဖြစ်ပါ၍

သာသနာတော်နှစ် ၂၅၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘာသာသာသနာတော် ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့သည် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပြီး

မြန်မာ-ရခိုင် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက် သောကြာနေ့တွင် ဒုတိယပစ္ဆိမဝါကို ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

# အူရီဒူးမြန်မာနှင့် Cookie TV တို့ ပူးပေါင်း၍ ရုပ်သံဝန်ဆောင်မှုအသစ်များ ပေးသွားမည်

**ရန်ကုန် ဧပြီ ၁၀**

အူရီဒူးဆင်းကတ် သုံးစွဲသူများအတွက် တိုက်ရိုက်ရုပ်သံလိုင်းများနှင့် ဒီဂျစ်တယ်ဖျော်ဖြေရေးအစီအစဉ်များကို ဝန်ဆောင်မှုပေးရန် Cookie TV နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်း၍ အထူးအစီအစဉ်သစ်တစ်ခုကို ဧပြီ ၄ ရက်က စတင်ထားကြောင်း သိရသည်။

Cookie TV အနေဖြင့် အူရီဒူးမြန်မာနှင့် မြန်မာနိုင်ငံတွင် ပထမဆုံး တယ်လီကွန်းမိတ်ဖက်အဖြစ် စတင်ပူးပေါင်းခြင်းဖြစ်ပြီး ဤပူးပေါင်းမှုကြောင့် အူရီဒူးသုံးစွဲသူများအနေဖြင့် Cookie TV App ၏ ဒီဂျစ်တယ်ဖျော်ဖြေရေး ဝန်ဆောင်မှုများကို အထူးပရိုမိုးရှင်းအစီအစဉ်များအနေဖြင့် ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း၊ Cookie TV ကို ပထမဆုံးအကြိမ် စတင်စာရင်းသွင်းသည့် အူရီဒူးသုံးစွဲသူများသည် လူကြိုက်များသော တိုက်ရိုက်ရုပ်သံလိုင်းများဖြစ်သည့် HBO, MTV, Fox Sports နှင့် Discovery စသော အပြည်ပြည်ဆိုင်ရာ ဖျော်ဖြေရေးလိုင်းများကို သုံးလ အခမဲ့ ကြည့်ရှုနိုင်မည့်အပြင် Game of Thrones ဇာတ်လမ်း၏ နောက်ဆုံးဇာတ်သိမ်းပိုင်း ဇာတ်လမ်းတွဲကိုပါ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ အခမဲ့ကြည့်ရှုခွင့် သုံးလ ပြီးဆုံးသည့်နောက်တွင် သုံးစွဲသူများအနေဖြင့် တစ်လလျှင် ကျပ် ၄၉၀၀ မှ ကျပ် ၇၉၀၀ အထိ ဈေးနှုန်းများဖြင့် လစဉ်ကြေးပေးသွင်းပြီး ဆက်လက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Cookie TV ၏ တိုက်ရိုက်ရုပ်သံအစီအစဉ်များတွင် ပြည်တွင်း ရုပ်သံလိုင်းများ၊ Cookie TV ၏ ကိုယ်ပိုင်လိုင်းများအပြင် ကမ္ဘာ့နာမည်ကြီး သတင်း၊ ဖျော်ဖြေရေး၊ အားကစားနှင့် ကလေးငယ်များအကြိုက် ကာတွန်းရုပ်သံလိုင်းများ ပါဝင်မည်ဖြစ်သည်။ “Cookie TV ဟာ မြန်မာပရိသတ်တွေအတွက် အကောင်းဆုံး ဒစ်ဂျစ်တယ်ဖျော်ဖြေရေးဝန်ဆောင်မှုတွေကို ယူဆောင်လာပေးဖို့ စိတ်အားထက်သန်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းများကတစ်ဆင့် ဖျော်ဖြေရေးဝန်ဆောင်မှုတွေကို သုံးစွဲမှုနှုန်းဟာ တိုးတက်များပြားလာပါတယ်။ ဒီလို တိုးတက်လာတာနဲ့အမျှ ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ ဖျော်ဖြေရေးဝန်ဆောင်မှုရဲ့အခန်းကဏ္ဍဟာလည်း အရေးပါလာပါတယ်။ ကျွန်မတို့ Cookie TV အနေနဲ့ အခုလို အူရီဒူးနှင့် ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်အတွက် အလွန်စိတ်လှုပ်ရှားပါတယ်။ ဒီပူးပေါင်းမှုအစီအစဉ်ဟာ သုံးစွဲသူတွေအတွက် အရည်အသွေးမြင့် ရုပ်သံအစီအစဉ်တွေကို အူရီဒူးရဲ့ မြန်ဆန်ကျယ်ပြန့်တဲ့ ကွန်ရက်ချိတ်ဆက်မှုနဲ့ ဝန်ဆောင်မှုပေးအပ်မှာဖြစ်ပါတယ်”ဟု Cookie TV ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်သူဇာမိုးက ပြောသည်။

သုံးလဆက်တိုက် အခမဲ့ ကြည့်ရှုနိုင်မည့် ပရိုမိုးရှင်းအစီအစဉ်ကို ရရှိရန်အတွက် အူရီဒူးဆင်းကတ် အသုံးပြုသူများသည် Cookie TV အက်ပလီကေးရှင်းကို Google Play Store နှင့် Apple App Store တို့မှ ဒေါင်းလုပ်ဆွဲကာ ဖုန်းနံပါတ် *888# ကို ခေါ်ဆို၍ Cookie TV အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် လိုအပ်သော ပရိုမိုးရှင်းကုဒ်နံပါတ်ကို တောင်းယူပြီး ထိုကုဒ်နံပါတ်ဖြင့် အက်ပလီကေးရှင်းတွင် စာရင်းသွင်း၍ အသုံးပြုနိုင်မည်ဟု သိရသည်။

ထို့နောက် အခမဲ့ သုံးလတာ ပရိုမိုးရှင်းအစီအစဉ် ပြီးဆုံးသွားလျှင်လည်း သုံးစွဲသူများအနေဖြင့် အခပေးရမည့် ရိုးရှင်းပက်ကေ့ချ်နှင့် ထိရှုပက်ကေ့ချ်ဆိုသည့် ပက်ကေ့ချ်အစီအစဉ်နှစ်မျိုးအနက် နှစ်သက်ရာကို ရွေးချယ်၍ ဆက်လက်အသုံးပြုသွားနိုင်မည်ဟု သိရသည်။

**သူရဖြိုး**

# မိုင်တဲလ်က eSIM ဆင်းကတ်များကို ပြည်တွင်း၌ ပထမဆုံး စတင်ဝန်ဆောင်မှုပေး

**ရန်ကုန် ဧပြီ ၁၀**

ပြည်တွင်း၌ လက်ရှိအသုံးပြုနေကြသော ပုံမှန်ဆင်းကတ်များကဲ့သို့ Physical ဆင်းကတ်ကို အသုံးပြုရန်မလိုတော့ဘဲ eSIM နည်းပညာကို ထောက်ပံ့သည့် ဖုန်းများတွင် အီလက်ထရောနစ်ဆင်းကတ်ကို ထည့်သွင်းအသုံးပြုနိုင်မည့် ဝန်ဆောင်မှုကို ဆက်သွယ်ရေးအော်ပရေတာ Mytel က မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကာ ဧပြီ ၈ ရက်မှ မေ ၇ ရက်အထိ တစ်လအတွင်း အစမ်းရောင်းချကာလအဖြစ် သတ်မှတ်၍ ရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

Mytel ၏ eSIM များကို Mytel အရောင်းဆိုင်များတွင် ပုံမှန်ဆင်းကတ်ဈေးနှုန်းအတိုင်း ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးလောက၏ ကြီးမားသော တီထွင်ဆန်းသစ်မှုတစ်ခုဖြစ်ကာ စမတ်ဖုန်းထုတ်လုပ်သောကုမ္ပဏီများ၊ အော်ပရေတာများနှင့် သုံးစွဲသူများကြား စိတ်ဝင်စားမှုများသည့် eSIM ကို မြန်မာနိုင်ငံရှိ သုံးစွဲသူများအနေဖြင့်လည်း စမ်းသပ်အသုံးပြုစေလို၍ Mytel အနေဖြင့်




ဝန်ဆောင်မှု ပေးခြင်းဖြစ်ကြောင်း၊ Mytel နှင့် ပူးပေါင်းလုပ်ကိုင်နေသည့် Viettel သည်လည်း ဗီယက်နမ်နိုင်ငံအတွက် eSIM အစမ်း စတင်သုံးစွဲမှုကို မကြာသေးခင်က မိတ်ဆက်ထားခဲ့ကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက “မြန်မာနိုင်ငံက သုံးစွဲသူတွေအတွက် eSIM နည်းပညာကို အစမ်း စတင်သုံးစွဲကြည့်နိုင်ကြဖို့ မိတ်ဆက်ပေးလိုက်တာဖြစ်ပါတယ်၊ အခြားအော်ပရေတာတွေနဲ့မတူဘဲ နည်းပညာသစ်၊ တီထွင်ဆန်းသစ်မှုအသစ်တွေကို ဦးဆောင် ထောက်ပံ့ပေးနိုင်တဲ့အတွက်လည်း Mytel က အလွန်ဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

eSIM ဆိုသည်မှာ စမတ်ဖုန်း ထုတ်လုပ်သူများက ဖုန်းများထဲတွင် ထည့်သွင်းမြှုပ်နှံ၍ ထုတ်လုပ်လိုက်သည့် အီလက်ထရောနစ်ဆင်းကတ် သို့မဟုတ် မြှုပ်ထည့်ထားသောဆင်းကတ်(embedded sim)ဖြစ်ပြီး သာမန်ဆင်းကတ်တစ်ခု၏ နံပါတ်နှင့် သက်ဆိုင်သည့် အခြား ကုဒ်နံပါတ်များကို QR Scan ဖတ်၍ ဖုန်း၏ eSIM ထဲတွင် ထည့်ပေးလိုက်ရုံဖြင့် ပုံမှန်ဆင်းကတ်တစ်ကတ်အတိုင်း အလုပ်လုပ်သွားမည့် နည်းပညာဖြစ်သည်။ အသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များနှင့် အသုံးပြုနေသော ကွန်ရက်ဆိုင်ရာဒေတာများကို physical ဆင်းကတ်မလိုဘဲ သိမ်းဆည်းနိုင်သည့် ဒစ်ဂျစ်တယ်ဆင်းကတ်စနစ်လည်းဖြစ်သည်။

eSIMကို အသုံးပြုရန်အတွက် ဖုန်းများသည် eSIM စနစ်ကိုထောက်ပံ့သော ဖုန်းများ ဖြစ်ရမည်ဖြစ်ကာ လက်ရှိအချိန်တွင် အသုံးပြုနိုင်မည့်ဖုန်းများမှာ iPhone ၏ နောက်ဆုံးထွက် ဖုန်းသစ်သုံးမျိုးဖြစ်သော iPhone XS, XSmax, XR ဖုန်းများနှင့် အန်းဒရွိုက်အနေဖြင့် Google ၏ Pixel 3XL စမတ်ဖုန်းများဖြစ်၍ အသုံးပြုနိုင်သော ဖုန်းအမျိုးအစားမှာ နည်းနေသေးသည်ကို တွေ့ရသည်။

eSIM ကို အသုံးပြုခြင်းကြောင့် ဖုန်းနံပါတ်တစ်ခုထက်ပို၍ ကိုင်ဆောင်ထားသော သုံးစွဲသူများအနေဖြင့် ဆင်းကတ်ထည့်သွင်းရန်နေရာ(Sim Card Slot)အတွက် ကြောင့်ကြစရာမလိုတော့သလို ဆင်းကတ်ပျောက်ဆုံးမှု၊ ပျက်စီးမှုများလည်း မရှိနိုင်တော့သည့် အားသာချက်များရှိကြောင်း၊ နိုင်ငံရပ်ခြားသို့ မကြာခဏ သွားရောက်ရသူများအဖို့လည်း လက်ရှိအသုံးပြုနေသော ဆင်းကတ်ကို ထုတ်ရခြင်း၊ သွားရောက်သောနိုင်ငံမှ ဆင်းကတ်များကို ဝယ်ယူထည့်သွင်းရခြင်း စသည့် အခက်အခဲများ နည်းပါးစေကြောင်း၊ Mytel eSIM အသုံးပြုသူများအနေဖြင့် မကာအို၊ အင်ဒိုနီးရှား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ကနေဒါတို့ အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ eSIM နည်းပညာထောက်ပံ့သော ဆက်သွယ်ရေးကွန်ရက်များကို ပြောင်းလဲချိတ်ဆက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စမတ်ဖုန်းများတွင် physical ဆင်းကတ်တစ်ခုနှင့်အတူ eSIM ကို တစ်ကတ်ထက်မက ထည့်သွင်းထားနိုင်ကာ physical ဆင်းကတ်ကို ဦးစားပေး(primary)နှင့် eSIM ကို ဒုတိယဦးစားပေး(secondary)အဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ Physical ဆင်းကတ်ကို အသုံးမပြုလျှင်လည်း eSIM ကိုပင် primary သို့မဟုတ် secondary ထား၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့သော် eSIM နှစ်ခုကို တစ်ချိန်တည်း ပြိုင်တူသုံးစွဲနိုင်မည်မဟုတ်ဘဲ တစ်ချိန်လျှင် တစ်ခုသာ အဓိကထား သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# သင်္ကြန်ရေထဲမှာ ဖုန်းတွေ ရေစိုပျက်စီးမှု မဖြစ်စေဖို့

**သင်္ကြန်ကာလမှာ ရေကစားရင်း ဖုန်းတွေ ရေစိုပျက်စီးတာတွေဟာ သာမန် မိုးတွင်းမှာထက် ပိုဖြစ်လေ့ရှိပါတယ်။ အခုနောက်ပိုင်းမှာ အသစ်ထွက်လာတဲ့ တန်ဖိုးကြီး ဖုန်းအချို့ဟာ ရေစိုဒဏ်၊ ဖုန်ဒဏ်တွေကို ခံနိုင်တဲ့ IP 67 နဲ့ IP 68 ဆိုတဲ့ စွမ်းဆောင်ရည်တွေနဲ့ ထုတ်လုပ်လာပေမယ့် တန်ဖိုးသင့်ဖုန်း အများစုကတော့ ရေစိုဒဏ်ကို မခံနိုင်ကြသေးပါဘူး။ ဒါကြောင့် သင်္ကြန်ရေကစားရင်း ဖုန်းတွေ ရေမစိုစေဖို့နဲ့ ရေစိုခဲ့ရင်လည်း တတ်နိုင်သမျှ ပျက်စီးမှုအနည်းဆုံးဖြစ်အောင် သတိပြုရမယ့် ဖုန်းဆားဗစ်ပညာရှင်တွေရဲ့ အကြံပြုချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။**



**ဖုန်းရေမစိုအောင်**

ဖုန်းအများစုဟာ ရေစိုမခံနိုင်ကြသလို ရေစိုခံတဲ့ဖုန်းတွေတောင်မှ အစိုခံနိုင်တဲ့ အကန့်အသတ်ရှိတာကြောင့် ဖုန်းတွေ ရေစိုပျက်စီးတာမဖြစ်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ ရေမစိုအောင် ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ ရေမစိုဖို့အတွက် ရေစိုခံဖုန်းအိတ်တွေကို မဖြစ်မနေ အသုံးပြုကြဖို့လိုပါတယ်။ သင်္ကြန်ကာလမှာ လူတိုင်းနီးပါး ရေစိုခံဖုန်းအိတ်တွေ အသုံးပြုကြ ပေမယ့် သုံးတဲ့ကြားကပဲ ဖုန်းတွေရေစိုပျက်စီးတာကလည်း နှစ်စဉ်ဖြစ်နေပါတယ်။

ရေစိုခံဖုန်းအိတ်သုံးရင် သတိပြုသင့်တဲ့အချက်တွေကတော့ ဖုန်းကို အိတ်ထဲကထုတ်ပြောလိုက် ပြန်ထည့်လိုက်မလုပ်ဘဲ တချိန်လုံး အိတ်ထဲမှာထည့်ထားပြီး အိတ်အပြင်ဘက်ကပဲ အသုံးပြုဖို့နဲ့ အိတ်ကွဲပြီး ရေစိမ့်ဝင်တာတွေမရှိဖို့ သတိပြုရမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖုန်းကို အိတ်ထဲမှာ လုံလုံခြုံခြုံထားရင်းကပဲ ရေငွေ့ပျံပြီး ရေဝင်နိုင်တာကြောင့် အိတ်ထဲမှာ ဖုန်းနဲ့အတူ ရေစုပ်နိုင်တဲ့ တစ်သျှူးတစ်ရွက်လောက်ကိုပါ ခေါက်ထည့်ထားသင့်ပါတယ်။ ဒီလို တစ်သျှူးတစ်ရွက်လောက် ထည့်ထားခြင်းကြောင့် ဖုန်းအိတ်မလုံလို့ ရေစိမ့်ဝင်နေခဲ့ရင်လည်း အလွယ်တကူ သတိပြုမိနိုင်ပါတယ်။ ကြိုးရှည်ရှည်နဲ့လွယ်ရတဲ့ ဖုန်းအိတ်တွေကို သုံးရင်တော့ ဖုန်းရေမစိုဖို့အပြင် လူကျပ်တဲ့နေရာတွေမှာ ခါးပိုက်နှိုက်က အလွယ်တကူ ဖြတ်ယူသွားနိုင်တာကိုပါ သတိထားဖို့ လိုပါတယ်။

**ဖုန်းတွေ ရေစိုခဲ့ရင်**

ရေစိုခံတယ်လို့ ကြော်ငြာထားတဲ့ ဖုန်းမော်ဒယ်သစ်တွေမှာ IP 67 (အနည်းဆုံး တစ်မီနစ်မှ အများဆုံး မိနစ် ၃၀ အထိ) နဲ့ IP 68(အနည်းဆုံး နှစ်မီနစ်မှ အများဆုံး မိနစ် ၃၀ အထိ) ရေစိုခံ၊ ရေစိမ်ခံတယ်လို့ ကြော်ငြာလေ့ရှိပါတယ်။ ဒါပေမယ့် အဲဒီကြော်ငြာတဲ့ စမ်းသပ်ချက်တွေဟာ ဓာတ်ခွဲခန်းထဲမှာ ရေသန့်သန့်နဲ့ စမ်းသပ်ထားတာသာဖြစ်ပြီး မသန့်တဲ့ရေတွေနဲ့ဆိုရင် ရေစိုခံနိုင်တဲ့အချိန်ဟာ ပိုလျော့နည်းတတ်ပါတယ်။ ဒါကြောင့် ရေစိမ်ခံတဲ့ဖုန်းဖြစ်ရင်တောင် အချိန်အကြာကြီး ရေမစိုနေဖို့ သတိပြုရမှာဖြစ်ပါတယ်။ ရေစိုမခံနိုင်တဲ့ဖုန်းတွေကို ရေစိုသွားခဲ့ရင်တော့ လုပ်ရမယ့်အဆင့်တွေကို ဖော်ပြလိုက်ပါတယ်။

၁။ ဖုန်းကို ချက်ချင်း ပါဝါပိတ်ပါ။ ဘက်ထရီကို ဖြုတ်လို့ရတဲ့ဖုန်းဆိုရင် ဘက်ထရီကိုပါ ဖြုတ်ပစ်ပါ။ အခြား ဖြုတ်ပစ်လို့ရတဲ့ ဆင်းကတ်၊ မင်မိုရီကတ်တွေကိုလည်း ဖြုတ်ပစ်ပါ။

၂။ ဖုန်းကိုယ်ထည်နဲ့ ဖြုတ်လို့ရတဲ့ အစိတ်အပိုင်း တစ်ခုချင်းစီကို ခြောက်သွေ့နူးညံ့တဲ့အဝတ်နဲ့ သေချာစွာသုတ်ပါ။ ရေသုတ်တဲ့အချိန်မှာ ဖြည်းဖြည်းသုတ်ပါ။ ဖုန်းကို မလှုပ်ခါပါနဲ့။ လှုပ်ခါလိုက်ရင် ရေမရောက်သေးတဲ့ အတွင်းပိုင်းနေရာတွေအထိပါ ရေရောက်သွားနိုင်ပါတယ်။

၃။ ရေငွေ့ကို စုပ်ယူနိုင်တဲ့ ပစ္စည်းတွေကြားထဲမှာ ဖုန်းကို ထားပါ။ သောက်ဆေးဘူးတွေထဲမှာ ပါတတ်တဲ့ ဆီလီကာဂျယ်လ်လို အထုပ်လေးတွေကို သုံးနိုင်သလို ရေငွေ့စုပ်ယူနိုင်တဲ့ အထုပ်လေးတွေရှိရင်လည်း သုံးနိုင်ပါတယ်။ အဲဒီနှစ်မျိုးလုံး မရှိရင်လည်း ရေသုတ်ထားပြီးတဲ့ဖုန်းကို အဝတ်သန့်သန့်နဲ့ ပတ်ပြီး ဆန်ပုံးထဲမှာ ထည့်ထားနိုင်ပါတယ်။ ဆန်ပုံးထဲမှာ ထားရင် အချိန်ကြာကြာမထားမိအောင်တော့ သတိပြုရမှာဖြစ်ပြီး အချိန်ကြာသွားရင် အထဲက အစိတ်အပိုင်းတွေမှာ ဆားပေါက်နိုင်ပါတယ်။

၄။ အရင်တုန်းကတော့ ဖုန်းရေစိုရင်ဆံပင်အခြောက်ခံစက်နဲ့ မှုတ်ဖို့ကို ဖုန်းဆားဗစ်သမားအချို့က အကြံပေးဖူးကြပေမယ့် နောက်ပိုင်းမှာတော့ နည်းပညာနဲ့ အယူအဆ အပြောင်းအလဲကြောင့် Dryer နဲ့မမှုတ်ဖို့ကို အကြံပေးနေကြပါပြီ။ Dryer နဲ့မှုတ်တဲ့ အတွက် အပူရှိန်နဲ့ ရေငွေ့ကြောင့် ဖုန်းရဲ့ LCD စခရင်တွေ ပိုပြီးပျက်စီးနိုင်တာ၊ အပူရှိန်ကြောင့် အတွင်းမှာ ခဲကွဲပြီး ပျက်စီးမှုတွေ ပိုဖြစ်စေနိုင်တာကြောင့် ဖြစ်ပါတယ်။

၅။ မကျွမ်းကျင်ရင် ဖုန်းကို ပါဝါပြန်မဖွင့်ပါနဲ့။ ဒီအချက်က အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ အပေါ်က အချက်လေးချက်အတိုင်း လုပ်ပြီးလို့ ဖုန်းကလည်း တော်တော်လေး ခြောက်သွေ့သွားပြီဆိုရင် အများစုက ပိတ်ထားတဲ့ဖုန်းပါဝါကို ပြန်ဖွင့်ပြီး ကောင်းမကောင်း စမ်းကြည့်ချင်ကြပါတယ်။ ရေမခြောက်သေးဘဲ ဖုန်းကို ပါဝါဖွင့်ပြီး စမ်းလိုက်တာဟာ ပြန်ကောင်းနိုင်တဲ့ အခြေအနေကနေ အရမ်းဆိုးတဲ့အခြေအနေမျိုးကို ပြောင်းလဲသွားစေနိုင်ပါတယ်။ ဖုန်းတစ်လုံးကို ပါဝါစဖွင့်လိုက်တာနဲ့ ဘက်ထရီထဲက လျှပ်စစ်ဓာတ်အားတွေဟာ ဖုန်းထဲက အစိတ်အပိုင်းအကုန်လုံးဆီကို ရောက်သွားပြီး ဓာတ်အားရောက်တဲ့ အစိတ်အပိုင်းတွေမှာ ရေကောင်းကောင်းမခြောက်သေးဘဲ ဖြစ်နေခဲ့ရင် ဆားပေါက်ပျက်စီးမှုကို ပိုပြီးဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် ရေစိုတာများနေခဲ့ရင် ချက်ချင်း ရှော့ခ်ဖြစ်ပြီး လုံးဝပြင်မရအောင် ပျက်စီးနိုင်ပါတယ်။

၆။ ဆိုင်ကို အမြန်ပို့ပါ။ ဖုန်းတစ်လုံးကို ရေစိုသွားခဲ့ပြီးရင်၊ ကိုယ်ကလည်း ဖုန်းဆားဗစ်ကို သိမ်မကျွမ်းကျင်တဲ့ သာမန် User ဆိုရင် အရေးပေါ်လုပ်နိုင်တဲ့ ဖြုတ်ပစ်တာ၊ ရေသုတ်တာ၊ အခြောက်ခံတာတွေ လုပ်ပြီးရင် ဆိုင်ကို အမြန်ဆုံး သွားပြသင့်ပါတယ်။ ရေစိုတဲ့အချိန် ကြာတာနဲ့အမျှ ပျက်စီးမှုတွေက ပိုဖြစ်နိုင်လို့ တတ်နိုင်သမျှ မြန်မြန်သွားပြသင့်တာဖြစ်ပါတယ်။ ဖုန်းဆိုင်ကိုရောက်ရင်လည်း ရေစိုသွားတာ ဘယ်လောက်ကြာပြီ၊ ရေစိုချိန်က ဘယ်လောက်ကြာတယ်၊ အရေးပေါ် ဘာတွေလုပ်ထားတယ်ဆိုတာကို ပြောပြသင့်ပါတယ်။ ဒါဆိုရင် ဖုန်းဆိုင်က အကောင်းဆုံး စဉ်းစားဆုံးဖြတ်ပြီး လုပ်ပေးနိုင်မှာဖြစ်ပါတယ်။

ဖုန်းတွေကို ကိုယ်နဲ့မကွာထားကြရတဲ့ခေတ် ဖြစ်လာတာမို့ သင်္ကြန်ကာလမှာ ရေကစားကြတဲ့အချိန်မှာလည်း ဖုန်းတွေ ရေစိုဖို့ အခွင့်အလမ်းက အများကြီး ရှိနိုင်ပါတယ်။ ဒါကြောင့် ရေကစားရင်း ဖုန်းတွေ ရေစိုသွားခဲ့ရင် တတ်နိုင်သမျှ ပျက်စီးမှု အနည်းဆုံးဖြစ်စေဖို့ အကြံပြုဖော်ပြလိုက်ရပါတယ်။ ။

**သူရဖြိုး**

## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်နယ်အစိုးရ၏ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောင်ပန်းမြို့နှင့် ကလောမြို့နယ်ရှိ မြို့တွင်းလမ်းများအား ကတ္တရာကွန်ကရစ်(AC) ခင်းခြင်း လုပ်ငန်းများအတွက် လိုအပ်သော ၆၀/၇၀ နှင့် ၈၀/၁၀၀ ကတ္တရာများကို သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်/အချိန်** - ၁၈-၄-၂၀၁၉ ရက်မှ ၁၁-၅-၂၀၁၉ ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီ ရုံးချိန်အတွင်း

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၁၄-၅-၂၀၁၉ ရက် ၁၆း၀၀ နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၅-၅-၂၀၁၉ ရက် ၁၃း၃၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့။

အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ အောင်ပန်းမြို့နှင့်ကလောမြို့နယ်ရှိ မြို့တွင်းလမ်းများအား ပြည်နယ်အစိုးရ၏ဒေသန္တရ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကတ္တရာကွန်ကရစ် (AC)ခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာ လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - ၁၈-၄-၂၀၁၉ရက်မှ ၁၀-၅-၂၀၁၉ ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၀၀နာရီ ရုံးချိန်အတွင်း

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၁၃-၅-၂၀၁၉ရက် ၁၆း၀၀နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။

တင်ဒါလျှောက်လွှာပုံစံများကို တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း ၀၈၁-၂၁၂၁၁၄၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ပြည်နယ်အစိုးရ၏ ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တောင်ကြီးမြို့နယ်နှင့်ညောင်ရွှေမြို့နယ်ရှိ မြို့တွင်းလမ်းများအား ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - ၁၈-၄-၂၀၁၉ရက်မှ ၉-၅-၂၀၁၉ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၀၀နာရီ ရုံးချိန်အတွင်း

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၁၀-၅-၂၀၁၉ရက် ၁၆း၀၀နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၉ရက် နံနက်၁၀း၀၀နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။

အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၀၈၁- ၂၁၂၁၁၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အများသိစေရန်

၁။ မော်လမြိုင်မြို့နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီရှိ အဖွဲ့ပိုင်မှန်လုံယာဉ် (၃)စီးအား ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဝယ်ယူလိုသော မည်သည့်ပုဂ္ဂိုလ်မဆို ၁၀-၄-၂၀၁၉ရက်မှ ၂၄-၄-၂၀၁၉ရက်အတွင်း အဖွဲ့ပိုင်မှန်လုံယာဉ်ဝင်း (မြိုင်သာယာရပ်ကွက်)၌ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ယာဉ်များအား ၂၅-၄-၂၀၁၉ရက် နံနက် ၁၀း၀၀ နာရီမှစ၍ မျက်မြင်အခြေအနေအတိုင်း စတင်ရောင်းချသွားမည်ဖြစ်ကြောင်း

၃။ မှန်လုံယာဉ် (၃) စီး -(၁)၆က/၉၁၀၅၊ (၂)၃ခ/၉၃၈၂၊ (၃)၃ခ/၉၃၈၄

ဆက်သွယ်ရန် -ရုံး ၂၄၁၂၆၊ ၀၉-၄၂၅၂၇၇၁၉၆၊ ၀၉-၄၅၅၃၉၅၃၃၉

**မြို့နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ မော်လမြိုင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၃/ပေါင်းလောင်း-၃)၊ ဦးပိုင်အမှတ် ()၊ မြေကွက်အမှတ်(၇၉၁)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးတင်ထွန်းဇော် အမည်ပေါက် ပါမစ်မြေကွက် အား ဒေါ်တင်မြိုင်(ဘ)ဦးစံမြို့ ၉/ပမန(နိုင်)၀၆၀၉၅၇ မှ မြေပေးမိန့်အရောင်း အဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကိုန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင် ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကယားပြည်နယ်အစိုးရအဖွဲ့
### လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန
### လမ်းဦးစီးဌာန၊ ကယားပြည်နယ်
## လမ်းလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၃)မှ ဆောင် ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၆၀/၇၀)၊ ဖြုန်းသဲ၊ ကျောက်ရွယ်စုံ၊ သဲ၊ တောသစ်၊ ဘိလပ်မြေ၊ ဒီဇယ်ဆီတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသော ပစ္စည်းအမျိုးအစား၊ အရေအတွက်၏ အသေးစိတ်အချက် အလက်များနှင့်တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူ နိုင်ပါသည်-

**စတင်ရောင်းချမည့်ရက်/အချိန်** - ၁၁-၄-၂၀၁၉ရက် ၉း၃၀နာရီ

**အရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၉ရက် ၁၆း၃၀နာရီ

**ရောင်းချမည့်နေရာ** - (၁)ပြည်နယ်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ ကယားပြည်နယ်

၃။ ပစ္စည်းတင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက် ရွေးချယ်မည်ဖြစ်ပါသည်-

**ပစ္စည်းတင်ဒါဖွင့်ဖောက်ရွေးချယ်မည့် ရက်/အချိန်** - ၁၄-၅-၂၀၁၉ရက် ၁၀း၀၀နာရီ

**ပစ္စည်းတင်ဒါဖွင့်ဖောက် ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ အစည်းအဝေး ခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

၄။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၃- ၂၂၂၁၄၈၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းတင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်**

---

### ကယားပြည်နယ်အစိုးရအဖွဲ့
### လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန
### လမ်းဦးစီးဌာန၊ ကယားပြည်နယ်
## လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံး ငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် လမ်းဦးစီးဌာန၊ လွိုင်ကော် ခရိုင်၊ ဘောလခဲခရိုင်တို့မှ ဆောင်ရွက်ရန်ရှိသော လမ်းလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းတင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချ ပေးမည်ဖြစ်ပါသည်-

(က) **စတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၁၁-၄-၂၀၁၉ရက်၊ ၀၉း၃၀နာရီ

(ခ) **အရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၅-၂၀၁၉ရက် (၁၆း၀၀နာရီ)

(ဂ) **အိတ်ဖွင့်တင်ဒါနှင့်နည်းပညာ အဆိုပြုလွှာနောက်ဆုံးတင်သွင်း ရမည့်နေ့ရက်/အချိန်** - ၁၅-၅-၂၀၁၉ရက်၊ ၁၆း၀၀နာရီ

(ဃ) **ဖွင့်ဖောက်စစ်ဆေးမည့် နေ့ရက်/အချိန်** - ၁၆-၅-၂၀၁၉ရက်၊ ၀၉း၀၀နာရီ

(င) **ရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်

၃။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၈၃-၂၂၂၁၄၈၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**ကယားပြည်နယ်၊ လမ်းဦးစီးဌာန**

---

### ပဲခူးတိုင်းဒေသကြီးသယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
### (ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
### လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
### ၂၀၁၉ ခုနှစ် ဧပြီ ၃ ရက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့ထိ ဆောင်ရွက်မည့် ကျပ်သိန်း(၁၀၀)နှင့်အထက် (ပစ္စည်းဖိုး+ လုပ်အားခ) ငွေလုံးငွေရင်းလုပ်ငန်း (၁)ခုအတွက် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုရောင်းချမည့်ရက်** - ၅-၄-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ

**တင်ဒါအဆိုပြုလျှောက်လွှာ ပိတ်မည့်ရက်** - ၂၆-၄-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၆-၄-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်/နေရာ** - ၂၉-၄-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၀၉း၀၀ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ပံတန်းမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ပံတန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တွင် ၅-၄-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း လာရောက် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**လက်ပံတန်းမြို့**
**ဖုန်း-၀၅၃-၃၂၀၁၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၄/စစ်သံမှူးဇုန်)မှ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) အမည်ပေါက် မြေကွက်အမှတ် (M-18, M-19, M-20, M-20(A)၊ မြေပေးမိန့်ပျောက်ဆုံးသဖြင့် ဦးနေလင်း(ဗဟိုအလုပ်အမှုဆောင်)၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)(ဘ) ဦးအေးမြင့် ၇/ရတန(နိုင်)၀၀၀၀၁၈က မြေပေး မိန့်မိတ္တူမှန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့် မူရင်းကိုပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူ လိုပါ၍ အိတ်ဖွင့်တင်ဒါ ( Open Tender )ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ၈'x၄' သံပြား(M.S Sheet) | (၁၁၀၀) ချပ် |
| ၂။ | ဒီဇယ်ဆီ | (၁၅၉၉၁၂) ဂါလန် |

တင်ဒါရောင်းချမည့်ရက် - ၁၁.၄.၂၀၁၉/ နံနက် ၁၀း၀၀ နာရီ

တင်ဒါပိတ်မည့်ရက်/ အချိန် - ၁၀.၅.၂၀၁၉/ နေ့လယ် ၁၂း၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

အမှတ် ၇၄ / ၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ဖုန်း ၂၅၄၁၉၁၊ ၀၉၅၁၄၄၉၈၀

---

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၈/၂၀၁၈-၂၀၁၉) ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများ တန် (၁၈၂၄၇)ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(အထူး)အိတ်ဖွင့်တင်ဒါ** - (၇/၈/၉-၅-၂၀၁၉)ရက် နံနက် ၈း၀၀နာရီမှစတင်မည်
- ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/ မကွေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ တနင်္သာရီတိုင်းဒေသကြီး/ဧရာဝတီတိုင်းဒေသကြီး/ရှမ်းပြည်နယ် (တောင်ပိုင်း/ မြောက်ပိုင်း)/ကချင်ပြည်နယ်/ ကယားပြည်နယ်/မွန်ပြည်နယ်/ရခိုင်ပြည်နယ်

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင်ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

---

### မြန်မာ့သစ်လုပ်ငန်း
### ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန် ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၄-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီ ရန်ကုန်-နယ် ကျွန်း/သစ်မာ(သစ်လုံး-ခွဲသား) ၂၉-၄-၂၀၁၉ ရက် မွန်းတည့် ၁၂း၀၀ နာရီ ရန်ကုန် ကျွန်းသစ်လုံးသီးသန့်

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၁၃၇)တန်
- တတိယတန်းနှင့်အထက် ကျွန်းခွဲသား(၁၈၃)တန်၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ယာ၊ အင်ကြင်း၊ ထောက်ကြန့်၊ သင်းဝင်၊ ယမနေ၊ သဒီ၊ တောင်သရက်၊ သစ်မကျည်း(၇၄၄၂)တန်
- သစ်မာသစ်လုံး (၂၀၁၈-၂၀၁၉)ထုတ်သစ်များပါဝင်ပါသည်။

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် Ph; 01-528764, E-mail; marketing 1 ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

## ၂၀၁၉ ခုနှစ်တွင် (၁၃)ကြိမ်မြောက် EPS-TOPIK ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ ကျင်းပရန်မရှိကြောင်း အသိပေးအကြောင်းကြားခြင်း

(၁) HRD-Korea မှ ၂၀၁၉ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၆) နိုင်ငံမှ လုပ်သား ခေါ်ယူမှု အောင်မြင်မှုအရေအတွက်ကို ယခင်နှစ်များထက် ထက်ဝက်လျှော့ချခေါ်ယူမည်ဖြစ်ကြောင်း ညှိနှိုင်းအကြောင်းကြားလာပါသည်။

(၂) အဆိုပါညှိနှိုင်းလာချက်အရ မြန်မာနိုင်ငံအတွက် ကုန်ထုတ်လုပ်ငန်း ၅၀၀ဦး၊ စိုက်ပျိုးရေး/ မွေးမြူရေးလုပ်ငန်း ၁၀၀၀ဦး၊ စုစုပေါင်း ၁၅၀၀ဦးသာ အောင်မြင်မှုခွင့်ပြုပေးထားပါသည်။

(၃) ၂၀၁၉ ခုနှစ်တွင် ဖြေဆိုမည့်လုပ်သားဦးရေသည် ၄၀၀၀၀ဦးခန့်ရှိပြီး အောင်မြင်မှုပေးသည့် အရေအတွက်နှင့်နှိုင်းယှဉ်ပါက များစွာကွာဟမှုရှိနေပါ၍ အောင်မြင်မှုပေးမည့်အရေအတွက် တိုးမြှင့်ပေးနိုင်ပါရန် HRD-Korea သို့ စာဖြင့်ညှိနှိုင်းခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အောင်မြင်မှု ပေးခဲ့သည့်အရေအတွက်သည် ယခင်နှစ်များထက် (၂)ဆတိုးပေးထားခဲ့ကြောင်း၊ ၂၀၁၉ခုနှစ် လုပ်သားခေါ်ယူမှု quota အတွက် ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲ အောင်မြင်ထားသည့် လုပ်သားအရေအတွက် ၉၀၀၀ ကျော်မှာ တန်းစီဇယားတွင် ကျန်ရှိနေ သဖြင့် အောင်မြင်မှုအရေအတွက်ကို တိုးမြှင့်မပေးနိုင်ပါကြောင်း အကြောင်းပြန်ကြားလာပါ သည်။

(၄) သို့ဖြစ်၍ စာမေးပွဲကျင်းပမည်ဆိုပါက ဖြေဆိုမည့်ဦးရေနှင့် နှိုင်းယှဉ်လျှင် အောင်မြင်မှုပေးသည့် အရေအတွက်သည် လွန်စွာနည်းပါးသည့်အပြင် တန်းစီဇယားရှိ အောင်မြင်ပြီးသည့်အလုပ် ခေါ်ယူရန် စောင့်ဆိုင်းနေသည့် လုပ်သားများအရေအတွက် ၉၀၀၀ ကျော်ကျန်ရှိနေသဖြင့် ၂၀၁၉ခုနှစ်တွင် (၁၃)ကြိမ်မြောက် EPS-TOPIK ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲကျင်းပရန် အစီအစဉ်မရှိပါကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း-၀၁-၆၅၁၁၉၈၊ ၀၁-၆၆၇၇၅၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း (၁)သောင်း စီမံကိန်းစတင်အကောင်အထည်ဖော်လျက်ရှိပါသည်။

**ဆက်သွယ်လှူဒါန်းရန် -**

(၁) နာယကဆရာတော်များ ဖုန်း-09-2002625(4-3) (၄) ဦးသန်းငွေအောင် (ဂေါပက) ဖုန်း-09-2009790

(၂) ဦးလှအောင် (ဂေါပက) ဖုန်း-09-2003229 (၅) ဦးကင်းဝန် (ဂေါပက) ဖုန်း-09-5302137

(၃) ဦးမြဇော် (ဂေါပက) ဖုန်း-09-2007364 (၆) ဦးကျော်ဖေယျ (ဂေါပက) ဖုန်း-09-2003855

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်)သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

| | | |
|---|---|---|
| ၁ | ဦးမောင်ကို-သီရိသုမင်္ဂလာ ဒေါ်ရွှေ ထာဝရကုမ္ပဏီနှင့် ရွှေသြရွှေဆိုင်မိသားစု မန္တလေးမြို့ | 1000000 |
| ၂ | ဓမ္မဓရ ဒေါက်တာအရှင်ကုမာရ ဓမ္မဓရပါဠိကျောင်းတိုက် ကန်တော်ကြီးပတ်လမ်း သံလျှက်မော်တောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 1000000 |
| ၃ | ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဖခင်ကြီး ဦးခင်မောင်-မိခင်ကြီး ဒေါ်သန်းခင်တို့အားရည်စူး၍ သား ဦးတင်ထွန်းအောင် (လ/ထညွှန်ကြားရေးမှူး-ငြိမ်း) အမှတ်(၂)ရပ်ကွက် မြို့မလမ်း ပခုက္ကူမြို့ (တတိယအကြိမ်) | 500000 |
| ၄ | ဦးထွန်းရွှေ-ဒေါ်အုန်းမြင့်တို့အား ရည်စူး၍ သမီး ဦးမောင်မောင်-ဒေါ်သန်းမြင့်၊ သား ဦးဝင်းမြင့်-ဒေါ်မိုးမိုးမိသားစု ဒေးဝန်းရပ် မန္တလေးမြို့ | 500000 |
| ၅ | ဦးချစ်ရွှေ-ဒေါ်ခင်ညိမိသားစု အောက်မင်္ဂလာဒုံ၊ ဒညင်းကုန်း၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့ | 322200 |
| ၆ | ဒေါ်ခင်ဝမ်း မိသားစုနှင့်အဖွဲ့ | 300000 |
| ၇ | ဦးထွန်းလင်း သမီး မချိုသက်စုဝေဆေးဆိုင်မိသားစု မန္တလေးမြို့ | 200000 |
| ၈ | ကွယ်လွန်သွားကြပြီဖြစ်သော နှစ်ဖက်မိဘများနှင့် ဆွေမျိုးသားချင်းများအား ရည်စူး၍ ဦးမြင့်ဦး-ဒေါ်တင်တင်ဝင်းမိသားစု မွေးနေ့အလှူ ရန်ကုန်မြို့ | 200000 |
| ၉ | ဦးအောင်ကျော်ညွန့်-ဒေါ်တင်တင်နွဲ့ မိသားစု ရေနံမရွာ အထက်မင်းလှမြို့နယ် | 200000 |
| ၁၀ | ဦးကျော်ဇော သမီး မသီရိလှိုင် မြေး မကျော့ရှင်းသန့် မိသားစု တောရကျောင်းလမ်း ကန်ရိုးရွာ တောင်ငူမြို့ | 200000 |
| ၁၁ | ဦးသိန်းတန်-ဒေါ်တင်တင်လှ သား မောင်စံသီဟ သမီး မဖြူစင်မိသားစု ရန်ကုန်မြို့ | 200000 |
| ၁၂ | နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးမျိုးညွန့်-ဒေါ်ယဉ်ယဉ်သန့်သား မောင်ထွန်းအောင်ကျော်၊ မောင်အောင်ကျော်မျိုး မိသားစု မြောက်ဒဂုံမြို့နယ် ရန်ကုန်မြို့ | 150000 |
| ၁၃ | ကွယ်လွန်သူ ဖခင် ဦးဘအင်း-မိခင် ဒေါ်ဖွားရှင် ညီအစ်မ မိသားစု(မြိတ်)အား ရည်စူး၍ ဆရာမဒေါ်တင်ရီ၊ ဦးလှတင် မောင်နမတစ်စု မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ | 150000 |
| ၁၄ | အထက်တန်းပြဆရာမ ဒေါ်ကြူကြူသန်းနှင့် ညီအစ်မများပွဲစားတန်းလမ်း ဈေးရပ် ရေစကြိုမြို့ | 110000 |
| ၁၅ | မရွှင်းလဲ့နေအောင် | 100000 |
| ၁၆ | မောင်ထူးနေအောင် | 100000 |
| ၁၇ | ဦးစိန်မောင်-ဒေါ်ကြည်သန်းတို့အား ရည်စူး၍ ဦးဝင်းမြင့် ရန်ကုန်မြို့ | 100000 |
| ၁၈ | ဦးသောင်ထွန်း-ဒေါ်မြခင်တို့အား ရည်စူး၍ ဦးဝင်းမြင့် ရန်ကုန်မြို့ | 100000 |
| ၁၉ | နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးဘထွန်း-ဒေါ်ကြည်မြင့်၊ ဦးဘစံ-ဒေါ်သန်းတို့အား ရည်စူး၍ ဒုတိယရဲမှူးကြီး ဦးမူ(ငြိမ်း)-ဒေါ်ပန်းရီ သားသမီးမြေးတစ်စု ရွှေဘိုမြို့ | 100000 |
| ၂၀ | မောင်ထွန်းထွန်းကျော်-မအေးမြမြထွန်း (ခေတ္တ-စင်ကာပူ) ဟိုက်ပတ်လမ်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ | 100000 |
| ၂၁ | ဦးတင်လှ-ဒေါ်သန်းသန်းဝေ မိသားစု ကန်ရိုးရွာ တောင်ငူမြို့ | 100000 |
| ၂၂ | ဦးအောင်သင်း-ဒေါ်ဖွားမြ သားသမီးမြေးတစ်စု မြောက်လည်ရွာ မလှိုင်မြို့နယ် | 100000 |
| ၂၃ | ကွယ်လွန်သူ ဦးကြည်မောင်အား ရည်စူး၍ ဒေါ်တင်တင်အေး ငွေဇင်လှိုင်းစတိုး မိသားစု ဆိုင်းတန်းရပ် မန္တလေးမြို့ | 100000 |
| ၂၄ | ဦးကျော်ဝင်းအား ရည်စူး၍ ဒေါ်ခင်ထူး မိသားစု သိမ်တော်အမှတ် (၅)ရပ်ကွက်၊ မြစ်ခြေမြို့ ပခုက္ကူမြို့နယ် | 100000 |
| ၂၅ | ဦးအောင်ငွေး-ဒေါ်ခင်ထပ် မိသားစု သိမ်တော်အမှတ် (၅)ရပ်ကွက် မြစ်ခြေမြို့ ပခုက္ကူမြို့နယ် | 100000 |
| ၂၆ | ဦးမောင်အေး-ဒေါ်မာမာငွေးတို့အား ရည်စူး၍ သမီးမထက်ရတီကျော် (Designer) ပတ္တမြားရပ် သံ/နှောက်၊ မဟာအောင်မြေမြို့နယ် မန္တလေးမြို့ | 100000 |
| ၂၇ | ဦးစိန်ဖေ-ဒေါ်ခင်ရီတို့အား အမှူးထား၍ သား ဦးဝင်းမြင့် (Sea Bird foam store) ၃၆ လမ်း၊ ၈၂+၈၃ လမ်းကြား မဟာအောင်မြေမြို့နယ် မန္တလေးမြို့ | 100000 |
| ၂၈ | ယက္ကန်းစင်တောင်ဆရာတော် ဘဒ္ဒန္တသြဘာသစသော ဆရာတော်တို့အား အမှူးထား၍ တပည့်ဒါယကာ ဒါယိကာမများ | 100000 |
| ၂၉ | ဒေါက်တာတင်ဝင်း-ဒေါ်အေးအေးမြင့် သမီး မဆုမြတ်သွယ်မိသားစု မြန်မာ့မီးရထား အင်းစိန်မြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၀ | ဦးကျော်ဝင်း-ဒေါ်စိန်ကြည်တို့အား အမှူးထား၍ သား မောင်မျိုးဝင်းကျော် ကျိုင်ခုံရပ် အမှတ် (၁)ရပ်ကွက် ကျိုင်းတုံမြို့ | 100000 |
| ၃၁ | ဦးမြမောင်-ဒေါ်ညွန့်ညွန့်ရီ မိသားစု (၄၃)ရပ်ကွက် မြောက်ဒဂုံမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၂ | ဒေါ်ခင်နှင်းအေး အေးသီတာလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ | 50000 |
| ၃၃ | ဦးကဝိသာရ လက်ပံကုန်းရွာ ပုတီးကုန်းမြို့ | 30000 |
| ၃၄ | ဦးအောင်ဝင်း-ဒေါ်သိန်းကြူ မိသားစု ပုတီးကုန်းမြို့ | 30000 |
| ၃၅ | ဒေါ်ကြင်ရီ သမီး မခိုင်ရည်ဦး ပင်ရွှေဦးပွဲရုံ မိသားစု ဥသျှစ်ပင်မြို့ | 20000 |
| ၃၆ | ဒေါ်ဝင်းမင်းသန်းဒေါ်ခင်ငွေးကြည် | 20000 |
| ၃၇ | ဦးသန်းအောင်-ဒေါ်သန်းငွေး မိသားစု မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ | 10000 |
| | | 6892200 |

## စစ်တက္ကသိုလ် အပတ်စဉ်(၁၃)
## နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ် (၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၃-၄-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၁၈း၀၀ နာရီတွင် WESTERN PARK RESTAURANT POLO CLUB, ၆ လွှာ (အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျနရစ်သူဇနီးများနှင့်မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၃-၄-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း(ငွေသော်တာ) (YCDC)၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**DSA 13 မှ သူငယ်ချင်းများ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရွှေဘိုခရိုင်တရားရုံး**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၇**

ကိုထွန်းထွန်းမင်း **နှင့်** ၁။ ဦးဇော်ခိုင်လတ်
၂။ ဒေါ်ခင်ဖြူကြွယ်

**တရားလို** **တရားပြိုင်များ**

ဒေါ်ခင်ဖြူကြွယ်၊ ကြက်ရှင်ရောင်းဝယ်ရေးနှင့် ကြက်စာကြက်ဆေး ရောင်းဝယ်ရေးလုပ်ငန်း၊ မင်္ဂလာသုခရပ်၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးထွန်းထွန်းမင်းမှ ကြက်စာ၊ ကြက်ဆေးဖိုးကျန်ငွေ ၁၃၂၈၇၀၇၃/-နှင့် ကြက်ရှင်ကျန်ဖိုးကျန်ငွေ ၅၂၂၆၈၄၃/-စုစုပေါင်း (၁၈၅၁၃၉၁၆/-)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂ရက် (၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖော်ခါး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၃၉၆)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးတင်အောင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးစိုးခိုင်(ဘ)ဦးစိန်ဖေ ၈/ရစက(နိုင်)၁၅၄၆၂၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၈၁၄)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဇော်မင်းနိုင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းညိမ်း(ဘ) ဦးမောင်ခင် ၈/ရစက(နိုင်)၀၅၄၅၃၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-III၊ကွက်ပြင်-၃၊ ဦးပိုင်အမှတ်(၁၃၈)၊ မြေယာအမှတ် (213/268)၊ မြေဧရိယာ ၁ဒသမ၆၀ ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စန်းဟွေလန် ၉/မနမ(နိုင်)၀၇၇၀၅၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ အကွက်အမှတ်(၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၆၂)၊ မြေယာအမှတ် (408/409)၊ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမာမက်အလီ ၉/မမန(နိုင်) ၀၂၄၈၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၇၇၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်ထွေး အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ရီရီသန်း(ဘ) ဦးကျော်ရင် ၁၃/လရန(နိုင်)၁၁၀၈၂၆မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၉၇၂)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်မြင့်ခင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးထွန်းထွန်းဦး(ဘ) ဦးစိန်ထွန်း ၁၂/စခန(နိုင်)၀၄၇၃၂၁ မှ ပျဉ်းမနားမြို့မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မှုရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၀၅၆)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးအောင်ညွှန့်ဝင်း အမည်ပေါက်ပါမစ်မြေကွက်အား ဦးထွန်းထွန်းဦး(ဘ) ဦးစိန်ထွန်း ၁၂/စခန(နိုင်)၀၄၇၃၂၁ မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မှုရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ


## နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် မေ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ယနေ့ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က တရုတ်- မြန်မာနှစ်နိုင်ငံသည် ယခင်ကတည်းက ပါတီ၊ အစိုးရ၊ ပြည်သူများနှင့် တပ်မတော်အချင်းချင်း ကျယ်ပြန့်သည့်ဆက်ဆံရေးရှိပြီး တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးသည် ပိုမိုရင်းနှီးကျယ်ပြန့်ကြောင်း၊ မြန်မာနိုင်ငံသည် ပြည်တွင်း ပြည်ပ ဖိအားများကို ရင်ဆိုင်ပြီး ခေါင်းဆောင်အသီးသီးက နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့မှုကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှုများကို တွေ့မြင်ရပြီး မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❍



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ တွေ့ဆုံ



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ (၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပု၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုတွေ့ဆုံပွဲသည်

*စာမျက်နှာ ၈ ကော်လံ ၃* ✤

# အိုလံပစ်အမျိုးသမီးဘောလုံး တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်သည့်အသင်းများအားလုံး ထွက်ပေါ်

**ရန်ကုန် မေ ၁၀**


၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရသည့် အသင်းများ အားလုံးစုံလင်စွာ ထွက်ပေါ်လာပြီ ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု သုံးခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စု (ဂ) ပွဲစဉ်များမှာ မေ ၁၀ ရက် မြန်မာစံတော်ချိန် နံနက်အစောပိုင်းမှသာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) မှ မြန်မာ၊ အုပ်စု (ခ) မှ ဗီယက်နမ်၊ အုပ်စု (ဂ) မှ တရုတ် (တိုင်ပေ) အသင်းတို့ တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (က) တွင် အိန္ဒိယနှင့် ခုနစ်မှတ်စီတူသော်လည်း ဂိုးကွာခြားချက်အသာရသောကြောင့် အုပ်စုပထမရခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၆* ◆

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း

ကြာသပတေး၊ မေ ၁၁၊ ၂၀၁၉


ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ တတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များ


**နိုင်လင်းကြည်**

**ဓာတ်ပုံ -**

**အောင်ဇော်မျိုး(နယ်စပ်ရေးရာ)**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မြစ်ကြီးနား)ရှိ ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

တောတောင်ထူထပ်ခြင်းနှင့် မြစ်ချောင်းများပေါများခြင်းတို့ကြောင့် နယ်စပ်ဒေသများသည် သွားလာရခက်ခဲခြင်း၊ နယ်မြေကျယ်ပြန့်၍ လူဦးရေသိပ်သည်းဆ နည်းပါးခြင်း၊ ဘာသာစကား ဓလေ့ထုံးစံများကွဲပြားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များနှင့် ကူးလူးဆက်သွယ်သွားလာရန်ခက်ခဲခြင်း စသော ဝိသေသများနှင့် တည်ရှိနေသည်။

ထိုသို့သော အကြောင်းခြင်းရာများကြောင့် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်ဟူသော မဟာဗျူဟာအရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**စီမံကိန်းများရေးဆွဲ**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အဓိက မူဝါဒ (၄)ရပ် ချမှတ်ပြီး နှစ်ရှည်၊ နှစ်လတ် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်။

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ဒေသလိုအပ်ချက်များကို ထောက်ပံ့ပေးခြင်း၊ နယ်စပ်ဒေသများ မီးလင်းရေးအတွက် လျှပ်စစ်မီး၊ ဆိုလာမီးနှင့် အင်ဂျင်မီး စီစဉ်ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသရှိ IDPs များ၊ အလင်းဝင်များနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

> **“ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့ရသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်ဟူသော မဟာဗျူဟာအရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်”**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းများကို အဓိကအားဖြင့် နယ်စပ်မျဉ်းနှင့် ထိစပ်နေသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းခြောက်ခုမှ မြို့နယ် ၁၆၇ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်တွင် မြေလမ်း ၆၀၈ မိုင်၊ ကျောက်လမ်း ၃၁၉ မိုင်၊ ကတ္တရာလမ်း ၄၃ မိုင်၊ ကွန်ကရစ်လမ်း သုံးမိုင်၊ ကွန်ကရစ်ရေကျော် သုံးစင်း၊ မြေထိန်းနံရံ ၁၉ ခု၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၁၅ မိုင်၊ တံတားအကြီး၊ အလတ်နှင့် အငယ် ၁၉၁ စင်း၊ Box Culvert ၁၈၃ စင်း၊ ရဟတ်ယာဉ်ကွင်း ၁၅ ကွင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၂၉ ကျောင်း၊ ဆေးရုံ တစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခု၊ ဆည် သုံးဆည်၊ စိုက်ပျိုးရေသွယ်ယူခြင်း သုံးမိုင်၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၃၀၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၉၉ မိုင်၊ အဝီစိတွင်း ၃၀၊ မြေသား ရေကန် ၁၃၈ ကန်၊ အုတ်ရေကန် ၈၄ ကန်၊ အုတ်စီရေတွင်း သုံးတွင်း၊ ရေတံလျှောက်နှင့် ဖိုင်ဘာရေတိုင်ကီအလုံး ၇၀၀၊ ရေအားလျှပ်စစ်လုပ်ငန်း ရှစ်ခု၊ လျှပ်စစ်မီး သွယ်တန်းခြင်း ၃၁ မိုင်၊ ဆိုလာမီးလင်းရေး ၁၇၃၅ စုံ၊ ထရန်စဖော်မာ နှစ်လုံး၊ တန်ဖိုးနည်းအိမ်ရာ ၃၃၁ လုံးနှင့် ဝန်ထမ်းအိမ်ရာ ၁၄ လုံးတို့ကို အစိုးရ၏ တတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

**အိပ်မက်လမ်း သို့မဟုတ်**

**မဂွေဇ - ခေါင်လန်ဖူးလမ်း**

ထို့ပြင် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသည်နှင့်အမျှ

***အချပ်ပို(ခ)သို့***

*အချုပ်ပိုင်(က)မှ*



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (လပွတ္တာ)၌ မော်တော်ယာဉ် စက်ပြင်သင်တန်းသားများ လက်တွေ့သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ဖွံ့ဖြိုးမှုများနောက်ကျသည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ မင်္ဂဇ - ခေါင်လန်ဖူးလမ်းကို ဖောက်လုပ်လျက်ရှိသည်။

မင်္ဂဇ - ခေါင်လန်ဖူး လမ်းသည် ဒေသခံတိုင်းရင်းသားများအတွက် အိပ်မက်လမ်းဟု တင်စားရမည်ဖြစ်သည်။ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း မြင့်မားမတ်စောက်သည့် တောင်တန်းများတည်ရှိရာ ခေါင်လန်ဖူးဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရအခက်အခဲဆုံးဒေသ ဖြစ်သည်။ ရာသီဥတုကြမ်းတမ်းသော်လည်း ရေမြေတောတောင် အလှအပများက သဘာဝအတိုင်း တည်ရှိနေသည်။

ယခင်က မင်္ဂဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင် ၄ ဖာလုံ ခရီးလမ်းသည် ရှန်ငေါ်တောင်တန်းကို ဖြတ်ကျော်ပြီး နှစ်ပတ်နီးပါး ခြေကျင်ခရီးသွားလာကြသည့်အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတုကြမ်းတမ်းမှုကြောင့် ဒေသခံတိုင်းရင်းသားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် ခရီးသွားရင်း လမ်းပေါ်၌ အသက်ဆုံးရှုံးခဲ့ရမှုများရှိခဲ့သည်။

စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလား၊ မြင်းများနှင့် အချိန်ကြာမြင့်စွာ သယ်ယူရသည့်အတွက် ကုန်ကျစရိတ်ကြီးမားပြီး ကုန်ဈေးနှုန်းမှာ အဆမတန် ဖြစ်ခဲ့ရသည့်အပြင် စားနပ်ရိက္ခာ မကြာခဏပြတ်တောက်မှုများ ကြုံတွေ့ရသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် စားနပ်ရိက္ခာများ နှစ်စဉ်ထောက်ပံ့ပေးနေရသည့် ဒေသလည်း ဖြစ်သည်။

## ရာသီမရွေးလမ်း

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ စားဝတ်နေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ လမ်းညွှန်မှုနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းနှင့် ရဝမ်ဌာနေပြည်သူ့စစ်တို့ ပူးပေါင်းပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ လေးနှစ် စီမံကိန်းနှင့် မင်္ဂဇ - ခေါင်လန်ဖူးလမ်း (၆၅ မိုင် ၄ ဖာလုံ)ကို ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အခက်အခဲပေါင်းများစွာရှိခဲ့ရာ လုပ်ငန်းစတင်ရန် ကွင်းဆင်းတိုင်းတာစဉ်ကပင် ဆိုးရွားသည့် ရာသီဥတုဒဏ်၊ ခက်ခဲသည့် လမ်းပန်းဆက်သွယ်ရေးနှင့် ကြမ်းတမ်းသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်။

မြစ်ကြီးနား - ပူတာအို - မင်္ဂဇလမ်းတစ်လျှောက် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်/ယာဉ်/ယန္တရားပစ္စည်းများ၊ ရိက္ခာများ သယ်ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် လုံခြုံရေးကန့်သတ်ချက်များကို ကြုံတွေ့ခဲ့ရသည်။ ခေါင်လန်ဖူးဒေသသည် တစ်နှစ်ပတ်လုံး မိုးရွာသွန်းပြီး ဆောင်းတွင်းတွင် ရေခဲသည်အထိ အအေးလွန်ကဲသည့်အတွက် လုပ်ငန်းဆောင်ရွက်နိုင်ချိန် နည်းပါးခြင်း၊ တောင်ကျချောင်းများနှင့် မတ်စောက်သော ချောက်ကမ်းပါးများ ပေါများခြင်း၊ မာကျောသည့် ကျောက်ဆောင်များကို မိုင်းခွဲရှင်းလင်းဖောက်လုပ်ရခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ချိန် ပိုမိုလိုအပ်ခြင်း၊ လုပ်ငန်းခွင်အန္တရာယ်များပြားခြင်း၊ လုပ်ငန်းခွင်စားနပ်ရိက္ခာရှားပါးခြင်း စသည့် အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားကာ ကြိုးစားဖောက်လုပ်ခဲ့ရသည့် လမ်းတစ်လမ်းဖြစ်ပြီး ကျောက်တောင်များစွာကို မိုင်းအဆင့်ဆင့်ခွဲ၊ ယန္တရားမျိုးစုံ အသုံးပြုဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ယမ်းနှင့် စက်သုံးဆီများကို ရာသီဥတု ကန့်သတ်ချက်၊ လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များအရ ရဟတ်ယာဉ်ဖြင့် အခက်အခဲများကြားမှ တပ်မတော်နှင့် ရဝမ်ဌာနေ ပြည်သူ့စစ်တို့၏ ပူးပေါင်းကူညီမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုရလဒ်အဖြစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် မင်္ဂဇ - ခေါင်လန်ဖူး လမ်းလုပ်ငန်းစီမံကိန်း၏ မင်္ဂဇ - ဆန်းလွတ်ချက် တောင်ထိပ် (၃၃/၆)မိုင် လမ်းပိုင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်တက်ရောက်ပြီး ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာန၏ အောင်မြင်မှုတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ကျန်ရှိနေသည့် မြေသားလမ်း မိုင်(၃၀) (၄)ဖာလုံ၊ ကျောက်လမ်း မိုင်(၄၀) (၄) ဖာလုံ၊ တံတား ၁၅ စင်း၊ Box Culvert ၁၉၁ စင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မေခမြစ်ကူးဖောင်တစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကားလမ်း ၅၂ မိုင်နှင့် ဆိုင်ကယ်လမ်း ၁၃ မိုင် ၄ ဖာလုံ ပြီးစီးပါက ကားလမ်းတစ်ဝက် ဆိုင်ကယ်လမ်း တစ်ပိုင်းဖြင့် မင်္ဂဇ - ခေါင်လန်ဖူးလမ်းကို နွေချင်းပြန်သွားလာနိုင်မည် ဖြစ်သည်။ ဆန်းလွတ်ချက်မှ ရှိဒမ်းအထိ ၁၀ မိုင် ၂ ဖာလုံကို ဆက်လက်ဖောက်လုပ်နေပြီး မကြာမီ မေခမြစ်အထိ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (တီးတိန်) ၌ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

အလားတူ မေခမြစ်တစ်ဖက်ကမ်း ရှိဒမ်းမှ ခေါင်လန်ဖူးအထိ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများနှင့် စက်သုံးဆီများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပူတာအိုမှ ခေါင်လန်ဖူးသို့ ပို့ဆောင်ပေးပြီး ဆက်လက်ဖောက်လုပ်လျက်ရှိသည်။

## ရေခဲတောင်တန်းများ

ထို့ပြင် လမ်းပန်းဆက်သွယ်မှု အခက်ခဲဆုံး ဒေသတွင်ပါဝင်သည့် ပန်နန်းဒင်မြို့သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးမြို့ဖြစ်ပြီး ယခင်က မြို့နယ်ခွဲရုံးစိုက်ရာမြို့ဖြစ်သည့်အပြင် ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲများ အလွန်ပေါကြွယ်ဝသည်။

ခါကာဘိုရာဇီတောင်အပါအဝင် ရေခဲတောင်တန်းများသည် တစ်နှစ်ပတ်လုံး ရေခဲနေပြီး ထူးခြားသောဂေဟစနစ်များရှိသည့် ဒေသဖြစ်သည်။ နောင်မွန်မြို့နယ် ပန်နန်းဒင် အပါအဝင် ငါဝါ၊ ဂဝိုင်၊ ဒုံဇုံ၊ တဆူထု၊ တလာထု၊ ခရောင်နှင့် ဒဟွမ်ဒမ်း ကျေးရွာများသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နယ်မြေအတွင်းပါဝင်၍ အစွန်အဖျားဒေသများဖြစ်သည်နှင့်အညီ ခြေကျင်လမ်းသာရှိပြီး ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျနေသည့် ဒေသများဖြစ်သည်။

## သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် ပန်နန်းဒင် - ငါဝါ - ဂဝိုင် - ဒုံဇုံ - တဆူထု - တလာထု - ခရောင် - ဒဟွမ်ဒမ်းလမ်း ၆၃ မိုင်ကို ယခုဘဏ္ဍာနှစ်မှစတင်ကာ မြေသားလမ်း စတင်ဖောက်လုပ်နေပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း တိုးတက်လာမည်ဖြစ်သည်။

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ရေရရှိရေးစီမံကိန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထူးထူးခြားခြား ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ပန်ပက်ကျေးရွာအုပ်စု လွိုကထိကျေးရွာအနီး ပေ ၁၀၀ အနက်ရှိ မြေအောက်ဂူ ရေထွက်မှ ရေစုပ်ပန့်များနှင့် Ground Tank သို့ ရေစုပ်တင်ကာ တောင်အမြင့်တွင်ရှိသော ရေစုကန်များသို့ တွန်းတင်သည့် စနစ်နှင့် ရေတင်ပြီး ၎င်းမှတစ်ဆင့် Gravity System ဖြင့် ကျေးရွာပေါင်း ခုနစ်ရွာသို့ သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

## အကျိုးရှိသည့်ရလဒ်

ဒုတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် တောင်ထိပ်များသို့ ထပ်မံရေတင်ပြီး ကျေးရွာငါးရွာသို့ ဆက်လက်ဖြန့်ဖြူးပေးကာ တတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် တောင်ထိပ်များသို့ ထပ်မံရေတင်ပြီး ကျေးရွာ ငါးရွာကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိရာ ဧရိယာ စတုရန်းမိုင် ၅၀ အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာသို့ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေများကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

ရေရရှိရေးစီမံကိန်းအတွက် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပင်မရေပိုက်လိုင်းနှင့် ရေဖြန့်ဝေပိုက်လိုင်း ၁၃ မိုင် ၅ ဖာလုံသွယ်တန်းခြင်း၊ ရေကန် ၃၈ လုံး တည်ဆောက်ခြင်း၊ ရေစုပ်ပန့်၊ ရေတင်ပန့်၊ ရေစက်ရုံနှင့် ရေတားတမံများ တည်ဆောက်ခြင်း၊ ၁၀၀ KVA ထရန်စဖော်မာနှင့် ၅၀ KVA ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံများအတွက် ထိရောက်ကောင်းမွန် အကျိုးရှိသည့် ရလဒ်တစ်ခု ဖြစ်သည်။

## ပူးပေါင်းဆောင်ရွက်

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း နှစ်ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၁၁ ခုရှိပြီး ယင်းစီမံကိန်းများအနက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း (Education for Peace and Development-EPD)ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာအဖွဲ့)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းကို ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ၂၀၀၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်လိုက် ပထမအဆင့် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ စာသင်ကျောင်း ၁၀၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၁၀ ကျောင်း ပြုပြင်ခြင်း၊ ဒုတိယအဆင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ စာသင်ကျောင်း ၁၀၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၃၂ ကျောင်းပြုပြင်ခြင်း၊ တတိယအဆင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ စာသင်ကျောင်း ၁၀၀ ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်း ၅၀ ပြုပြင်ခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်အထိ စာသင်ကျောင်း ၃၀၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၉၂ ကျောင်း ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

*အချုပ်ပိုင်(ဂ)သို့*

*အချပ်ပို(ခ)မှ*

စီမံကိန်း စတုတ္ထအဆင့်အဖြစ် ၂၀၁၈ ခုနှစ်-၂၀၂၃ ခုနှစ်အထိ ငါးနှစ်ကာလတွင် စာသင်ကျောင်း ၁၂၀ တည်ဆောက်ခြင်းနှင့် စာသင်ကျောင်း ၅၀ ပြုပြင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းအပြင် ကယားပြည်နယ် ခုနစ်မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

စီမံကိန်း၏ ပထမနှစ်အတွက် စာသင်ကျောင်း ၂၂ ကျောင်း ဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်း ၁၀ ကျောင်း ပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ၂၀၀၂ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စာသင်ကျောင်း ၃၁၀ တည်ဆောက်ခြင်းနှင့် ၁၀၂ ကျောင်း ပြုပြင်ခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်းအရ စာသင်ကျောင်းများကို တည်ဆောက်/ပြုပြင်ပေးခဲ့သည့်အတွက် ကျောင်းဆောင်သစ်များ တိုးပွားလာခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ခြင်း၊ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခဲ့သည်။

**ဆက်သွယ်ကူးလူးနိုင်**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်မြေဒေသ အခြေအနေအရ ဝေးလံခေါင်ဖျားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ တစ်ရွာနှင့် တစ်ရွာ၊ ဒေသတစ်ခုနှင့်တစ်ခု အဆက်အသွယ်ပြတ်ပြီး ကူးလူးဆက်ဆံမှု ခက်ခဲနေခြင်းကို ကုစားပေးရန်၊ ဖြည့်ဆည်းပေးရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အားဖြည့်ပေးရန် စသည့် ရည်ရွယ်ချက်များနှင့်အညီ လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများကို ရှေ့ပြေးသဘော ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။ Commercial Road နှင့် Commercial Bridge ဆိုသည့် အနေအထားထက် ဝေးလံခေါင်းပါးဒေသအတွင်း ကျေးရွာအချင်းချင်း ဆက်သွယ်ကူးလူးနိုင်ရန် ဦးစားပေးဆောင်ရွက်ခြင်း ဖြစ်သည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဂူ-နောင်ဝိုးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။



မင်္ဂလာ-ခေါင်လန်ဖူးလမ်းကို ခေါင်လန်ဖူးဘက်ခြမ်းမှ ဖောက်လုပ်ရန်အတွက် စက်ယန္တရားများ ရောက်ရှိစဉ်။

ဝန်ကြီးဌာနက ဖောက်လုပ်ပေးနေသည့် လမ်းနှင့် တံတားများသည် အခြားဝန်ကြီးဌာနက ဖောက်လုပ်ပေးသည့် လမ်း၊ တံတားများနှင့် အမျိုးအစား၊ အရည်အသွေး၊ ခံနိုင်ဝန်၊ တန်ဖိုးငွေ၊ ရည်ရွယ်ချက်ကွာခြားမှုရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများကို ရှေ့ပြေးဆောင်ရွက်ခဲ့ပြီးနောက် ဒေသလူထုအတွက်၊ နိုင်ငံတော်အတွက် ရေရှည်အကျိုးကျေးဇူးရရှိနိုင်မှု အပေါ်မူတည်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးအရ နိုင်ငံတကာအဆင့်နှင့် အရည်အသွေးမီသော လမ်း၊ တံတားများကို သက်ဆိုင်ရာဝန်ကြီးဌာနများက Commercial Road နှင့် Commercial Bridge များအဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

နယ်မြေဒေသ အခြေအနေအရ ဝေးလံခေါင်ဖျားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်စပ်ဒေသများတွင် အကောင်အထည်ဖော်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် သတ်မှတ်ချိန်အမီပြီးစီးရေးကို အလေးထားပြီး တွန်းအားပေးဆောင်ရွက်ရခြင်းဖြစ်၍ တစ်ခါတစ်ရံတွင် နယ်မြေဒေသလုံခြုံရေး အခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများလည်းရှိပြီး နယ်စပ်ဒေသများဖြစ်သည်နှင့်အညီ တည်ဆောက်ရေးပစ္စည်းများ ဈေးနှုန်းများကြီးမြင့်ပြီး အခက်အခဲများ ကြုံတွေ့ရသည်။

သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် တွေ့ကြုံရသည့် အမျိုးမျိုးသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**လူ့စွမ်းအားအရင်းအမြစ်**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်လူရွယ်များအတွက် အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက် (၂)ရပ်ဖြင့် ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို စတင်ဖွင့်လှစ်ခဲ့သည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ရုံးချုပ်၊ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ကိုးရုံး၊ ခရိုင်ရုံးကိုးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၅၀ ဖြင့် ဖွဲ့စည်းထားရှိပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် သက်မွေးပညာ ကဏ္ဍ (၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုးချဲ့ဖွင့်လှစ်**

အခြေခံပညာကဏ္ဍတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ထားပြီး ဆိုက်ခေါင်သင်တန်းကျောင်း တစ်ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ သင်တန်းကျောင်းများတွင် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသည့် နယ်စပ်ဒေသမှ မိဘမဲ့၊ မိမဲ့၊ ဖမဲ့ ဆင်းရဲနွမ်းပါး လူငယ်များကို ပဥ္စမတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ နေထိုင်စားသောက်ရေးနှင့် ပညာသင်ကြားရေးများကို အခမဲ့တက်ရောက် သင်ကြားစေခဲ့သည်။ ယင်းသင်တန်းကျောင်းများမှ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၂၉၄၇၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၂၃၆၇ ဦးကို တက္ကသိုလ် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၆၆၇၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

**အဆင့်မြင့်ပညာကဏ္ဍ**

အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တစ်ကျောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် နှစ်ကျောင်းနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကို နယ်စပ်ဒေသများတွင်ရှိသည့် အခြေခံပညာကျောင်းများမှာ လူမျိုးတူ၊ ဘာသာစကားတူသည့် တိုင်းရင်းသား ပညာရေးဝန်ထမ်းကောင်းများ ဖြည့်တင်းပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး B.Ed ပညာရေးဘွဲ့အပ်နှင်း၍ အရည်အချင်းပြည့်မီသူများကို မဟာပညာရေးဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ဆက်လက်တက်ရောက်သင်ကြားစေလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ ယနေ့အထိ ၁၃၃၀၄ ဦးကို မွေးထုတ်ပေးခဲ့ပြီး တတိယ (၁)နှစ်တာ ကာလအတွင်း ပညာရေးဘွဲ့ ၁၆၅ ဦးနှင့် မဟာပညာရေးဘွဲ့ ၁၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူများကို ပညာရေးဝန်ကြီးဌာနတွင် အထက်တန်းပြရာထူးဖြင့် ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်ပေးပြီး တိုင်းရင်းသားလူမျိုးအလိုက် မိမိတို့၏ သက်ဆိုင်ရာဒေသများတွင် တာဝန်ပြန်လည်ထမ်းဆောင်စေလျက်ရှိသည်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း ပထမနှစ်မှ ပဉ္စမနှစ်အထိ ၁၆၂၉ ဦး၊ မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်းတွင် ၂၅ ဦး စုစုပေါင်း ၁၆၅၄ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

*အချပ်ပို(ဃ)သို့*

*အချပ်ပို(ဂ)မှ*

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်နှင့် စစ်ကိုင်းကို နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များ ဘွဲ့ရပညာတတ်များ ဖြစ်လာပြီး မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆင်းကျောင်းသားများကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင်ဒီပလိုမာနှင့် အင်ဂျင်နီယာနည်းပညာဘွဲ့များ ပေးအပ်ချီးမြှင့်ပြီး အလုပ်ပါ တစ်ပါတည်း ခန့်အပ်ပေးကြောင်း သိရသည်။ ယနေ့အထိ ဝန်ကြီးဌာန ၁၅ ခုနှင့် တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ၎င်းတို့၏ သက်ဆိုင်ရာဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ယနေ့အထိ သင်တန်းဆင်း ကျောင်းသားဦးရေ ၃၈၇၀ ကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

ကျောင်းဆင်း ကျောင်းသားများအနက် အရည်အချင်းပြည့်မီသူများကို ပါရဂူဘွဲ့၊ မဟာဘွဲ့များကို ဆက်လက်တက်ရောက်သင်ယူစေခဲ့ပြီး ယနေ့အထိ ပါရဂူဘွဲ့ ၃၂ ဦး၊ မဟာသုတေသနဘွဲ့ ၆၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၆၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၇၇ ဦး၊ မဟာအင်ဂျင် နီယာဘွဲ့ ၅၇ ဦး၊ အင်ဂျင်နီယာဘွဲ့ ၁၉၉ ဦး စုစုပေါင်း ၆၀၁ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနသည် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရန်အတွက် ဗဟိုလေ့ကျင့်ရေးကျောင်းကို ရန်ကုန်မြို့ မြောက်ဒဂုံတွင် ဖွင့်လှစ်ထားပြီး ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း၊ အဆင့်မြင့်စက်ချုပ် နည်းပြသင်တန်းနှင့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများအပြင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ဝန်ထမ်းများကို သင်ကြားပေးလျက်ရှိသည်။

**လေ့ကျင့်သင်ကြား**

ယနေ့အထိ သင်တန်းသား သင်တန်းသူ ၁၄၇၄၀ ကို လေ့ကျင့်ပေးနိုင်ခဲ့ပြီး တတိယ တစ်နှစ်တာ ကာလအတွင်း သင်တန်းရှစ်မျိုးကို နှစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၇၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(တီးတိန်)၌ သင်တန်းသားများအား တွေ့ဆုံအားပေးစဉ်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို စက်မှုလက်မှု ပညာရပ်များ တတ်မြောက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်းဖြင့် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်လျက် ဝန်ကြီးဌာနက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း ကိုးကျောင်း ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသင်တန်းကျောင်းများတွင် လက်ကိုင်ဖုန်းနှင့် ဆိုင်ကယ် ပြုပြင်နည်း၊ အခြေခံ စက်ပြင်၊ မော်တော်ယာဉ်စက်ပြင်၊ ဆောက်လုပ်ရေးအခြေခံ၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ လျှပ်စစ်၊ စတီး၊ အလူမီနီယံဂဟေဆက်သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၅၁၅၉ ဦးကို မွေးထုတ်ပေးခဲ့သည်။ တတိယ(၁)နှစ်တာ ကာလအတွင်း ခြောက်လသင်တန်း နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပြီး သင်တန်းသား ၇၁၁ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် တိုင်းရင်းသူအမျိုးသမီးငယ်များကို အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ထားပြီး အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေးစက်ဆွဲ၊ ရိုးရာဂျပ်ခုတ်နှင့် ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းများ သင်ကြားပေးလျက်ရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

ထူးခြားသည့် ဆောင်ရွက်ပေးနိုင်ခဲ့မှုမှာ ပခုက္ကူနှင့် ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်းသင်တန်းအဖြစ် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး National Skill Standard Authority (NSSA) လက်မှတ်ရ သင်တန်းသား၊ သင်တန်းသူ ၄၅၀ ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည်။

သင်တန်းဆင်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပုဂံ၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ ရန်ကုန်၊ ငွေဆောင်၊ ချောင်းသာနှင့် အခြားမြို့နယ်များရှိ ဟိုတယ်များတွင် စုစုပေါင်း ၃၈၇ ဦးကို အလုပ်ခန့်အပ်ပေးနိုင်ခဲ့သည်။

တတိယ (၁)နှစ်တာကာလအတွင်း အိမ်တွင်းမှု သင်တန်းကျောင်း ၄၅ ကျောင်းတွင် သင်တန်းသား သင်တန်းသူ ၆၀၁၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဦးစီးဌာနအနေဖြင့် အခြေခံ၊ အဆင့်မြင့်ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရုံ သာမက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

၁၉၉၂ ခုနှစ်မှ ယနေ့အထိ အိမ်တွင်းမှု သက်မွေး ပညာသင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ၈၆၅၆၀ လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။



နယ်စပ်ဒေသမှ တိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် မဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

ထို့အတူ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ ပေါင်းစပ်ညှိနှိုင်းပြီး အိမ်တွင်းမှုသင်တန်းကျောင်းများမှ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသည့် တိုင်းရင်းသူများ ကို ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် အထည်ချုပ်စက်ရုံသုံး ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းများကို သင်ကြားပေးခဲ့သည်။

ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၁၈ ရုံတွင် သင်တန်းဆင်း အမျိုးသမီးငယ် ၁၁၃၂ ဦး အလုပ်အကိုင်များ ရရှိလုပ်ကိုင်နေကြပြီဖြစ်သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းပြီး သင်တန်းသား၊ သင်တန်းသူ ၁၃၃၀၄ ဦးကို ပညာရေးဝန်ကြီးဌာနတွင် အထက်တန်းပြ ဆရာ၊ ဆရာမများအဖြစ် အလုပ်ခန့်အပ်ပေးခဲ့သည်။ ဒီဂရီကောလိပ် ရန်ကုန်နှင့် စစ်ကိုင်း ကျောင်းဆင်းဦးရေ ၃၈၇၀ ကို ဝန်ကြီးဌာန ၁၅ ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် အလုပ်ခန့်အပ် တာဝန်ပေးနိုင်ခဲ့သည်။

စက်မှု၊ လက်မှု ပညာသင်တန်းကျောင်း ကိုးကျောင်းတွင် အောင်မြင်ပြီးသူ ၁၃၇၈ ဦးတို့သည် ဆောက်လုပ်ရေးကုမ္ပဏီများ၊ ကားဆားဗစ်စင်တာများ၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်များ၊ ဂဟေအလုပ်ရုံများနှင့် ပြင်ပလျှပ်စစ်မီးသွယ်တန်းရေးအဖွဲ့များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။

စစ်တမ်းကောက်ယူမှုအရ အိမ်တွင်းမှုသင်တန်း အောင်မြင်ပြီးသူ ၂၁၉၅၅ ဦးတို့သည် ၎င်းတို့ တတ်မြောက်ထားသည့် ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည်။ အိမ်တွင်းမှုသင်တန်းကျောင်းများမှ အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသူများကို ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းတက်ရောက်ပြီး အောင်မြင်ပြီးသူ ၂၅၄၄ ဦးကို အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အလုပ်သမားအသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၂၉ ရုံတွင် အလုပ်ခန့်အပ်ပေးနိုင်ခဲ့သည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက နယ်စပ်ဒေသနေ ပြည်သူများ လူ့စွမ်းအား အရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။